# " ကမ္ဘာ့ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အဓိကလုပ်ငန်း ယန္တရားများ (၂၀၀၂) "
# လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ချက်များ

**The United Nations Thematic Mechanisms 2002**
**An overview of their work and mandates**

International Secretariat, 1 Easton Street, London, WC1X 0DW, United Kingdom

The Law Society, 113 Chancery Lane, London, WC2A 1PL, United Kingdom

<u>စာအုပ်မှတ်တမ်း</u>

**စာအုပ်အမည်**
“ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အဓိကလုပ်ငန်း ယန္တရားများ (၂၀၀၂)”
လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ချက်များ

**ထုတ်ဝေသည့်နှစ်**
ဇွန်လ၊ ၂၀၀၈

**စောင်ရေ**
၁၀၀၀

**ထုတ်ဝေဖြန့်ချိ**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)
(AAPP)
PO Box 93, Mae Sot, Tak Province 63110, Thailand

**မျက်နှာဖုံးနှင့် အတွင်းအပြင်အဆင်**
မိုးကျော် (ရော၀တီ)

**မျက်နှာဖုံးပန်းချီ**
ဟန်လေး

**ဘာသာပြန်**
အောင်ခိုင်မင်း (ခ) အောင်ကျော်

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ငွေကြေးအရ အမေရိကန်နိုင်ငံအခြေစိုက် အမျိုးသား ဒီမိုကရေစီ ပံ့ပိုးကူညီရေးအဖွဲ့ (National Endowment for Democracy) မှ ပံ့ပိုးကူညီသည်။

The National Endowment for Democracy
*Supporting freedom around the world*

# The United Nations Thematic Mechanisms 2002

## An overview of their work and mandates

# မာတိကာ


**အမှာစကား** ၁

**နိဒါန်းရဲ့ နိဒါန်း** ၂

**နိဒါန်း** ၉

**အခန်း (၁)**
**အမှုတစုချင်းစီအပေါ် လုပ်ငန်းစနစ်ယန္တရားများ၏ ကိုင်တွယ်ဖြေရှင်းပုံအား အကျဉ်းချုံးသုံးသပ်ချက်** ၂၁

- ❖ တရားလက်လွတ် (သို့) အတင်းအဓမ္မဖန်တီးသောအခြေအနေကြောင့် ပျောက်ဆုံးသွားမှုများအတွက် အလုပ်အဖွဲ့ ၂၁
- ❖ တရားဝင်ရုံးမတင်တဲ့အမှုများ၊ အကျဉ်းရုံး (သို့) ဥပဒေမဲ့ ကွပ်မျက်မှုများဆိုင်ရာ အထူးကိုယ်စားလှယ် ၂၅
- ❖ နှိပ်စက်ညှဉ်းပမ်းမှုဆိုင်ရာအထူးကိုယ်စားလှယ် ၂၉
- ❖ ဘာသာရေးလွတ်လပ်ခွင့်နဲ့ ယုံကြည်မှုလွတ်လပ်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ် ၃၃
- ❖ ကလေးသူငယ်များအားရောင်းချခြင်း၊ ကလေးပြည့်တန်ဆာနဲ့ ကလေး ညစ်ညမ်း ဓါတ်ပုံ၊ စာပေ၊ ဗီဒီယို၊ ရုပ်ရှင် ဆိုင်ရာကိစ္စများအတွက် အထူးကိုယ်စားလှယ် ၃၆
- ❖ မတရားသဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ ၄၀
- ❖ လူမျိုးရေးဝါဒ၊ လူမျိုးရေးအရခွဲခြားဆက်ဆံခြင်း၊ တိုင်းတပါးသားမုန်းတီးမှု ခွဲခြားဆက်ဆံမပြုလက်ရှိပုံစံများနဲ့ နောက်ဆက်တွဲတင်းမာမှုများဆိုင်ရာ အထူးကိုယ်စားလှယ် ၄၅
- ❖ လွတ်လပ်စွာထင်မြင်ယူဆခွင့်နဲ့ လွတ်လပ်စွာဖွင့်ဟထုတ်ဖော်မှုတို့ကို မြှင့်တင်ကာကွယ်ပေးရေးဆိုင်ရာ အထူးကိုယ်စားလှယ် ၄၆
- ❖ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု၊ အကြမ်းဖက်ရခြင်း အကြောင်းရင်းများနဲ့ နောက်ဆက်တွဲကိစ္စများဆိုင်ရာ အထူးကိုယ်စားလှယ် ၅၁
- ❖ ရှေ့နေတွေ၊ တရားသူကြီးတွေရဲ့ လွတ်လပ်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ် ၅၅
- ❖ လူ့အခွင့်အရေးကို အပြည့်အဝအသုံးချပြီး အဆိပ်သင့်ပစ္စည်းတွေ၊ အန္တရာယ်ရှိတဲ့ပစ္စည်းတွေနဲ့ စွန့်ပစ်ပစ္စည်းတွေ စွန့်ပစ်မှုနဲ့ တရားမဝင်လုပ်ဆောင်မှုများရဲ့ ဆိုးရွားတဲ့ အကျိုးသက်ရောက်မှုများဆိုင်ရာ အထူးကိုယ်စားလှယ် ၅၈
- ❖ ပညာသင်ကြားခွင့် ဆိုင်ရာအထူးကိုယ်စားလှယ် ၆၀
- ❖ ရွှေ့ပြောင်းအခြေချနေထိုင်သူများရဲ့လူ့အခွင့်အရေးများဆိုင်ရာ အထူးကိုယ်စားလှယ် ၆၂

❖ ပြည့်စုံလုံလောက်တဲ့ နေထိုင်မှုအဆင့်အတန်းဆိုင်ရာ အခွင့်အရေးရဲ့ အချက်တချက်ဖြစ်တဲ့
ပြည့်စုံလုံလောက်တဲ့ နေရာထိုင်ခင်းရရှိခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ် ၆၅

❖ အစားအသောက် ရရှိပိုင်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ် ၆၇

❖ လူ့အခွင့်အရေးကာကွယ်သူများအတွက် အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် ၇၀

❖ ဒေသခံလူမျိုးစုတွေရဲ့ အခြေခံလွတ်လပ်ခွင့်တွေနဲ့ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ် ၇၄

**အခန်း (၂)**
**အမှုတခုချင်းစီကို ကိုင်တွယ်ခြင်းမရှိတဲ့ အဓိကလုပ်ငန်း စနစ်ယန္တရားများအပေါ် အကျဉ်းချုံးသုံးသပ်ချက်** **၇၇**

❖ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်အရ လူမျိုးစုအခွင့်အရေး အသုံးချခြင်းကို စွက်ဖက်ခြင်းဟန့်တားခြင်းနဲ့
လူ့အခွင့်အရေးချိုးဖောက်တဲ့ နည်းလမ်းတခုအဖြစ် ကြေးစားစစ်သားများ အသုံးပြုမှုဆိုင်ရာ အထူးကိုယ်စားလှယ် ၇၇

❖ ဒေသတွင်း အတင်းအကျပ်နေရာရွှေ့ပြောင်းခံရသူများဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့အထူးကိုယ်စားလှယ် ၇၉

❖ ကလေးသူငယ်များနဲ့ လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့အထူးကိုယ်စားလှယ် ၈၁

❖ အလွန်အမင်းဆင်းရဲမွဲတေမှုနဲ့ လူ့အခွင့်အရေးဆိုင်ရာ သီးခြားလွတ်လပ်တဲ့ ကျွမ်းကျင်သူ ၈၃

❖ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးဆိုင်ရာ သီးခြားလွတ်လပ်တဲ့ ကျွမ်းကျင်သူ ၈၅

❖ ပြည်ပကြွေးမြီနဲ့ မူဝါဒညှိနှိုင်းပြောင်းလဲစေရေး သက်ရောက်မှုဆိုင်ရာ သီးခြားလွတ်လပ်တဲ့ ကျွမ်းကျင်သူ ၈၇

**အခန်း (၃)**
**လုပ်ပိုင်ခွင့်အသစ်** **၈၉**

❖ အမြင့်ဆုံးရရှိနိုင်တဲ့ စိတ်ပိုင်းနဲ့ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးအဆင့်အတန်းကို
လူတိုင်းအပြည့်အဝ အသုံးချနိုင်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ် ၈၉

## အမှာစကား

ဒီစာအုပ်ကို ရေးသားပြုစုရာမှာ မြန်မာနိုင်ငံသားများ နေ့စဉ်နဲ့အမျှ၊ အချိန်နဲ့အမျှ လူ့အခွင့်အရေး ချိုးဖောက်ခံနေရမှုတွေကို တစုံတရာ ကာကွယ်နိုင်ရန်အတွက် ရည်ရွယ်၍ ထုတ်ဝေရခြင်းဖြစ်ပါတယ်။ ဒီလို ကြုံတွေ့နေရတဲ့ လူ့အခွင့်အရေးချိုးဖောက်ခံနေမှုတွေကို ကာကွယ်ဖို့ရန်မှာ ချိုးဖောက်ခံရသူ၊ ချိုးဖောက်သူ၊ ဘယ်လိုချိုးဖောက် ခဲ့သလဲ စသဖြင့် အချက်အလက်များခိုင်လုံစေဖို့ရန်မှာ အလွန်အရေးကြီးလှပါတယ်။ ဒါမှသာ ကိုယ်ဟာ ဘယ်လိုအခွင့်အရေးတွေ ချိုးဖောက်ခံနေရသလဲ။ စစ်တမ်းများကို ဘယ်လိုကောက်ယူမလဲ။ ဘယ်သူ့ကို တိုင်ကြားရမလဲ။ ဘယ်လိုအရေးယူမှုတွေ လုပ်ပေးနိုင်သလဲ စတာတွေကို အသေးစိတ်သိရှိဖို့ရန်လည်း လိုအပ်လှပါတယ်။

ဒါကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုတွေကို အရေးယူဆောင်ရွက်ရာမှာ နိုင်ငံတကာရဲ့ စံချိန်စံညွှန်းများ၊ လူ့အခွင့်အရေးကော်မရှင်နဲ့ လူ့အခွင့်အရေးကောင်စီအကြောင်း၊ သူတို့ရဲ့ ယန္တရားတွေကဘာတွေလဲ၊ သူတို့ရဲ့လုပ်ပိုင်ခွင့်ကဘာတွေလဲ၊ သူတို့ ဘာတွေဆောင်ရွက်နေသလဲ ဆိုတာတွေကို သိရှိနိုင်ဖို့အတွက် လန်ဒန်အခြေစိုက် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး (Amnesty International) နဲ့ (The Law Society) အင်္ဂလန်နဲ့ဝေးလ် ဥပဒေရေးရာအဖွဲ့ကြီးတို့ ၂၀၀၂ ခုနှစ်က ပူးတွဲထုတ်ဝေခဲ့တဲ့ The United Nations 'Thematic Mechanisms 2002' An overview of their work and mandates ဆိုတဲ့ စာအုပ်ကို ‘ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အဓိကလုပ်ငန်း ယန္တရားများ (၂၀၀၂)’ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ချက်များ အမည်နဲ့ ဘာသာပြန်ဆိုလိုက်တာဖြစ်ပါတယ်။

ဘာသာပြန်ရာမှာ အတတ်နိုင်ဆုံး အနီးစပ်ဆုံးနဲ့ နားအလည်နိုင်ဆုံးဖြစ်အောင် ကြိုးစားထားပါတယ်။ လိုအပ်မှုများရှိရင် ခွင့်လွှတ်ပေးပါရန် တောင်းပန်အပ်ပါတယ်။ ။

## လူ့အခွင့်အရေးမဟာမင်းကြီးရုံး (OHCHR) နဲ့ပတ်သက်တဲ့ အထွေထွေသတင်းအချက်အလက်များ

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်က ကုလသမဂ္ဂရဲ့လုပ်ငန်းဆောင်တာတွေကို လက်တွေ့လုပ်ဆောင်တဲ့ အဖွဲ့တစ်ခုအဖြစ် ရပ်တည်ခဲ့ပါတယ်။ လူ့အခွင့်အရေးကော်မရှင်ကို ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်မှာ စတင်ဖွဲ့စည်းခဲ့ပြီးလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး၊မြှင့်တင်ရေးတွေနဲ့ပတ်သက်လို့ကုလသမဂ္ဂရဲ့အဓိကလုပ်ငန်းယန္တရားတခုနဲ့ နိုင်ငံတကာအတွက် ဆွေးနွေးညှိနှိုင်းတဲ့နေရာတခု ဖြစ်လာခဲ့ပါတယ်။ ဒါပေမယ့် ကော်မရှင်ရဲ့ထိရောက်စွာစွမ်းဆောင်နိုင်မှုက နှစ်တွေကြာလာတာနဲ့အမျှ လူ့အခွင့်အရေးချိုးဖောက်တဲ့ အသင်းဝင်နိုင်ငံတွေက သူတို့ကိုသူတို့နဲ့ သူတို့ရဲ့မဟာမိတ် နိုင်ငံတွေကို စုံစမ်းစစ်ဆေးအရေးယူခြင်းမှ ကာကွယ်ဖို့အတွက် အသင်းဝင်ဖြစ်နေမှုကိုဒိုင်းလို အလွဲသုံးစား အသုံးပြုလာကြတဲ့အခါ အကန့်အသတ်တွေဖြစ်လာခဲ့ပါတယ်။ ဒါ့အပြင် အသင်းဝင်နိုင်ငံတွေကြားတည်ရှိတဲ့ နိုင်ငံရေးအခြေခံသဘောတူညီမှုအရ အရေးပေါ် လူ့အခွင့်အရေး အခြေအနေတွေကို ကော်မရှင်ကအရေးယူဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါဘူး၊ ဒါ့အပြင် လူ့အခွင့်အရေးချိုးဖောက်မှုတွေကို မဖြစ်ခင် ကြိုတင်ဟန့်တားခြင်းမပြုနိုင်ပဲ ဖြစ်ပြီးမှသာ တုံ့ပြန်အရေးယူဆောင်ရွက်နိုင်စွမ်းပဲ ရှိခဲ့ပါတယ်။ အဲဒီအားနည်းချက်တွေကို ကျော်လွှားဖြေရှင်းနိုင်ဖို့ လူ့အခွင့်အရေးကော်မရှင်ကို လူ့အခွင့်အရေးကောင်စီနဲ့ အစားထိုးခဲ့ပါတယ်။ လူ့အခွင့်အရေးကော်မရှင်နဲ့မတူတာက လူ့အခွင့်အရေးကောင်စီက လူ့အခွင့်အရေးကိစ္စတွေကို အရေးကြီးတဲ့ ရည်မှန်းချက်တွေနဲ့ လုပ်ငန်းဆောင်တာတွေအဖြစ် အသိအမှတ်ပြုဆောင်ရွက်ခဲ့ပြီး အဲဒါရဲ့ အကျိုးဆက်အဖြစ် ကုလသမဂ္ဂ စနစ်အတွင်းမှာ ပိုမိုမြင့်မားတဲ့ ရပ်တည်မှုတခု ရရှိခဲ့ပါတယ်။ ၂၀၀၆ ခုနှစ် မတ်လ ၁၅ ရက်နေ့မှာ ကမ္ဘာအနှံ့ဖြစ်ပွားတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ပတ်သက်ပြီး အရေးယူဆောင်ရွက်ဖို့ ပိုမိုထိထိရောက်ရောက်ဆောင်ရွက်နိုင်မယ့် လူ့အခွင့်အရေးကောင်စီထူထောင်ရေးကို ကုလသမဂ္ဂအထွေထွေညီလာခံက တခဲနက်မဲပေးခဲ့ကြပါတယ်။

## လူ့အခွင့်အရေးကော်မရှင် (United Nations High Commissioner for Human Rights) နှင့် လူ့အခွင့်အရေးကောင်စီ Human Rights Council ကြား အကြမ်းဖျင်း ခြုံငုံသုံးသပ် နှိုင်းယှဉ်ချက်

| | လူ့အခွင့်အရေးကော်မရှင် | လူ့အခွင့်အရေးကောင်စီ |
|---|---|---|
| **ဖွဲ့စည်းခြင်း** | ၁၉၄၆–စီးပွားရေးနှင့်လူမှုရေး ကောင်စီ အောက်မှတဆင့် (ECOSOC) | ၂၀၀၆ မတ်လ ၁၅–အထွေထွေညီလာခံ (ညီလာခံဆုံးဖြတ်ချက် ၆၀၊၂၅၁) |
| **အဆင့်အတန်း** | (ECOSOC) ရဲ့ လက်တွေ့ အကောင်အထည်ဖော်ရတဲ့ ကော်မရှင် | အထွေထွေညီလာခံရဲ့ လက်အောက်ခံအဖွဲ့အစည်း။ ကုလသမဂ္ဂ ရဲ့ အဓိကကျတဲ့အဖွဲ့တခုဖြစ်ဖို့ ငါးနှစ်စောင့်ကြည့်ခံနေရတဲ့ အခြေအနေမှာရှိ |
| **လုပ်ပိုင်ခွင့်** | လူ့အခွင့်အရေးကာကွယ်၊ မြှင့်တင်ရန် | လူ့အခွင့်အရေးကာကွယ်၊ မြှင့်တင်ရန် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကာကွယ်တားဆီးရန် |

| | | |
|---|---|---|
| **အဖွဲ့ဝင်နိုင်ငံများ** | | |
| **အရေအတွက်** | ၅၃ (အာရှ– ၁၅) | ၄၇ (အာရှ– ၁၃) |
| **ရွေးကောက်ခံရပုံ** | လူမှုရေးနှင့်စီးပွားရေးကောင်စီမှတဆင့် | အထွေထွေညီလာခံ |
| **ရွေးချယ်ခြင်းလုပ်ငန်းစဉ်** | ဒေသဆိုင်ရာအဖွဲ့မှ လုံ့ဆော်၊<br>အမည်တင်သွင်းခြင်း | တဦးချင်းလျှို့ဝှက်မဲပေးစနစ်အရ တိုက်ရိုက် ရွေးကောက်ခြင်း |
| **သက်တမ်း** | သုံးနှစ် "အကန့်အသတ်မရှိ" | အများဆုံး ဆက်တိုက်သက်တမ်းနှစ်ခု (ဥပမာ–ခြောက်နှစ်) |
| **အခြေခံအချက်အလက်များ** | ဖော်ပြမထား | ၁။ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး အမြင့်ဆုံး<br>အနေအထားမှာရှိရမည်။<br>၂။ လူ့အခွင့်အရေးကောင်စီနဲ့ ပူးပေါင်းလုပ်ဆောင်ပြီး<br>အပြည်ပြည် ဆိုင်ရာအချိန်မှန် ပြန်လည်သုံးသပ်ရေးအဖွဲ့၏<br>သုံးသပ်မှုခံရမည်။<br>၃။ မဲပေးခြင်းက လူ့အခွင့်အရေးမှာ ပါဝင်နစ်မြုပ်လုပ်ကိုင်မှုနှင့်<br>ဆန္ဒအလျောက် သံဓိဌာန်ချမှုတို့အပေါ် အခြေခံရမည် |
| **ပြန်လည်သုံးသပ်ခြင်းနှင့်<br>လျှော့ချ ရွှေ့ဆိုင်းခြင်း** | ဖော်ပြမထား | အဖွဲ့ဝင်နိုင်ငံတွေက အပြည်ပြည်ဆိုင်ရာ အချိန်မှန်ပြန်လည်<br>သုံးသပ်ရေးအဖွဲ့၏ သုံးသပ်ခြင်းကို ပထမဆုံးခံရမည်။<br>ချိုးဖောက်သူများက အထွေထွေ ညီလာခံရဲ့ သုံးပုံနှစ်ပုံ<br>ထောက်ခံမဲအရ (အဆင့်အတန်း) လျှော့ချခံရမည်။ |
| **စည်းဝေးပွဲများ** | | |
| **အရေအတွက်** | တစ်နှစ်တစ်ကြိမ် | (ကောင်စီအဖွဲ့ဝင် သုံးပုံတစ်ပုံထောက်ခံမှုအရ) အရေးပေါ်<br>အခြေအနေမှာ အထူးအစည်းအဝေးခေါ် နိုင်ဖို့နဲ့အတူ<br>အနည်းဆုံး ပုံမှန်အစည်းအဝေး သုံးကြိမ် |
| **သက်တမ်း** | ရက်သတတ္တပတ် ခြောက်ပတ် | လက်ရှိအဖွဲ့ ပေါ်မူတည်ပြီး အနည်းဆုံးတစ်နှစ်ဆယ်လ |
| **နေရာ** | ဂျီနီဗာ | ဂျီနီဗာ |
| **အန်ဂျီအိုပါဝင်မှု** | | |
| **ပါဝင်ဆောင်ရွက်မှုအခြေခံ** | စီးပွားရေးနဲ့ လူမှုရေးကောင်စီ ဆုံးဖြတ်ချက်<br>1996/ 31 (21 July 1996) | စီးပွားရေးနဲ့ လူမှုရေးကောင်စီဆုံးဖြတ်ချက် ၁၉၉၆၊ ၃၁ ပေါ်<br>အခြေခံတဲ့အပြင် အန်ဂျီအိုများက အထိရောက်ဆုံး ထည့်ဝင်<br>ကူညီမှုကိုသေချာစေဖို့အတွက် ကော်မရှင်က လေ့လာသုံးသပ်<br>ထားတဲ့ လက်တွေ့ကျင့်သုံးမှုတွေပေါ်လည်းအခြေခံပါတယ်။ |
| **အန်ဂျီအို ပါဝင်<br>ဆောင်ရွက်မှု<br>အမျိုးအစားများ** | –လက်ရေးမှု တင်ပြချက်များ<br>(အကန့်အသတ်မဲ့)<br>–နှုတ်အရ တင်ပြချက်များ<br>(အများဆုံးခြောက်ခု၊ တခု သုံးမိနစ်စီ)<br>–ဆက်စပ်နေသောဖြစ်ရပ်များ | –လက်ရေးမှု တင်ပြချက်များ (အကန့်အသတ်မဲ့)<br>–နှုတ်အရ တင်ပြချက်များ (အကြောင်းအရာများကို<br>ဆုံးဖြတ်မည်ဖြစ်သည်)<br>–ဆက်စပ်နေသောဖြစ်ရပ်များ |

လူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင် ၄၇ နိုင်ငံကို ကုလသမဂ္ဂ ဒေသဆိုင်ရာအုပ်စုများအတွင်းမှ အောက်ပါအတိုင်း ရွေးချယ်ပါတယ်။ အာဖရိကမှ ၁၃ နိုင်ငံ၊ အာရှမှ ၁၃ နိုင်ငံ၊ အရှေ့ဥရောပမှ ၆ နိုင်ငံ၊ လက်တင်အမေရိကနဲ့ ကာရစ်ဘီယံမှ ၈ နိုင်ငံ၊ အနောက်ဥရောပနဲ့ အခြားမှ ၇ နိုင်ငံ ရွေးချယ်ပါတယ်။ လူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင် သက်တမ်းကို အများဆုံး သက်တမ်းနှစ်ကြိမ် ဆက်တိုက်သာအရွေးချယ်ခံရရန် ကန့်သတ်ထားပြီး ဘယ်အဖွဲ့ဝင် နိုင်ငံမဆို အထွေထွေညီလာခံသုံးပုံနှစ်ပုံ မဲအရ အဖွဲ့ဝင်အဖြစ်မှ ဖြုတ်ချခံရနိုင်ပါတယ်။

| **အာဖရိကနိုင်ငံများ** | **အာရှနိုင်ငံများ** | **အရှေ့ဥရောပနိုင်ငံများ** | **လက်တင်အမေရိကနှင့် ကာရစ်ဘီယံနိုင်ငံများ** | **အနောက်ဥရောပနှင့် အခြားနိုင်ငံများ** |
|---|---|---|---|---|
| အယ်လ်ဂျီးရီးယား | ဘာရိန်း | အဇာဘိုင်ဂျန် | အာဂျင်တီးနား | ကနေဒါ |
| ကင်မရွန်း | ဘင်းဂလားဒေ့ရှ် | ချက်ရီပတ်ဘလစ်က် | ဘရာဇီးလ် | ဖင်လန် |
| ဂျီဘူတီ | တရုတ် | ပိုလန် | ကျူးဘား | ပြင်သစ် |
| ဂါဘွန်း | အိန္ဒိယ | ရိုမေးနီးယား | အီကွေဒေါ | ဂျာမနီ |
| ဂါနာ | အင်ဒိုနီးရှား | ရပ်ရှားဖက်ဒရေးရှင်း | ဂွာတီမာလာ | နယ်သာလန် |
| မာလီ | ဂျပန် | ယူကရိန်း | မက္ကဆီကို | ဆွစ်ဇာလန် |
| မောရစ်ရှ | ဂျော်ဒန် | | ပီရူး | ယူနိုက်တက် ကင်းဒမ်း |
| မော်ရော့ကို | မလေးရှား | | ဥရုဂွေး | |
| နိုင်ဂျီးရီးယား | ပါကစ္စတန် | | | |
| ဆီနီဂေါ | ဖိလစ်ပိုင် | | | |
| တောင်အာဖရိက | တောင်ကိုရီးယား | | | |
| တူနီးရှား | ဆော်ဒီအာရေးဗျ | | | |
| ဇမ်ဘီယာ | သီရိလင်္ကာ | | | |

အကြမ်းဖျင်းအနေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို လူ့အခွင့်အရေးကောင်စီက အောက်ဖော်ပြပါအချက်အလက်တွေအရ ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။

* အဖွဲ့ဝင်ဦးရေ လျော့နည်းသွားခြင်း (၅၃ နိုင်ငံမှ ၄၇ နိုင်ငံ ဖြစ်သွားခြင်း)

* လူ့အခွင့်အရေးမှတ်တမ်းတွေနဲ့ လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ကိစ္စတွေမှာ ဘယ်လောက်နစ်မြုပ်ထားလဲဆိုတာပေါ်မူတည်ပြီး အထွေထွေညီလာခံ အဖွဲ့ဝင်တဦးချင်းစီရဲ့ ရွေးကောက်တင်မြှောက်မှုအရ၊ နိုင်ငံတနိုင်ငံက လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်အဖြစ်အရွေးခံဖို့ ရွေးကောက်ပွဲမှာပါဝင်မယ်ဆိုရင် အဲဒီနိုင်ငံက လူ့အခွင့်အရေးကိစ္စတွေမှာ ဘယ်လောက်နစ်မြုပ် လုပ်ကိုင်မယ်ဆိုတာပြဖို့ ဘယ်လိုလှုပ်ရှားဆောင်ရွက်မှုတွေ လုပ်မယ်ဆိုတာ ကတိပေးဖော်ပြချက်တခု တင်ပြရမှာဖြစ်ပါတယ်။ လူ့အခွင့်အရေးကော်မရှင်တုန်းက အဲဒီလိုရွေးကောက်ပွဲ လုပ်ထုံးလုပ်နည်းတွေမရှိခဲ့ပါဘူး၊ အဖွဲ့ဝင်နိုင်ငံတွေဖြစ်ဖို့ ဒေသဆိုင်ရာနိုင်ငံအုပ်စုတွေက အမည်စာရင်းတင်သွင်းတာပဲရှိပါတယ် (အဲဒါကြောင့် လူ့အခွင့်အရေးချိုးဖောက်တဲ့နိုင်ငံတွေလည်း အဖွဲ့ဝင်အဖြစ် ကော်မရှင်မှာ နေရာရခဲ့ပါတယ်)၊ ဒါ့အပြင် အဖွဲ့ဝင်သက်တမ်း ကန့်သတ်ထားတာမျိုးလဲ မရှိခဲ့ပါဘူး။

* ကောင်စီရဲ့ နာမည်ကောင်းနဲ့ လုပ်ရည်ကိုင်ရည်ကို ထိန်းသိမ်းထားဖို့အတွက် အဖွဲ့ဝင်နိုင်ငံတခုခုက လူ့အခွင့်အရေးချိုးဖောက် ကျူးလွန်ခဲ့ရင် ကောင်စီကနေထုတ်ပစ်နိုင်တဲ့ လုပ်ပိုင်ခွင့်ရရှိထားခြင်း (ဥပမာ– လစ်ဗျားက ၂၀၀၃ မှာ လူ့အခွင့်အရေးကော်မရှင် ဥက္ကဌ ဖြစ်လာခဲ့ပြီး အဲဒါက လစ်ဗျားရဲ့ ညံ့ဖျင်းတဲ့ လူ့အခွင့်အရေးမှတ်တမ်းကို ပိုမိုထင်ရှားစေခဲ့ပါတယ်။)

* အရေးပေါ် လူ့အခွင့်အရေး အခြေအနေတွေပေါ် မူတည်ပြီး အရေးပေါ်စည်းဝေးပွဲများကျင်းပခြင်း အပါအဝင် တစ်နှစ်အတိုင်းအတာအတွင်း အစည်းအဝေးများ ပိုမိုကျင်းပခြင်း

* အပြည်ပြည်ဆိုင်ရာ အချိန်မှန် ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်ကဲ့သို့ စောင့်ကြည့်လေ့လာရေး လုပ်ငန်းစနစ်အသစ်များ တည်ထောင်ပူးပေါင်းလုပ်ကိုင်ခြင်းနဲ့ ယင်းစနစ်မှ ကမ္ဘာအဝှမ်းရှိ နိုင်ငံများရဲ့ လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ ဆောင်ရွက်ချက်တွေကို ဦးတည်ချက်ရှိရှိ ပြန်လည်သုံးသပ်နိုင်ခြင်း တို့ဖြစ်ပါတယ်။

လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး လူ့အခွင့်အရေးကောင်စီ ရရှိခဲ့တဲ့အောင်မြင်မှုတခုကတော့ အထူးလုပ်ထုံးလုပ်နည်း လုပ်ငန်းစနစ်တွေ ထူထောင်နိုင်ခဲ့တာပဲဖြစ်ပါတယ်။ အထူးလုပ်ထုံးလုပ်နည်းတွေက ထူးခြားတဲ့နိုင်ငံ၊ ဒေသတွေရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို စောင့်ကြည့်၊ လေ့လာသုံးသပ်၊ အစီရင်ခံစာတွေတင်ပြတာတွေကို လုပ်ကိုင်တဲ့ စနစ်တခု (နိုင်ငံဆိုင်ရာလုပ်ငန်းယန္တရားတွေအဖြစ်သိကြပြီး) ဖြစ်ပါတယ်။ ကမ္ဘာအနှံ့မှာဖြစ်ပွားတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေရဲ့ ထူးခြားတဲ့အဓိကအချက်လက်တွေနဲ့ပတ်သက်ပြီး အရေးယူလုပ်ဆောင်တာ ကိုတော့ နောက်ထပ် (အဓိကလုပ်ငန်းဆိုင်ရာယန္တရားများ) စနစ်တခုအဖြစ်မှတ်ယူနိုင်ပါတယ်။ နေထိုင်ခွင့် (အိမ်ယာ၊ နေရာ) ဆိုင်ရာ၊ တရားလက်လွတ် ကွပ်မျက်သတ်ဖြတ်မှုများဆိုင်ရာ၊ လူနည်းစုလူမျိုးစုများ အခွင့်အရေးဆိုင်ရာ၊ နှိပ်စက်ညှင်းပမ်းမှုမှ လွတ်မြောက်ခွင့်ဆိုင်ရာ စသဖြင့်တို့ကို အရေးယူဆောင်ရွက်တဲ့ အဓိကလုပ်ငန်း ယန္တရား ၂၈ ခု ရှိပါတယ်။ မြန်မာနိုင်ငံအပါအဝင် (ဆိုးရွားတဲ့ လူ့အခွင့်အရေးမှတ်တမ်းရှိတဲ့ နိုင်ငံတွေပေါ် အရေးယူဆောင်ရွက်တဲ့) နိုင်ငံတခုချင်းဆိုင်ရာ ထူးခြားတဲ့လုပ်ပိုင်ခွင့်လုပ်ငန်းစနစ် ၁၃ ခု ရှိပါတယ်။ လုပ်ငန်းစနစ်တွေကို ပြန်လည်သုံးသပ်မှုတွေ နဲ့ အချို့လုပ်ငန်းစနစ်တွေကိုဖျက်သိမ်းဖို့ လုပ်ဆောင်နေတာတွေရှိနေပေမယ့် ဒီအထူးလုပ်ထုံးလုပ်နည်း စနစ်တွေကို လူ့အခွင့်အရေးကောင်စီကို လွှဲပြောင်းပေးအပ်မှာဖြစ်ပါတယ်။

လူ့အခွင့်အရေးကောင်စီက လူ့အခွင့်အရေးကာကွယ်ရေးနဲ့ တိုးမြှင့်ရေး ကော်မတီခွဲကိုလည်းပဲ လက်ပြောင်း ရယူမှာ ဖြစ်ပါတယ်။ ကော်မတီခွဲက လူ့အခွင့်အရေးကော်မရှင်ဖြစ်နေတုန်းက လူ့အခွင့်အရေး ကိစ္စရပ်တွေကိုလေ့လာ၊ လူနည်းစု၊ လူမျိုးရေးနဲ့ ဘာသာရေးအရ ခွဲခြားနှိမ့်ချဆက်ဆံတာတွေ ကာကွယ်တားဆီးဖို့နဲ့ ပတ်သက်ပြီး ကော်မရှင်ကို တိုက်တွန်း အကြံပြုချက်တွေ တင်သွင်းတဲ့ ရွေးကောက်တင်မြှောက်ခံ အထူးကျွမ်းကျင်သူ နှစ်ဆယ့်ခြောက်ယောက်နဲ့ ဖွဲ့စည်းထားတဲ့ လက်အောက်ခံ အဖွဲ့တစ်ခုဖြစ်ခဲ့ပါတယ်။ ကော်မတီခွဲက လူနည်းစုတွေနဲ့ အခြားအဖိနှိပ်ခံအုပ်စုတွေရဲ့ လူ့အခွင့်အရေး ကာကွယ်ပေးဖို့နဲ့ ခွဲခြားနှိမ့်ချ ဆက်ဆံတာတွေ တိုက်ဖျက်ဖို့ တရားမျှတစွာ အုပ်ချုပ်ရေးနဲ့ လူ့အခွင့်အရေးတွေကို နားလည်သဘောပေါက်ရေးတွေကို လေ့လာခဲ့ပြီး အလားအလာပေါင်း မြောက်များစွာကို ဖော်ပြခဲ့ပါတယ်။

ကော်မတီခွဲက ထူးခြားတဲ့လူ့အခွင့်အရေးကိစ္စတွေကိုအရေးယူဆောင်ရွက်တဲ့ အလုပ်အဖွဲ့ခုနစ်ခု ဖွဲ့စည်း ထူထောင်ခဲ့ပါတယ်။ အဲဒါတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်

* လူနည်းစုများ
* တိုင်းပြည်ချင်း ပူးပေါင်းဆောင်ရွက်ရေး
* တရားမျှတစွာ အုပ်ချုပ်ရေး
* အကြမ်းဖက်မှု ဆန့်ကျင်ရေး
* ကျေးကျွန်ပြုမှု ခေတ်သစ်ပုံစံများ
* ဒေသခံလူဦးရေ
* ဆက်သွယ်ရေး
* လူမှုရေး ဖိုရမ်

## လူ့အခွင့်အရေးကောင်စီ၏ အထူးလုပ်ထုံးလုပ်နည်းများ

အထူးလုပ်ထုံးလုပ်နည်းတွေကို ယခင် လူ့အခွင့်အရေးကော်မရှင်က စတင်ထူထောင်ခဲ့ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို စောင့်ကြပ်ကြည့်ရှုဖို့နဲ့ ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးကိစ္စတွေကို လေ့လာသုံးသပ်ဖို့ဦးတည်ပြီး လူ့အခွင့်အရေးကောင်စီက ဆက်လက်လုပ်ဆောင်ပါတယ်။ အထူးလုပ်ထုံးလုပ်နည်းတွေက ထူးခြားတဲ့ လူ့အခွင့်အရေးနယ်ပယ်တွေမှာကျွမ်းကျင်တဲ့ ဦးဆောင်သူ တဦးချင်း (အထူးကိုယ်စားလှယ်တွေ၊ အတွင်းရေးမှူးချုပ်က ခန့်အပ်တဲ့ ကိုယ်စားလှယ်တွေ၊ သီးခြားလွတ်လပ်တဲ့ ကျွမ်းကျင်သူ တွေစသဖြင့်) ဖြစ်နိုင်တဲ့အပြင် ပုံမှန်အားဖြင့် အဖွဲ့ဝင် ငါးယောက်နဲ့ ဖွဲ့စည်းထားတဲ့ အလုပ်အဖွဲ့တွေလဲဖြစ်နိုင်ပါတယ်။ တဦးချင်းတင်ပြတဲ့တိုင်တန်းချက်တွေကို တုံ့ပြန်ဆောင်ရွက်ခြင်း၊ လေ့လာမှုများပြုလုပ်ခြင်း၊ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးနဲ့ ပတ်သက်ပြီး အကြံဉာဏ်များပေးခြင်း၊ အချက်အလက်ရှာဖွေတဲ့ကိစ္စတွေဆောင်ရွက်ခြင်းနဲ့ မြှင့်တင်ရေးလုပ်ဆောင်ချက်များမှာ ပါဝင်ခြင်းတို့ အပါအဝင် ကိစ္စရပ်ပေါင်းများစွာကို အထူးလုပ်ထုံးလုပ်နည်းတွေက လုပ်ကိုင်ဆောင်ရွက်ပါတယ်။ နိုင်ငံဆိုင်ရာ လုပ်ပိုင်ခွင့်နဲ့ အဓိကလုပ်ငန်းယန္တရားတွေ ကွဲပြားတာပေါ်မူတည်ကြီး အထူးလုပ်ငန်းစနစ်တွေကို အမျိုးအစား ခွဲထားပါတယ်။

အထူးလုပ်ထုံးလုပ်နည်းစနစ်တွေထဲမှာ ထူးခြားတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို စောင့်ကြပ်ကြည့်ရှုပြီး စုံစမ်းစစ်ဆေးတဲ့ တရားဝင်ကျွမ်းကျင်သူတွေနဲ့ဖွဲ့စည်းထားတဲ့ အလုပ်အဖွဲ့တွေလဲ ပေါင်းစပ်ပါဝင်ပါတယ်။ လက်ရှိမှာ အဲဒီလို အလုပ်အဖွဲ့မျိုး သုံးခုရှိပါတယ်၊ အဲဒါတွေကတော့

* တရားလက်လွတ် ဖမ်းဆီးချုပ်နှောင်မှုဆိုင်ရာ အလုပ်အဖွဲ့

* အတင်းအကျပ် ဖန်တီးမှုအရ နဲ့ အတင်းအဓမ္မ အခြေအနေကြောင့် ပျောက်ဆုံးသွားမှုများဆိုင်ရာ အလုပ်အဖွဲ့

* လူတွေရဲ့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်ကို စွက်ဖက်ဟန့်တားဖို့ ကြေးစား (စစ်သား) တွေအသုံးပြုမှုဆိုင်ရာ အလုပ်အဖွဲ့

# ကမ္ဘာ့ကုလသမဂ္ဂ
# လူ့အခွင့်အရေးဆိုင်ရာ အဓိကလုပ်ငန်းယန္တရားများ (၂၀၀၂)
# လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ချက်များ

# The United Nations
# Thematic Mechanisms 2002
# An overview of their work and mandates

## နိဒါန်း

### ၁။ အဓိကလုပ်ငန်းဆိုင်ရာယန္တရားတွေဆိုတာ ဘာတွေလဲ။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကြီးရဲ့ အဓိကလုပ်ငန်းဆိုင်ရာ ယန္တရားတွေကို အထူးလုပ်ငန်းကိုယ်စားလှယ်တွေ၊ ကိုယ်စားလှယ်တွေ၊ တသီးပုဂ္ဂလ ကျွမ်းကျင်သူတွေ ဒါမှမဟုတ် ထူးခြားတဲ့ပုံစံနဲ့ ကမ္ဘာ့နေရာအနှံ့အပြားမှာ လူ့အခွင့်အရေးချိုးဖောက်တာတွေကို စောင့်ကြည့်ဖို့ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်က ဖွဲ့စည်းပေးထားတဲ့ လုပ်ငန်းအဖွဲ့တွေနဲ့ ဖွဲ့စည်းထားပါတယ်။ ဒါတွေကို ထူးခြားတယ်လို့ သတ်မှတ်ထားတဲ့ နိုင်ငံတွေရဲ့ လူ့အခွင့်အရေးအခြေအနေကို စောင့်ကြည့်ဖို့ လူ့အခွင့်အရေးကော်မရှင်က ခန့်အပ်တဲ့ နိုင်ငံတခုချင်းဆိုင်ရာ ယန္တရားတွေနဲ့ ကွဲပြားအောင် "အဓိကလုပ်ငန်းဆိုင်ရာ" အဖြစ် ရည်ညွှန်းထားပါတယ်။ ဒီစာတမ်းက ၂၀၀၂ မတ်လ ၁၈ ရက်ကနေ ဧပြီ ၂၆ ရက်နေ့အထိ ကျင်းပတဲ့ ၅၈ ကြိမ်မြောက် လူ့အခွင့်အရေးကော်မရှင် အစည်းအဝေးအပြီးမှာပေးအပ်တဲ့ လုပ်ပိုင်ခွင့်တွေနဲ့ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးနဲ့ အင်္ဂလန်နဲ့ဝေးလ် ဥပဒေအဖွဲ့အစည်းရဲ့ လမ်းညွှန်ချက်ဖြစ်တဲ့ ***"ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းရဲ့ အဓိကလုပ်ငန်းဆိုင်ရာ ယန္တရားများ ၂၀၀၂"*** ((AI Index IOR 40/20/00) published in 2000) ပြင်ဆင်ဖြည့်စွက်ချက်တွေရဲ့ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုပဲဖြစ်ပါတယ်။

ဒီစာတမ်းရဲ့ရည်ရွယ်ချက်က သတင်းအချက်အလက် တင်ပြချင်သူတွေနဲ့ နောက်ဆက်တွဲအဖြစ် အဓိကလုပ်ငန်းယန္တရားတွေကို လေ့လာချင်သူတွေကို အားပေးကူညီဖို့ပဲဖြစ်ပါတယ်။ ဒီစာတမ်းက သီးခြားအမှုတွေ (အမှုတခုချင်းစီကို) ကိုအရေးယူတဲ့ လုပ်ငန်းယန္တရား ၁၇ ခုကို အဓိကအာရုံစိုက်တဲ့အပြင် လက်ရှိ အဓိကလုပ်ငန်း ဆိုင်ရာ ယန္တရား ၂၄ ခုရဲ့ အခြခံ သတင်းအချက်အလက် တွေလဲပါဝင်ပါတယ်။ တချို့လုပ်ငန်းစနစ်တွေက တခြားစနစ်တွေထက် အသေးစိတ်ပိုကျသလိုရှိတာက ထူးခြားတဲ့အခွင့်အာဏာ အပ်နှင်းမှုသဘာဝကြောင့် ဒါမှမဟုတ် တချို့လုပ်ငန်းစနစ်တွေမှာ သတင်းအချက်အလက်နည်းတာကြောင့်ဖြစ်ပါတယ်။ ဒီစာတမ်းက ပြည့်စုံတဲ့စာတမ်းတခု အဖြစ် ဦးတည်မထားပါဘူး၊ ဒီအစားအဓိကလုပ်ငန်းပိုင်းဆိုင်ရာ နည်းစနစ်တွေရဲ့ လုပ်ငန်းမြင်ကွင်း၊ အထူးသဖြင့် အစိုးရမဟုတ်တဲ့ လမ်းကြောင်းတွေကနေဒီစနစ်တွေကရှာဖွေရရှိတဲ့ သတင်းအချက်အလက်ပုံစံတွေအတွက် လမ်းညွှန်အဖြစ် အသုံးချနိုင်အောင်ရည်ရွယ်ထားပါတယ်။ ဒီစာတမ်းကို စနစ်တကျပုံစံချထားတဲ့အတွက် သီးခြားအမှုတွေကိုအရေးယူတဲ့ လုပ်ငန်းစနစ်တွေက ပထမဆုံးအခန်းမှာ စတင်တဲ့နေ့စွဲအရ စာရင်းအလိုက်ပါဝင်ပါတယ်။ သီးခြားအမှုတွေကိုအရေးယူမထားတဲ့ လုပ်ငန်းစနစ်တွေကိုတော့ ဒုတိယအခန်းနဲ့ လုပ်ပိုင်ခွင့်လွှဲအပ်မှုရဲ့ အသေးစိတ် အချက်အလက်တွေကိုတော့ တတိယအခန်းမှာ နေရာပေးထားပါတယ်။

ပထမအဓိကလုပ်ငန်းစနစ်ဖြစ်တဲ့အတင်းအကျပ်ဖန်တီးမှုအရဒါမှမဟုတ်အတင်းအဓမ္မအခြေအနေကြောင့်ပျောက်ဆုံးသွားမှုများအတွက် လုပ်ငန်းအဖွဲ့ကို ၁၉၈၀ မှာစတင်ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၈၅ မှာ အကျဉ်းရုံး ဒါမှမဟုတ် တရားလက်လွတ်ကွပ်မျက်မှုနဲ့ ညှင်းပမ်းနှိပ်စက်မှုများ အပေါ်ဖြေရှင်းရန်အတွက် လုပ်ငန်းနည်းစနစ်များ ဖန်တီးမှုနဲ့အတူ ကော်မရှင်က အသက်ရှင်နေခွင့်၊ ဒါမှမဟုတ် ရုပ်ပိုင်းနဲ့ စိတ်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာအပေါ် ခြိမ်းခြောက်မှုတွေကို တင်ပြတိုင်တန်းနိုင်ဖို့ ကုလသမဂ္ဂ ကြားဝင်ဟန့်တားမှု နည်းလမ်းတခုကိုဖန်တီးခဲ့ပါတယ်။ ၁၉၈၀ ခုနှောင်းပိုင်းမှာ ဘာသာရေးအစွန်းရောက်မှုတွေနဲ့ ကြေးစားစစ်သားအသုံးချမှုတွေကို ကိုင်တွယ်ဖို့ လုပ်ငန်းစနစ်တွေကို ဖန်တီးခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်တွေမှာ ကလေးရောင်းစားမှုများ၊ ကလေးပြည့်တန်ဆာနဲ့ ကလေး ညစ်ညမ်းရုပ်ရှင်၊ ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်း၊ လူမျိုးရေး၊ အတင်းအကျပ်နေရာရွှေ့ပြောင်းခံရသူများ၊ ထင်မြင်မှုနဲ့ ဖော်ထုတ်မှု လွတ်လပ်ခွင့်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ လွတ်လပ်ပြီး ဘက်မလိုက်သော တရားစီရင်မှုနဲ့ အဆိပ်သင့် အညစ်အကြေး စွန့်ပစ်မှုများကို ဖြေရှင်းရန်အတွက် လုပ်ပိုင်ခွင့်အသစ်များကို ဖန်တီးခဲ့ပါတယ်။ သိပ်မကြာသေးခင်ကပဲ လုပ်ပိုင်ခွင့်အပ်နှင်းမှုအသစ်တွေက စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုအခွင့်အရေးတွေရဲ့ အဓိကအရည်အသွေးတွေကို ပြောင်းရွှေ့နေထိုင်သူတွေနဲ့ ဒေသခံတွေရဲ့ အခွင့်အရေးတွေ၊ အစားအစာ၊ ကျန်းမာရေးနဲ့ နေထိုင်ရေးဆိုင်ရာ အခွင့်အရေးတွေပါဝင်တဲ့ ပင်မစီမံကိန်းအတွက် သယ်ဆောင်ခဲ့ပါတယ်။

ဒီလုပ်ငန်းဆိုင်ရာယန္တရားတွေက ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးမြှင့်တင်မှုနဲ့ ကာကွယ်ပေးမှုမှာ အထိရောက်ဆုံးကရိယာများအဖြစ် နာမည်ကောင်းရပါတယ်။ အထူးတာဝန်တွေကို "ဂျတစိုက် တိတိကျကျ" ဆက်လက် လုပ်ကိုင်ဖို့အတွက် လူ့အခွင့်အရေးကော်မရှင်ရဲ့ လုပ်ပိုင်ခွင့် လွှဲအပ်မှုရထားပေမဲ့ ဒီလူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက်တွေရဲ့ အစိတ်အပိုင်းတချို့က တခါတလေ စကားလုံးကြီးတွေ ကျယ်ကျယ်ပြန့်ပြန့် သုံးထားတဲ့အတွက် လုပ်ငန်းစနစ်တွေကို တော်တော်လေးကျယ်ပြန့်တဲ့ ကိုယ်ပိုင်လုပ်ထုံး လွှပ်လပ်ခွင့်တွေပေးထားရပါတယ်။ လုပ်ထုံးစနစ်တွေရဲ့ ယေဘုယျချဉ်းကပ်မှုတွေကို လိုတာထက်ပိုပြီး အရေးကြီးပုံမပေါက်အောင်သတိထားပေမဲ့ ဒီစနစ်တွေက နိုင်ငံတကာကပရိသတ်တွေအတွက် ကမ္ဘာ့နေရာအနှံ့မှာဖြစ်တဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ (အစိုးရက လူ့အခွင့်အရေးစာချုပ် လက်မှတ်ထိုးထားထား မထိုးထားထား) ကိုလိုအပ်တဲ့နေရာမှာ ဖော်ထုတ်နိုင်စွမ်းရှိတဲ့ အသုံးဝင်တဲ့ အနေအထားမှာရှိပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဖော်ထုတ်ပူးပေါင်းကူညီတဲ့ အစိုးရတွေအတွက် ဒီလုပ်ငန်းစနစ်ယန္တရားတွေက ထူးခြားတဲ့ လူ့အခွင့်အရေးကျွမ်းကျင်မှုတွေကို ထူထောင် ပံ့ပိုးပေးပါတယ်။ ဒါပေမယ့် **လုပ်ငန်းစနစ်တွေက ဖော်ထုတ်တွေ့ရှိတာတွေနဲ့ တိုက်တွန်းအကြံပေးချက်တွေက (အစိုးရတွေကို) တရားဝင်ထိန်းချုပ်၊ ဖိအားပေးနိုင်တာမျိုးတွေ မဟုတ်ပါဘူး။**

ဒီလုပ်ငန်းစနစ်တွေက တသီးပုဂ္ဂလတွေနဲ့ အစိုးရမဟုတ်တဲ့အဖွဲ့အစည်း (အဲန်ဂျီအို) တွေအတွက် လက်ရှိ လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မှုတွေ၊ သင်ကြားလေ့လာရေးနဲ့ နိုင်ငံတကာ တရားဝင်စံထုံးတွေရဲ့တိုးတက်မှုနဲ့ တချို့အနေအထားမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ကုလသမဂ္ဂကို တင်ပြနိုင်ခြေတွေမှာ ပေါင်းစပ်ပါဝင်နိုင်ဖို့ အတွက်နည်းလမ်းတခု၊ အသုံးဝင်တဲ့သတင်းအချက်အလက် ဇစ်မြစ်တခုပေးနိုင်ပါတယ်။ အထူးသဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုကို တင်ပြနိုင်ဖို့ကိစ္စမှာ ချိုးဖောက်မှုနဲ့ပါတ်သက်တဲ့ သတင်းအချက်အလက် အပြည့်အစုံကို စုဆောင်းတင်ပြနိုင်ဖို့အတွက် ကြိုးစားအားထုတ်မှုတိုင်းဟာအရေးပါပါတယ်။ သီးခြားကိစ္စတွေကိုကိုင်တွယ်တဲ့ တချို့လုပ်ငန်းစနစ်တွေက သတင်းပို့နိုင်ဖို့ (တင်ပြတိုင်ကြားနိုင်ဖို့) အတွက်ရည်ရွယ်တဲ့ မေးခွန်းလွှာပုံစံတခုစီ ပံ့ပိုးပေးပါတယ်။ ဒီမေးခွန်း ပုံစံတွေကို **"လူ့အခွင့်အရေးဆိုင်ရာ အထူးကော်မရှင်နာရုံး"** ((OHCHR) http://www.unhchr.ch) ရဲ့အင်တာနက်စာမျက်နှာမှာ ရနိုင်ပါတယ်။

**၁။ သတိပြုစေချင်တာကတော့ အကယ်၍သီးသန့်အမှုတခုကို ကုလသမဂ္ဂ ကစဉ်းစားဆွေးနွေး နေတယ်ဆိုရင်၊ ဥပမာ စောင့်ကြည့်လေ့လာတဲ့ (သဘောတူညီချက်) စာချုပ်တခုရဲ့လုပ်ထုံး လုပ်နည်းအောက်မှာ ရှိနေတယ်ဆိုရင်၊ အဲဒါကို အဓိက လုပ်ငန်းယန္တရား တခုအဖြစ် သတ်မှတ်လို့မရပါဘူး။**

## ၂။ ဘယ်သူတွေလဲ

အထူးကိုယ်စားလှယ်တွေ၊အထွေထွေအတွင်းရေးမှူးချုပ်ကခန့်အပ်တဲ့ကိုယ်စားလှယ်တွေ၊ကျွမ်းကျင်သူတွေနဲ့အလုပ်အဖွဲ့တွေက အဖွဲ့ဝင်တွေက (ငွေကြေး) အကျိုးအမြတ်မယူကြဘဲ တာဝန်ထမ်းရွက်ကြပါတယ်။ တချို့က သံတမန်တွေ (သို့) အစိုးရ အရာထမ်းတွေဖြစ်ကြပေမယ့်လည်း တိုင်းပြည်၊ နိုင်ငံနဲ့မဆိုင်တဲ့ကဏ္ဍမှာ လူ့အခွင့်အရေးနဲ့ပါတ်သက်ပြီး ကျွမ်းကျင်မှုမြင့်တင်လာနိုင်ကြသူတွေဖြစ်ကြပါတယ်။လုပ်ငန်းအဖွဲ့ဝင်တွေကိုတော့ကုလသမဂ္ဂဒေသဆိုင်ရာအဖွဲ့ငါးခုစလုံးက ရွေးချယ်ပါတယ်။ လုပ်ပိုင်ခွင့်ပေးအပ်အပြီးမှာ ကော်မရှင်က သူတို့ကိုခန့်အပ်ပါတယ်။ လုပ်ငန်းဆောင်တာတွေအတွက် ဝန်ထမ်းအထောက်အပံ့နဲ့ ငွေကြေးပြသနာ ကြုံနေရပေမဲ့လည်း ဂျီနီဗာမှာရှိတဲ့ ကော်မရှင်နာရုံးက ဝန်ထမ်းတွေက သူတို့ကိုပံ့ပိုးထောက်ပံ့ပါတယ်။ လုပ်ငန်း စနစ်တွေအတွက် လုပ်ပိုင်ခွင့်ပေးထားတာတွေက အမြဲတမ်းအတွက်မဟုတ်ပေမဲ့ ကော်မရှင်ရဲ့ဆုံးဖြတ်ချက်အရ ပြန်အသက်သွင်းလို့ရပါတယ်။

တယောက်ကို နိုင်ငံအရ၊ လုပ်ငန်းဆိုင်ရာအရ တချိန်မှာ လုပ်ပိုင်ခွင့်လွှဲအပ်တာတခုပဲ လုပ်ပိုင်ခွင့်ရှိပါတယ်၊ နောက်ပြီး လုပ်ပိုင်ခွင့်ရထားသူတွေအနေနဲ့လည်း သုံးနှစ်သက်တမ်းနှစ်ကြိမ်သာ တာဝန်ထမ်းဆောင်ခွင့်ရှိပါတယ်။ လက်ရှိ လုပ်ပိုင်ခွင့်ရထားသူတွေနဲ့ ပါတ်သက်တဲ့ သတင်းအချက်အလက်တွေကို လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးရဲ့ အင်တာနက်စာမျက်နှာ (http://www.unhchr.ch/htm/menu2/7/b/tm.htm) မှာရရှိနိုင်ပါတယ်။ ဒီစာတမ်းက လုပ်ပိုင်ခွင့်ရထားသူ (အထူးကိုယ်စားလှယ်) ရဲ့ လိင်ပေါ်မူတည်ပြီး ဆိုင်ရာလုပ်ငန်းစနစ်တွေကို “သူ” “သူမ” အဖြစ်ညွှန်းထားပါတယ်။

## ၃။ သူတို့ဘာလုပ်လဲ

အထူးသံတမန်နဲ့ အလုပ်အဖွဲ့တွေရဲ့ လုပ်ငန်းဆောင်တာတွေမှာ အောက်ပါအချက်တွေပါဝင်ပါတယ်၊

### လေ့လာမှုများ

လုပ်ငန်းစနစ်တွေက အထွေထွေလေ့လာမှုတွေ စူးစိုက်လုပ်ပါတယ်။ ဒီစနစ်တွေက ဘယ်လူ့အခွင့်အရေး ချိုးဖောက်မှုပုံစံက သူတို့ထဲမှာအကျုံးဝင်တယ်ဆိုတာကိုစူးစိုက်သတ်မှတ်တယ်၊ချိုးဖောက်မှုတွေရဲ့ဖြစ်ပွားပုံနဲ့ဘာကြောင့်ဖြစ်တယ်ဆိုတာ ခွဲခြမ်းစိပ်ဖြာပြီး နိုင်ငံတခုချင်းဆိုင်ရာ ဥပဒေစနစ်တွေနဲ့ နိုင်ငံတကာစံနှုန်းတွေရဲ့ အဖွဲ့အစည်းပိုင်းဆိုင်ရာ ထူးခြားချက်တွေပေါ်မှာ မှတ်ချက်တွေပေးပါတယ်။ ဒီစနစ်တွေက လူ့အခွင့်အရေး ချိုးဖောက်တာတွေကို ကာကွယ်ဖို့နဲ့ ချိုးဖောက်မှုတွေရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေကိုကုစားဖို့ ယေဘုယျ တိုက်တွန်းအကြံဉာဏ်ပေးတာမျိုးတွေလဲ လုပ်ပါတယ်။

### ဆက်သွယ်မှုများလက်ခံခြင်း

တချို့လုပ်ငန်းစနစ်တွေက သီးသန့်တခုချင်း လူ့အခွင့်အရေးချိုးဖောက်မှုတွေကို တိုင်ကြားတဲ့ ဆက်သွယ်မှုတွေကို လက်ခံနိုင်ပါတယ်။ ဒီစနစ်တွေက တဦးချင်းဆီက၊ အဲန်ဂျီအိုတွေဆီက၊ အစိုးရတွေဆီက၊ အစိုးရတွေကြား ဆောင်ရွက်ပေးတဲ့အဖွဲ့အစည်း တွေဆီကနဲ့ တခြားကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတွေနဲ့ ရုံးတွေ (အခြားနိုင်ငံ သို့မဟုတ် လုပ်ငန်းစနစ် ဆိုင်ရာအထူး ကိုယ်စားလှယ်တွေအပါအဝင်) ဆီက လက်ခံရရှိတဲ့ တိုင်ကြားချက်တွေကို အရေးယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

## အစိုးရများနဲ့ဆက်သွယ်ခြင်း

တကယ်လို့ သတင်းအချက်အလက်တွေက ယုံကြည်နိုင်လောက်တယ်၊ သူတို့ရဲ့လုပ်ပိုင်ခွင့်ထဲမှာ ရှိတယ်လို့ လုပ်ငန်းစနစ်တွေက ယူဆရင် အရေးပေါ်တောင်းဆိုမှုပုံစံအရ (သို့) စာအရသော်ငြင်း၊ အစိုးရဆီကို ဆက်သွယ် မေးမြန်းပါတယ်။

အရေးပေါ်အမှုတွေ (ကွပ်မျက်ခံရတော့မှာကိုစိုးရိမ်တာမျိုး) မှာ၊ သက်ဆိုင်သူကိုကာကွယ်ပေးဖို့ အစိုးရကို အသနားခံလွှာပို့ပါတယ်၊ နောက်ပြီး အမှုနဲ့ပါတ်သက်တဲ့သတင်းအချက်အလက်ကိုလဲ ပံ့ပိုးပေးပါတယ်။

သိပ်အလျင်မလိုတဲ့အမှုတွေနဲ့ ယေဘူယျ တိုင်တန်းချက်တွေအတွက်ကိုတော့ လုပ်ငန်းစနစ်တွေက အစိုးရဆီကို တိုင်တန်းချက် အသေးစိတ် ဖော်ပြထားပြီး အကြောင်းပြန်ဖို့ တောင်းဆိုထားတဲ့ စာတစောင် ပို့ပါတယ်။

လုပ်ငန်းစနစ်အများစုက အစိုးရရဲ့တုန့်ပြန်မှုကို နှစ်ပါတ်လည်အစီရင်ခံစာမှာ အကျဉ်းချုံးသုံးသပ်တာ လောက်သာ လုပ်နိုင်ချိန်မှာ တချို့လုပ်ငန်းစနစ်တွေကတော့ အစိုးရရဲ့တုန့်ပြန်မှုပေါ်မူတည်ပြီး ကျေနပ်လောက်ဖွယ် အဖြေရတဲ့အထိ (ဥပမာ ဖြစ်ပွားတဲ့ပြဿနာအတွက် တခြားမတူတဲ့ ချဉ်းကပ်မှုနည်းလမ်းတွေ ဖေါ်ထုတ်တင်ပြပြီး) တက်တက်ကြွကြွ လိုက်လံ လုပ်ဆောင်တာမျိုးတွေ လုပ်ပါတယ်။ အကြောင်းပြန်ကြားချက်မရတဲ့ အမှုတွေအတွက် လုပ်ငန်းစနစ်တွေက သတိပေးချက်တွေ ပို့ပေးပါတယ်။

အစိုးရဆီကို အရေးပေါ်အသနားခံတာ၊ စာတစောင်ပို့တာလောက်နဲ့တော့ တိုင်ကြားချက်တိုင်း အဖြေပြန်မရပါဘူး။ ဒါက မဟာမင်းကြီးရုံးရဲ့ အရင်းအမြစ်မလုံလောက်မှု (သို့) လက်ခံရရှိတဲ့ သတင်းအထောက်အထားရဲ့ အရည်အသွေးပေါ် မူတည်နိုင်ပါတယ်။

## ကော်မရှင်ကိုတင်ပြရတဲ့နှစ်စဉ်အစီရင်ခံစာ

နှစ်တိုင်းမှာ လုပ်ငန်းစနစ်တွေက ပြီးခဲ့တဲ့တစ်နှစ်လုံး သူတို့လုပ်ခဲ့တဲ့ လုပ်ငန်းတွေကိုဖော်ပြထားတဲ့ အစီရင်ခံစာတစောင်ကို (မတ်နဲ့ဧပြီမှာကျင်းပတဲ့) ကော်မရှင်နှစ်စဉ်အစည်းအဝေးကို တင်ရပါတယ်။ ဒီအစီရင်ခံစာတွေက အထွေထွေကိစ္စတွေ (လုပ်ပိုင်ခွင့်လွှဲအပ်တာတွေ၊ အလုပ်လုပ်ပုံတွေ၊ အသေးစိပ်သုံးသပ်ပုံတွေ၊ တိုက်တွန်းချက်တွေ) ကို ဆွေးနွေးတဲ့အပြင် သူတို့လက်ခံရရှိတဲ့အစီရင်ခံစာတွေနဲ့ နိုင်ငံတနိုင်ငံချင်းစီအလိုက် အစိုးရရဲ့ တုံ့ပြန်ပုံတွေကို လေ့လာသုံးသပ်ပါတယ်။ တချို့အစီရင်ခံစာတွေမှာ အရေးပေါ်အသနားခံမှု (သို့) အစိုးရဆီ သတင်းအချက်အလက်ပို့တဲ့ အကြိမ်ရေ၊ အစိုးရတွေက အကြောင်းပြန်တဲ့ အကြိမ်ရေ စတဲ့စာရင်းဇယားတွေ ပါဝင်ပါတယ်။ တချို့လုပ်ငန်းစနစ်တွေကို (စက်တင်ဘာကနေ ဒီဇင်ဘာအထိကျင်းပတဲ့) ကုလသမဂ္ဂ အထွေထွေညီလာခံ ကိုတင်ပြဖို့ ကြားဖြတ်အစီရင်ခံစာတွေ တင်ခိုင်းပါတယ်။ ခြွင်းချက်ကတော့ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ ကလေးသူငယ်နဲ့ လက်နက်ကိုင်ပြဿနာဆိုင်ရာ အထူးကိုယ်စားလှယ်က အထွေထွေညီလာခံကို နှစ်စဉ်အစီရင်ခံစာ တင်ရပေမယ့် ကော်မရှင်နှစ်စဉ်အစည်းအဝေးကိုတော့ ကြားဖြတ်အစီရင်ခံစာပဲတင်ရပါတယ်။

## နိုင်ငံခရီးစဉ်များ

လုပ်ငန်းစနစ်တွေက နိုင်ငံတွေရဲ့အခြေအနေကိုလေ့လာဖို့ ပထမဆုံးအနေနဲ့ လက်တွေ့ကွင်းဆင်းပါတယ်၊ ဒါပေမယ့် ဒီလိုခရီးစဉ်မျိုးကို အစိုးရရဲ့ဖိတ်ကြားချက်အရသာပြုလုပ်နိုင်ပါတယ်။ ပြီးခဲ့တဲ့ကော်မရှင် (ပေရယ် ၂၀၀၂) အကုန်မှာ နိုင်ငံသုံးဆယ့်ရှစ်နိုင်ငံအစိုးရတွေက ဘယ်လုပ်ငန်းစနစ်မျိုးကိုမဆို လေ့လာချင်တဲ့အချိန် သူတို့နိုင်ငံတွေကို လေ့လာ

နိုင်ဖို့ဖိတ်ကြားခဲ့ပါတယ်။ အဲဒီနိုင်ငံတွေကတော့ ဘရာဇီး၊ ဘူလ်ဂေးရီးယား၊ ကနေဒါ၊ ကော်စတာရီကာ၊ ဆိုက်ပရပ်စ်၊ ချက်က်ရီပတ်ဘလစ်က်၊ အက်စ်တိုးနီးယား၊ ဥရောပသမဂ္ဂ (ဩစရီးယား၊ ဘယ်လ်ဂျီယံ၊ ဒိန်းမတ်၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိစ်၊ အိုင်ယာလန်၊ အီတလီ၊ လပ်ဇင်ဘာ့ဂ်၊ နယ်သာလန်၊ ပေါ်တူဂီ၊ စပိန်၊ ဆွီဒင် နဲ့ ယူနိုက်တက်ကင်းဒမ်း (ဗြိတိန်နဲ့မြောက်ပိုင်းအိုင်ယာလန်)၊ ဂျော်ဂျီယာ၊ ဂွာတီမာလာ၊ ဟန်ဂေရီ၊ အိုက်စ်လန်၊ လတ်ဗီးယား၊ လစ်သူယေးနီးယား၊ မော်လ်တာ၊ မက္ကဆီကို၊ နော်ဝေ၊ ပီရူး၊ ပိုလန်၊ ရိုမေးနီးယား၊ ဆလိုဗေးကီးယား၊ ဆလိုဗေးနီးယား၊ ဆွစ်ဇာလန် နဲ့ တူရကီ နိုင်ငံတွေပဲဖြစ်ပါတယ်။

နိုင်ငံခရီးစဉ်တွေက အထူးကိုယ်စားလှယ်အတွက် အစိုးရကိုယ်စားလှယ်တွေ၊ အဲန်ဂျီအိုတွေ၊ ကာယကံရှင်တွေ၊ သူတို့ရဲ့ ဆွေမျိုးသားချင်းတွေနဲ့ ဆက်သွယ်ဆောင်ရွက်ရာကတဆင့် သတင်းအချက်အလက်စုဆောင်းဖို့ တကယ့်အခွင့်အလမ်းကောင်းတွေ ပံ့ပိုးပေးနိုင်ပါတယ်။ နိုင်ငံခရီးစဉ်တွေက တကယ်တော့ အစိုးရဆီကို တိုက်တွန်းချက်တွေ အပါအဝင် ကော်မရှင်ကိုသီးခြားတင်ပြတဲ့ အစီရင်ခံစာခေါင်းစဉ်တွေပဲဖြစ်ပါတယ်။ အခါအားလျော်စွာ နှစ်ခုနဲ့ နှစ်ခုအထက် လုပ်ငန်းစနစ်တွေ (လုပ်ငန်းဆိုင်ရာ သို့ နိုင်ငံဆိုင်ရာ) က အစိုးရတရပ်ဆီကို ပူးပေါင်းကိုယ်စားပြုမှုနဲ့ ပူးပေါင်းခရီးစဉ်တွေ လုပ်နိုင်ပါတယ်။

နိုင်ငံခရီးစဉ် အစီရင်ခံစာတွေမှာပါတဲ့ အကြံပြုတိုက်တွန်းချက်တွေက အစိုးရအတွက် လူ့အခွင့်အရေး ချိုးဖောက်မှုကို ရပ်တန့်ဖို့ အသုံးဝင်တဲ့လမ်းညွှန်ချက်တွေပဲဖြစ်ပါတယ်။ သို့သော်လည်း လူ့အခွင့်အရေးကော်မရှင်က တိုက်တွန်း အကြံပေးချက်တွေကို ဖြည့်ဆည်းဖို့အတွက် သာမန်လောက်ပဲ အာရုံစိုက်တဲ့အပြင် လုပ်ငန်းစနစ်အများစုက အရင်း အမြစ်ချို့တဲ့လွန်းတဲ့အတွက် သူတို့အတွက်နိုင်ငံခရီးစဉ်အပြီး နောက်ဆက်တွဲ လုပ်ငန်းတွေလုပ်ဖို့ဆိုတာ ခဲယဉ်း လွန်းပါတယ်။

## နှစ်စဉ်အစည်းအဝေးများ

လုပ်ငန်းအဖွဲ့တွေရဲ့ဥက္ကဋ္ဌတွေ၊ အထူးကိုယ်စားလှယ်တွေ၊ နိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်တွေ၊ ကိုယ်စားလှယ်တွေ၊ နဲ့ ကျွမ်းကျင်သူတွေက *"ဗီယင်နာကြေညာချက်နဲ့ လုပ်ငန်းအစီအစဉ် (အပိုင်း ၂၊ စာပိုဒ် ၉၅)"* အရ "အလုပ်တွေ လိုက်လျောညီထွေဖြစ်ဖို့နဲ့ ဟန်ချက်ညီစေဖို့အတွက်" နှစ်စဉ်တွေ့ဆုံဆွေးနွေးပါတယ်။ ဒီအစည်းအဝေးတွေရဲ့ ပထမဆုံး အစည်းအဝေးကို ဂျီနီဗာမှာ ၁၉၉၄ မှာကျင်းပခဲ့ပါတယ်။ ဒီအစည်းအဝေးတွေမှာ ဆွေးနွေးတဲ့ အကြောင်းအရာတွေမှာ လုပ်ငန်းစနစ်တွေနဲ့ ကော်မရှင်ကြား လုပ်ငန်းပိုင်းဆိုင်ရာဆက်ဆံရေး၊ ကော်မရှင်က ချမှတ်တဲ့ လုပ်ငန်းဆုံးဖြတ်ချက် တွေကို အကောင်အထည်ဖော်ရေး၊ လူ့အခွင့်အရေး မဟာမင်းကြီးနဲ့ အခြားကုလသမဂ္ဂ အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်ရေး၊ လုပ်ပိုင်ခွင့်အာဏာ လွှဲအပ်မှုအတွင်း အမျိုးသမီး အခွင့်အရေးများ ပေါင်းစပ်ထည့်သွင်းရေးနဲ့ ရင်းမြစ်နှင့်အုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စ၊ ရင်းမြစ်ဌာနထောက်ပံ့ရေးဝန်ဆောင်မှုနဲ့ သတင်းအသုံးချမှုတွေပါဝင်ပါတယ်။

## အခြားလုပ်ဆောင်ချက်များ

လုပ်ငန်းစနစ်တွေက သူတို့လက်ရှိလုပ်နေတဲ့ လေ့လာချက်တွေအတွက် သင့်တော်တဲ့ သတင်းအချက်အလက်တွေကို အစိုးရများနဲ့ အဲန်ဂျီအိုများဆီက တောင်းခံတာတွေကိုလည်း ပါဝင်လုပ်ဆောင်ပါတယ်။ ဒီလုပ်ငန်းစနစ်တွေက ညီလာခံတွေ တက်ရောက်တာမျိုး၊ သတင်းထုတ်ပြန်တာမျိုးနဲ့ သူတို့လက်ရှိလုပ်နေတာ ပိုကောင်းမွန်အောင်မွမ်းမံတဲ့ အခြားလုပ်ဆောင်ချက် မျိုးတွေကိုလဲ လုပ်ဆောင်ပါတယ်။

## ၄။ လုပ်ငန်းစနစ်ယန္တရားတွေကိုဘယ်လိုဆက်သွယ်နိုင်လဲ

သတင်းအချက်အလက် တင်ပြဖို့အတွက် (သို့) လုပ်ငန်းစနစ် ယန္တရားတွေနဲ့ပတ်သက်ပြီး နောက်ထပ်အချက်အလက်တွေသိချင်ရင် အောက်ပါ သင့်တော်တဲ့လုပ်ငန်းစနစ် လိပ်စာအတိုင်း စာရေးသားပေးပို့နိုင်ပါတယ်။

*For the attention of:* (သင့်တော်တဲ့လုပ်ငန်းစနစ်နာမည်)
Office of the High Commissioner for Human Rights
Palais des Nations
Avenue de la Paix 8-14
1211 Geneva 10
Switzerland
Tel: +41 22 917 90 00
Fax: +41 22 917 9006 or 9003
E-mail: webadmin.hchr@unog.ch (remember to include in the subject box which mechanism you are addressing)

အစီရင်ခံစာအသစ်တွေအပါအဝင် ဆုံးဖြတ်ချက်တွေ၊ ကုလသမဂ္ဂအချက်အလက်စာစောင်တွေ၊ သတင်းပို့ချင်သူတွေကို အထောက်အပံ့ပေးနိုင်ဖို့ ပုံစံထုတ်ထားတဲ့ ပုံစံစာရွက်တွေနဲ့ မေးခွန်းလွှာတွေ၊ ကော်မရှင်နဲ့ လုပ်ငန်းစနစ်ယန္တရားတွေရဲ့ အလုပ်နဲ့ ပတ်သက်တဲ့သတင်း အချက်အလက်အပြည့်အစုံ ကိုအထူးကော်မရှင်နာရုံး အင်တာနက်စာမျက်နှာ (http://www.unhchr.ch) မှာတွေ့ရှိနိုင်ပါတယ်။ လတ်တလောမှာ ဒီအချက်အလက် တွေကိုရချင်ရင် အင်တာနက်စာမျက်နှာ homepage ကိုသွား "Sections" နေရာမှာ "Programmes" ကိုနှိပ်၊ ပြီးရင် "Extra-Conventional Mechanisms" ကိုထပ်နှိပ်၊ နောက်တခါ "Thematic Mandates" ကိုထပ်သွားရင် ရရှိနိုင်ပါတယ်။ ဆုံးဖြတ်ချက်အမှတ်စဉ်တွေနဲ့ အထောက်အထားရည်ညွှန်းချက်တွေ ကို "Charter-based" ကိုရှာဖို့သုံးနိုင်ပါတယ်။

## ၅။ လုပ်ငန်းစနစ်ယန္တရားတွေကို ဆက်သွယ် (တိုင်ကြား) နိုင်ဖို့ အနိမ့်ဆုံး သတင်းအချက်အလက်

*ဘယ်သူ့ကိုဆက်သွယ်ဆောင်ရွက်ဖို့လိပ်မူထားသလဲ(ဘယ်လုပ်ငန်းစနစ်ယန္တရားလဲ)၊တိုင်ကြားတဲ့ချိုးဖောက်မှုက လူပုဂ္ဂိုလ်ကို ဆက်သွယ်ဖို့လိပ်မူထားတာထက် လုပ်ငန်းစနစ်နဲ့ပိုပြီးပတ်သက်တယ်ဆိုတာ ထင်ရှားလာနိုင်ပေမယ့် လူ့အခွင့်အရေး ကော်မရှင်နာရုံး (OHCHR) ကသာ ဆုံးဖြတ်ချက်ချနိုင်ပါတယ်။

*ဦးတည်ချက်တွေနဲ့လုပ်ငန်းနည်းလမ်းတွေအပါအဝင်အဖွဲ့အစည်း(သို့)ဆက်သွယ်ရေးသားသူ(တိုင်ကြားသူ)နဲ့ ပတ်သက်တဲ့ အချက်အလက်၊ ဥပမာ သတင်းအချက်အလက်ကို ဘယ်လိုစုဆောင်း အတည်ပြုမယ်ဆိုတာ။

* လုပ်ငန်းစနစ်တွေက တိကျမှန်ကန်ပြီး မျှတတယ်လို့ယူဆတဲ့ သတင်းအချက်အလက်ကို အရေးယူဆောင်ရွက်မယ့်အတွက် ဆက်သွယ်တင်ပြပုံက ဒီလိုမျိုးပုံစံအတိုင်းဖြစ်ဖို့အရေးကြီးတယ်ဆိုတာ မှတ်သားရပါမယ်။

* တကယ်လို့ တင်ပြတိုင်တန်းချက်က တဦးချင်းအမှုနဲ့ပတ်သက်နေရင်၊ ကာယကံရှင်ရဲ့နာမည်၊ ဖြစ်တဲ့ ရက်စွဲနဲ့နေရာ၊ ချိုးဖောက်မှုရဲ့ တိကျတဲ့အသေးစိတ် အချက်အလက်တွေ (ဘယ်လိုကျူးလွန်တယ်၊ ဘာလက်နက်

တွေသုံးတယ်၊ ခန္ဓာကိုယ် ဘယ်အစိတ်အပိုင်း ထိခိုက်ဒဏ်ရာရတယ်၊ ဒါမှမဟုတ် ကျူးလွန်တာက စိတ်ပိုင်းဆိုင်ရာအရဆိုရင် ဘာတွေပါဝင်တယ်၊ တရားခံအတွက် ဘယ်လို ထိခိုက် နစ်နာတယ်) အပါအဝင် တိုင်တန်းတဲ့ ချိုးဖောက်မှုရဲ့ အသေးစိတ်ကို တင်ပြပါ။

* တကယ်လို့ တင်ပြတိုင်တန်းချက်က ယေဘုယျ အခြေအနေဆိုရင် နောက်ခံအခြေအနေတခု ဖန်တီးပေးဖို့ သတင်းအချက်အလက်ပံ့ပိုးပေးခြင်းပုံစံနဲ့ စတင်ရပါမယ်။ နောက်ထပ်မှတ်သားရမဲ့အချက်က ဆက်သွယ်သတင်းပို့ချက်ကို လက်ခံရရှိမယ့်သူက (ချိုးဖောက်မှုဖြစ်ပွားတဲ့) နိုင်ငံနဲ့ ပတ်သက်ပြီး အနည်းအကျဉ်းသာ သိသူဖြစ်နိုင်ပါတယ်။ အဲဒါကြောင့် ဥပမာ တင်ပြတဲ့သတင်းအချက်အလက်နဲ့ ပတ်သက်တဲ့ တရားဝင်ဘောင်နဲ့ နိုင်ငံရေးအခြေအနေတွေက တင်ပြထားတဲ့ နောက်ခံအခြေအနေနဲ့ ကိုက်ညီနိုင်ရပါမယ်။ ဒီအခြေအနေကို ထုထောင်ပြီးတဲ့ အခါမှာတော့ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအချက်အလက်တွေကို အသေးစိတ် ခြယ်မှုန်းတင်ပြရပါမယ်။ ရှာဖွေတွေ့ရှိတာတွေကို တင်ပြတဲ့အထဲမှာ ပြဌာန်းထားတဲ့ပုံစံတွေ အတိုင်းတင်ပြဖို့ အကြံပြုပါတယ်၊ ဒါ့အပြင်တင်ပြတောင်းဆိုမှုတွေကို တတ်နိုင်သမျှအသေးစိတ် ဥပမာနဲ့ တကွတင်ပြရပါမယ်။

* ဆက်သွယ်တင်ပြမှု ပုံစံနှစ်ခုစလုံးနဲ့ ပတ်သက်လို့ အထောက်အကူပြု အချက်အလက် မိတ္တူတွေ ပံ့ပိုးပေးပါ။

* ဆက်သွယ်တင်ပြချက်မှာ လျှို့ဝှက်ရမှာတွေများပါရင် (လျှို့ဝှက်ထားစေချင်တဲ့အကြောင်း) ဖော်ပြပေးပါ။

* တဦးချင်းအမှုတွေနဲ့ ပတ်သက်ပြီး အမှုကအရေးပေါ်ကိစ္စဟုတ်မဟုတ်ဖော်ပြပေးပါ။

* တကယ်လို့တင်ပြထားတဲ့အခြေအနေမှာ အပြောင်းအလဲတွေရှိခဲ့ရင် (ဥပမာ တရားလက်လွတ် အဖမ်းခံထားရတဲ့ တဦးတယောက် ပြန်လွတ်လာတဲ့အခါမျိုးမှာ) လုပ်ငန်းစနစ်ကိုသတင်းပို့ဖို့မမေ့ပါနဲ့။

လုပ်ငန်းစနစ်တွေအတွက် နောက်ထပ်လိုတဲ့ သတင်းအချက်အလက်ကိုတော့ ဒီစာတမ်းမှာ အလျဉ်းသင့်သလို ဖော်ပြထားပါတယ်။

## အထွေထွေလုပ်ပိုင်ခွင့်လွှဲအပ်ခြင်း (General Mandate)

လုပ်ငန်းစနစ်တခုချင်းစီအတွက် သီးသန့်ချမှတ်တဲ့ဆုံးဖြတ်ချက်တွေအပြင် ကော်မရှင်က အစည်းအဝေးတိုင်းမှာ လုပ်ငန်းစနစ်အားလုံးကို သူတို့ရဲ့လုပ်ပိုင်ခွင့်လွှဲအပ်တာတွေ အပြီးသတ်ဆောင်ရွက်ဖို့နဲ့ သီးသန့်ထူးခြားတဲ့ အကြံပြုတိုက်တွန်းချက်မျိုးတွေကို အကောင်အထည်ဖော်ဖို့ ညွှန်ကြားတဲ့ ဆုံးဖြတ်ချက်မျိုးတွေ ချမှတ်ပါတယ်။ ပြီးခဲ့တဲ့ အစည်းအဝေးတွေမှာ အောက်ပါအခြေခံအချက်တွေကိုထည့်သွင်းခဲ့ပါတယ်။

## လူ့အခွင့်အရေးနှင့် လုပ်ငန်းစနစ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (Human rights and thematic procedures)

ကော်မရှင်က လုပ်ငန်းစနစ်တွေကို အောက်ပါအချက်များအား အစီရင်ခံစာတွေမှာ ထည့်သွင်းဖော်ပြဖို့ တောင်းခံပါတယ်။

* လုပ်ငန်းစနစ်တွေကပို့တဲ့ (တိုင်ကြားချက်) ဆက်သွယ်သတင်းပို့ချက်တွေရဲ့ နောက်ဆက်တွဲ လုပ်ဆောင်ချက်အဖြစ် အစိုးရတွေက ပံ့ပိုးတဲ့သတင်းအချက်အလက်များ၊

* လက်ခံချဉ်းကပ်နိုင်လောက်တဲ့ ပြဿနာများအပေါ် မှတ်ချက်ချမှုများနဲ့ လုပ်ပိုင်ခွင့်အာဏာတွေကို ပိုမိုထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုများရဲ့ရလာဒ်၊

* လူ့အခွင့်အရေးကော်မရှင်နာရုံးရဲ့ အကြံပေးဝန်ဆောင်မှုနဲ့ နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်မှတဆင့် အစိုးရတွေက လျှောက်ပတ်တဲ့ အထောက်အကူ တောင်းခံလာနိုင်တာမျိုးအတွက် အကြံဉာဏ်ကမ်းလှမ်းမှုများ၊

* အဓိကအားဖြင့် အမျိုးသမီးများအပေါ် ပစ်မှတ်ထားတဲ့ (သို့) အထူးသဖြင့် အမျိုးသမီးများ ထိခိုက် လွယ်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှု သဘောသဘာဝနဲ့ လက်တွေ့ကျတဲ့ ချိုးဖောက်မှုများအပေါ် ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုများနဲ့ လိင်အရ ခွဲခြားဆက်ဆံမှုအချက်အလက်များ၊

* လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများရဲ့ သတင်းအချက်အလက်နဲ့ သူတို့လုံခြုံရေးကို ဘယ်လို မြှင့်တင်ပေးနိုင်မလဲဆိုတဲ့အချက်၊

* အဓိကအားဖြင့် ကလေးသူငယ်များကို ပစ်မှတ်ထားတဲ့ (သို့) အထူးသဖြင့် ကလေးသူငယ်များ ထိခိုက် လွယ်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှု သတင်းအချက်အလက်နဲ့ အသက်အရ ခွဲခြားဆက်ဆံမှု အချက်အလက်များ၊

## အမျိုးသမီးများအပေါ်အကြမ်းဖက်မှုကိုဖယ်ရှားတိုက်ဖျက်ခြင်း (Elimination of violence against women)

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်က သူ့လုပ်ပိုင်ခွင့်အတိုင်း ထမ်းဆောင်နိုင်ဖို့ အထူးသဖြင့် သူတောင်းတဲ့ သတင်းအချက်အလက်ကို တုံ့ပြန်ပေးဖို့ ကော်မရှင်က အစိုးရအားလုံးကို မေတ္တာရပ်ခံထားပါတယ်။ ဒ့ါအပြင် လုပ်ငန်းစနစ် အားလုံးနီးပါးကို သူတို့ရဲ့လုပ်ပိုင်ခွင့်အာဏာ နယ်မြေထဲမှာ လိင်အရ လူ့အခွင့်အရေး ချိုးဖောက်မှုတွေနဲ့ အမျိုးသမီးများနဲ့ မိန်းမငယ်များအား လူကုန်ကူးမှုကို အထူးအာရုံစိုက်ဖို့ ကော်မရှင်က တောင်းဆိုထားပါတယ်။

## ထင်မြင်ယူဆချက်နဲ့ ဖော်ထုတ်တင်ပြခွင့်ဆိုင်ရာလွတ်လပ်ခွင့်ကိုမြှင့်တင်ခြင်း
(Promotion of the right to freedom of opinion and expression)

ကော်မရှင်က အထိမ်းသိမ်းခံ ပုဂ္ဂိုလ်များ၊ အကြမ်းဖက်ခံ (သို့) မတရားဆက်ဆံခံရသူများနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်များ (သို့) ထင်မြင်ယူဆချက်ဆိုင်ရာ လွတ်လပ်ခွင့်၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၁၉၄၈) အရ အတည်ပြုဖော်ပြထားချက်များ၊ နိုင်ငံရေးနဲ့ လူမှုအခွင့်အရေးဆိုင်ရာ (၁၉၆၆) နိုင်ငံတကာ သဘောတူညီချက်နဲ့ အခြားလျော်ကန်တဲ့ လူ့အခွင့်အရေးနည်းလမ်းများကို ကျင့်သုံးသူများအား ခွဲခြားဆက်ဆံ နှိပ်ကွပ်ခြင်းများကို ဂရုပြုအာရုံစိုက်ဖို့နဲ့ အခြားဘယ်ဖော်ထုတ်တင်ပြခွင့်ဆိုင်ရာ လွတ်လပ်ခွင့် ယိုယွင်းဆုံးရှုံးမှု မျိုးကိုမဆို သတိပြုဖို့ လုပ်ငန်းစနစ်တွေကို တိုက်တွန်းထားပါတယ်။

## အကြံပေးဝန်ဆောင်မှုများနဲ့ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ
(Advisory services and technical co-operation)

(သင့်တော်တဲ့ ဘယ်နေရာမှာပဲဖြစ်ဖြစ်) တိကျထူးခြားတဲ့ စီမံကိန်းတွေ (လူ့အခွင့်အရေး အခြေအနေရဲ့ လက်တွေ့နဲ့

မြင်သာထင်သာရှိတဲ့ အပြောင်းအလဲတွေကို ထည့်သွင်းပါဝင်နိုင်ဖို့ အမြင်တခုနဲ့အတူ လူ့အခွင့်အရေး ကော်မရှင်နာရုံးက ကြီးကြပ်ဆောင်ရွက်တဲ့ အကြံပေးဝန်ဆောင်မှုနဲ့ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်မှာ အသိအမှတ်ပြု ဆောင်ရွက်နိုင်ဖို့အတွက်) အတွက် တင်ပြတောင်းခံမှုတွေကို သူတို့ရဲ့ အကြံပြု တိုက်တွန်းချက်တွေမှာ ထည့်သွင်းဖို့ ကော်မရှင်က လုပ်ငန်းစနစ်တွေကို တိုက်တွန်းပါတယ်။

**နိုင်ငံတခုအတွင်းနေထိုင်မှုအရ (သို့) လူမျိုးစု၊ ကိုးကွယ်ယုံကြည်မှုနဲ့ ဘာသာစကားအရ လူနည်းစုဖြစ်နေသူများ အတွက် အခွင့်အရေးများ**
(Rights of persons belonging to national or ethnic, religious and linguistic minorities)

ကော်မရှင်က (နိုင်ငံတခုအတွင်းနေထိုင်မှုအရ (သို့) လူမျိုးစု၊ ကိုးကွယ်ယုံကြည်မှုနဲ့ ဘာသာစကားအရ လူနည်းစုဖြစ်နေသူများ အခွင့်အရေးကြေညာစာတမ်း (၁၉၉၂) ပါ အချက်အလက်များအရ) လူနည်းစုတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်မြှင့်တင်ဖို့နဲ့ သင့်တော်သလို အထောက်အပံ့ပေးအပ်ဖို့ လုပ်ငန်းစနစ်တွေကို လုပ်ပိုင်ခွင့် အာဏာများအတွင်း သင့်တော်လျောက်ပတ်တဲ့ အလေးထားလေးစားမှုတွေ ဆက်လက်ပေးအပ်ဖို့ တိုက်တွန်းထားပါတယ်။

**အစုလိုက်အပြုံလိုက် ထွက်ပြေးပြောင်းရွှေ့သူများ၊ အတင်းအကျပ်နေရာပြောင်းခံရသူများနှင့် လူ့အခွင့်အရေး**
(Human rights and mass exoduses and displaced persons)

အစုလိုက်အပြုံလိုက် ထွက်ပြေးပြောင်းရွှေ့မှုများနဲ့ ပြောင်းရွှေ့သူများရဲ့ ပြဿနာများ၊ သူတို့ရဲ့ ဆန္ဒအလျောက် နေရပ်ပြန်နိုင်ရေးအတွက် စောင့်ဆိုင်းနေရမှုနှင့် ဒေသတွင်း အတင်းအကျပ် နေရာပြောင်းရွှေ့ ခံရနိုင်ဖွယ်ရှိတဲ့ (သို့) ပြောင်းရွှေ့ခံရတဲ့ အခြေအနေများကို (သင့်တော်တဲ့နေရာမှာ) သတင်းအချက်အလက် ရှာဖွေစုဆောင်းဖို့နဲ့ အစီရင်ခံစာတွေမှာ သတင်းအချက်အလက်နဲ့ တိုက်တွန်းချက်တွေ ထည့်သွင်းဖို့ ကော်မရှင်က လုပ်ငန်းစနစ်တွေကို တိုက်တွန်းထားပါတယ်။

**ဒေသတွင်းအတင်းအကျပ် နေရာရွှေ့ပြောင်းခံရသူများ** (Internally displaced persons)

ဒေသတွင်းအတင်းအကျပ် နေရာပြောင်းခံရမှုတွေကို အာရုံစိုက်ဖို့၊ ဒေသတွင်း အတင်းအကျပ် နေရာပြောင်းရွှေ့ ခံရနိုင်ဖွယ်ရှိတဲ့ (သို့) ပြောင်းရွှေ့ခံရတဲ့ အခြေအနေတွေပေါ်က သတင်းအချက်အလက် ရှာဖွေစုဆောင်း နေတာတွေကိုဆက်လုပ်ဖို့နဲ့ အစီရင်ခံစာတွေမှာ သတင်းအချက်အလက်နဲ့ တိုက်တွန်းချက်တွေထည့်သွင်းဖို့ ကော်မရှင်က လုပ်ငန်းစနစ်တွေကို တိုက်တွန်းထားပါတယ်။

**ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနဲ့ပူးပေါင်းဆောင်ရွက်ခြင်း**
(Co-operation with representatives of UN bodies)

ကော်မရှင်က အစိုးရတွေကို ကုလသမဂ္ဂအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လိုသူများအပေါ် ပုံစံ အမျိုးမျိုးဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း လက်စားချေအပြစ်ဒဏ်ပေးခြင်းမျိုးကိုမဆို ရှောင်ရှားရပ်တန့်ဖို့ တိုက်တွန်း ထားတဲ့ အပြင် လုပ်ငန်းစနစ် ယန္တရားများအပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုလည်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေအတွက် ချဉ်းကပ်မှုများမှ တားဆီးနှောက်ယှက်ခြင်းကို ကာကွယ်ဖို့ တိုက်တွန်းထားပါတယ်။ လုပ်ငန်းစနစ်ယန္တရားများကိုလည်း ကော်မရှင်ကိုတင်တဲ့ အစီရင်ခံစာတွေမှာ လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ပွားမှုတွေနဲ့ သူတို့ဘယ်လိုတုန့်ပြန် ကိုင်တွယ်ဖြေရှင်းတယ်ဆိုတဲ့ သတင်းအချက်အလက်တွေ

ထည့်သွင်းတင်ပြဖို့ ညွှန်ကြားထားပါတယ်။

ကုလသမဂ္ဂ လူ့အခွင့်အရေးအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်ခွင့် ရမထားတဲ့ အဲန်ဂျီအို ကိုယ်စားလှယ်တိုင်း လူ့အခွင့်အရေးချိုးဖောက်မှုတွေကို လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးကို အမြန်ဆုံးသတင်းပို့ဖို့ အရေးကြီးပါတယ်။

**ကလေးသူငယ်အခွင့်အရေးများ** (Rights of the child)

ကလေးသူငယ်တွေအတွက်အန္တရာယ်ရှိပြီး (လမ်းပေါ်က ကလေးတွေ၊ ကလေးလုပ်အား ခေါင်းပုံဖြတ်မှု၊ လက်နက်ကိုင်ပဋိပက္ခများနဲ့ ကလေးသူငယ်များ၊ ကလေးသူငယ်ရောင်းချမှုများ၊ ကလေးပြည့်တန်ဆာနဲ့ ကလေးသူငယ်များအား ညစ်ညမ်းရုပ်ရှင်၊ ဓါတ်ပုံ၊ စာအုပ်များတွင်အသုံးချမှုများ အပါအဝင်) သူတို့ရဲ့ အခွင့်အရေးတွေ အချိုးဖောက်ခံရတဲ့ ထူးခြားတဲ့အခြေအနေတွေပေါ် အထူးဂရုပြုအာရုံစိုက်ဖို့ ကော်မရှင်က လုပ်ငန်းစနစ်တွေကို တိုက်တွန်းထားပါတယ်။

**စွပ်စွဲပြစ်တင် အပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်ခွင့်** (Impunity)

ကော်မရှင်က သူတို့အလုပ်ခွင်အတွင်းမှာအကျုံးဝင်တဲ့ စွပ်စွဲပြစ်တင်အပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်ခွင့် ကိစ္စရပ်များကို အလေးထား စဉ်းစားဖို့ လုပ်ငန်းစနစ်တွေကို တိုက်တွန်းထားပါတယ်။

**တဖက်သတ် အတင်းအကျပ် အရေးယူဆောင်ရွက်မှုများနှင့် လူ့အခွင့်အရေး**
(Human rights and unilateral coercive measures)

ကော်မရှင်က တဖက်သတ်အတင်းအကျပ် အရေးယူဆောင်ရွက်မှုများနဲ့ နောက်ဆက်တွဲဆိုးကျိုးများကို အထူးအလေးထားအာရုံစိုက်ဖို့ လုပ်ငန်းစနစ်တွေကို တိုက်တွန်းထားပါတယ်။

**ဓါးစာခံအဖြစ် ခေါ်ဆောင်ခြင်း** (Hostage – taking)

ကော်မရှင်က သူတို့အလုပ်ခွင်အတွင်းမှာ အကျုံးဝင်တဲ့ ဓါးစာခံအဖြစ်ခေါ်ဆောင်ခံရခြင်းများရဲ့ နောက်ဆက်တွဲအကျိုးဆက်တွေကို သင့်တော်သလို ဆက်လက်ဖော်ထုတ်တင်ပြဖို့ လုပ်ငန်းစနစ်တွေကို တိုက်တွန်းထားပါတယ်။

**အကြမ်းဖက်စနစ်နှင့် လူ့အခွင့်အရေး** (Human Rights and Terrorism)

ကော်မရှင်က အကြမ်းဖက်အဖွဲ့အစည်းများရဲ့ လှုပ်ရှားမှုများ၊ လှုပ်ရှားပုံနည်းလမ်းများ၊ လက်တွေ့လုပ်ဆောင်မှုများနဲ့ နောက်ဆက်တွဲရလဒ်များကို သင့်တော်သလို အလေးထားစဉ်းစားဖို့ သက်ဆိုင်တဲ့ လုပ်ငန်းစနစ်တွေကို တိုက်တွန်းထားပါတယ်။

**တရားစီရင်အုပ်ချုပ်ရေးနှင့် အထူးသဖြင့် ကလေးသူငယ်တရားစီရင်ရေး**
(Administration of justice, in particular juvenile justice)

ကော်မရှင်က ကလေးသူငယ်တရားစီရင်ရေး အပါအဝင်၊ တရားစီရင်အုပ်ချုပ်ရေးနဲ့ ထိရောက်တဲ့ လူ့အခွင့်အရေးကာကွယ်မှုများနဲ့ ဆက်စပ်တဲ့ မေးခွန်းများအား ဆက်လက်အလေးထား လုပ်ဆောင်ဖို့နဲ့ ဒီအတွက် (အကြံပေး

ဝန်ဆောင်မှုနဲ့ နည်းပညာအထောက်အကူ တောင်းခံမှုများအပါအဝင်) တိကျထိရောက်တဲ့ တိုက်တွန်း အကြံပေးချက်များ ပံ့ပိုးပေးဖို့ သက်ဆိုင်တဲ့ လုပ်ငန်းစနစ်တွေကို တိုက်တွန်းထားပါတယ်။

### ဒီမိုကရေစီနှင့် လူမျိုးရေးဝါဒအကြား (ကွာဟမှု) ညှိနှိုင်းမှု
(Incompatibility between democracy and racism)

ကော်မရှင်က လုပ်ငန်းစနစ်တွေ (အထူးသဖြင့် လက်ရှိလူမျိုးရေးဝါဒပုံစံတွေ၊ လူမျိုးရေးအရ ခွဲခြားဆက်ဆံတာတွေ၊ တိုင်းတပါးသားများအားမုန်းတီးမှုနဲ့ နောက်ဆက်တွဲအဖြစ် အမြင်ကျဉ်းမြောင်း ရန်လိုမှုများအတွက် ခန့်အပ်တဲ့ အထူးကိုယ်စားလှယ်) ကို လူမျိုးရေးမုန်တီးမှုတိုးပွားလာမှုနဲ့ နိုင်ငံရေးအရနဲ့ လူ့အဖွဲ့အစည်းအနေအထားအရ (အထူးသဖြင့် ဒီမိုကရေစီစနစ်နဲ့ မလျော်ကန်တဲ့၊ ညှိနှိုင်းမရနိုင်တဲ့) တိုင်းတပါးသားမုန်းတီးမှုအပေါ်အခြေခံတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေအပေါ် ဆက်လက်အလေးထား လုပ်ဆောင်ဖို့ တိုက်တွန်းထားပါတယ်။

### မသန်မစွမ်းများအတွက် လူ့အခွင့်အရေး (Human rights of persons with disabilities)

ကော်မရှင်က သူတို့အလုပ်ခွင်အတွင်းမှာ အကျုံးဝင်တဲ့ မသန်မစွမ်းများအတွက် လူ့အခွင့်အရေး အခြေအနေ ကို ဖော်ထုတ်ဆောင်ရွက်ဖို့ လုပ်ငန်းစနစ်အားလုံးကို တိုက်တွန်းထားပါတယ်။

### လူမျိုးရေးဝါဒ၊ လူမျိုးရေးအရ ခွဲခြားဆက်ဆံခြင်း၊ တိုင်းတပါးသား မုန်းတီးမှုနဲ့ ခွဲခြားဆက်ဆံမှုပုံစံများ
(Racism, Racial Discrimination, Xenophobia and All Forms of Discrimination)

ကော်မရှင်က သူတို့လုပ်ပိုင်ခွင့်အတွင်းမှာအကျုံးဝင်တဲ့လူမျိုးရေးဝါဒ၊လူမျိုးရေးအရခွဲခြားဆက်ဆံခြင်း၊တိုင်းတပါးသား မုန်းတီးမှုနဲ့ နောက်ဆက်တွဲ လူမျိုးရေးတင်းမာမှုများအားလုံးကို တိုက်ဖျက်ဖို့ ဒါဘန်ကြေညာချက်နဲ့ ကမ္ဘာ့ညီလာခံရဲ့ လုပ်ငန်းအစီအစဉ်တွေကို သင့်တော်သလို စဉ်းစားဆွေးနွေးဖို့ လုပ်ငန်းစနစ်တွေကို တိုက်တွန်းထားပါတယ်။

### ဂလိုဘယ်လိုက်ဇေးရှင်း (ကမ္ဘာပြုမှု) နဲ့ လူ့အခွင့်အရေးရဲ့အသုံးဝင်မှုအပေါ် အကျိုးသက်ရောက်မှု
(Globalization and its impact on the full enjoyment of human rights)

ကော်မရှင်က (သင့်တော်ရာနဲ့ သူတို့လုပ်ပိုင်ခွင့်အတွင်းမှာ အကျုံးဝင်တဲ့) လူ့အခွင့်အရေး မဟာမင်းကြီးရဲ့ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ လူ့အခွင့်အရေးရဲ့ အသုံးဝင်မှုပေါ် အကျိုးသက်ရောက်မှု အစီရင်ခံစာကို စဉ်းစားဆွေးနွေးဖို့ လုပ်ငန်းစနစ်တွေကို တိုက်တွန်း ထားပါတယ်။

### လူတိုင်းပါဝင်ဆောင်ရွက်မှု၊ ညီမျှမှု၊ လူမှုရေးတရားမျှတမှုနဲ့ ခွဲခြားဆက်ဆံမှုမပြုခြင်းများအား ဒီမိုကရေစီရဲ့ အရေးပါတဲ့ အခြေခံများအဖြစ် ခိုင်မာစေခြင်း
(Strengthening of popular participation, equality, social justice and non-discrimination as essential foundations of democracy)

ကော်မရှင်က သူတို့လုပ်ပိုင်ခွင့် အတွင်းမှာအကျုံးဝင်တဲ့ လူတိုင်းပါဝင်ဆောင်ရွက်မှု၊ ညီမျှမှု၊ လူမှုရေး တရားမျှတမှုနဲ့ ခွဲခြားဆက်ဆံမှု မပြုခြင်းများအား ဒီမိုကရေစီရဲ့အရေးပါတဲ့ အခြေခံအုတ်မြစ်များအဖြစ် ခိုင်မာစေဖို့အတွက် အကောင်အထည်ဖော်ဖို့ လုပ်ငန်းစနစ်တွေကို တိုက်တွန်း ထားပါတယ်။

**ပျောက်ဆုံးနေသူများ** (Missing persons)

ကော်မရှင်က လက်နက်ကိုင်ပဋိပက္ခများနဲ့ဆက်နွယ်တဲ့ လူပျောက်တိုင်တန်းချက်ပြရနာများကို ဖော်ထုတ်တင်ပြဖို့ သက်ဆိုင်တဲ့လုပ်ငန်းစနစ်အားလုံးကို မေတ္တာရပ်ခံထားပါတယ်။

# အခန်း (၁)
# အမှုတခုချင်းစီအပေါ် လုပ်ငန်းစနစ်ယန္တရားများ၏ ကိုင်တွယ်ဖြေရှင်းပုံအား အကျဉ်းချုံးသုံးသပ်ချက်

## တရားလက်လွတ် (သို့) အတင်းအဓမ္မဖန်တီးသောအခြေအနေကြောင့် ပျောက်ဆုံးသွားမှုများအတွက် အလုပ်အဖွဲ့
## WORKING GROUP ON ENFORCED OR INVOLUNTARY DISAPPEARANCES (WGEID)

*ကော်မရှင်ဆုံးဖြတ်ချက် ၂၀ (XXXVI) အရ ၁၉၈၀ တွင်ဆုံးဖြတ်ချမှတ်သည်*

### **လုပ်ပိုင်ခွင့်နဲ့ အလုပ်လုပ်ပုံနည်းလမ်း** (Mandate and working method)

တရားလက်လွတ် (သို့) အတင်းအဓမ္မဖန်တီးမှု အခြေအနေကြောင့် ပျောက်ဆုံးသွားသူများ – ကာယကံရှင်ရဲ့ မိသားစုတွေကို သူတို့ဆွေမျိုးသားချင်းတွေဘယ်ရောက်လဲဆိုတာနဲ့ ဘာဖြစ်လဲဆိုတာ ဆုံးဖြတ်နိုင်ဖို့ ထောက်ကူနိုင်ရန်အတွက် လျှောက်ပတ်တဲ့ မေးခွန်းတွေကို လေ့လာဆန်းစစ်ဖို့အတွက် WGEID ကို လုပ်ပိုင်ခွင့်တွေ ပေးအပ်ထားပါတယ်။ အမှုတခုချင်းစီအတွက် ပျောက်သွားသူတွေဘယ်မှာလဲ၊ သေသလားရှင်သလား၊ အတိအကျ စုံစမ်းစစ်ဆေးကိုင်တွယ်ပြီးသားလားဆိုတာ သေချာစေပြီး၊ သက်ဆိုင်တဲ့ အစိုးရတွေနဲ့ မိသားစုတွေကြား (ပုံမှန်အားဖြင့် အဲနဲဂျီအိုများမှတဆင့်) ဆက်သွယ်ရေးလမ်းကြောင်းတခု ထူထောင်ဖို့အတွက် WGEID က ဆက်လက်လုပ်ဆောင်ပါတယ်။

WGEID က အခြားလုပ်ငန်းတာဝန်များနဲ့လဲ လုပ်ငန်းလွှဲအပ်လုပ်ကိုင်တာမျိုးတွေ အထူးသဖြင့် တရားလက်လွတ်အခြေအနေကြောင့် ပျောက်ဆုံးသူများကာကွယ်တားဆီးရေး ကြေညာချက် (၁၉၉၂) ကို နိုင်ငံတွေ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ထောက်ပံ့ကူညီပါတယ်။ WGEID က နိုင်ငံတွေကို စောင့်ကြည့်ဖို့နဲ့ ကြေညာချက်နဲ့တကွ အကောင်အထည်ဖော် လုပ်ဆောင်မှုတွေကို အပြည့်အဝ အာရုံစိုက်မှုပေးဖို့ သူတို့ရဲ့ တာဝန်တွေနဲ့ ကိုက်ညီအောင် ကြေညာချက်ကတဆင့် ပေးထားတဲ့ လုပ်ပိုင်ခွင့်အာဏာရထားပါတယ်။

### **"ပျောက်ဆုံးသွားမှုများ" အဓိပ္ပါယ်ဖွင့်ဆိုချက်** (Definition of "disappeared")

"ပျောက်ဆုံးသွားမှု" ကို အဓိပ္ပါယ်သတ်မှတ်ရာမှာ WGEID က ကြေညာချက် ကနဦးမှာဖော်ပြထားတဲ့ (ဒါကို အကောင်အထည်ဖော်တာက သူ့လုပ်ပိုင်ခွင့်အတွက် အဓိကကျတဲ့) အဓိပ္ပါယ်ဖွင့်ဆိုချက် ကို အသုံးပြုပါတယ်။

"ပျောက်ဆုံးသွားသူ" တယောက်ဟာ အဖမ်းခံရသူ၊ သူ့ရဲ့ဆန္ဒနဲ့ဆန့်ကျင်ပြီး ထိန်းသိမ်းခံရသူ (သို့) ပြန်ပေးဆွဲခံရသူ၊ (သို့) (က) အာဏာပိုင်များ ဒါမှမဟုတ် အခြားအဆင့်ဆင့်သော အစိုးရဌာနများ (သို့) (ခ) (တိုက်ရိုက် ဒါမှမဟုတ် သွယ်ဝိုက်ပြီး) အစိုးရကိုယ်စား၊ အစိုးရခွင့်ပြုချက်အရ (သို့) အစိုးရအကူအညီနဲ့ စနစ်တကျ ဖွဲ့စည်းထားတဲ့အဖွဲ့အစည်းတွေ ဒါမှမဟုတ် ပုဂ္ဂိုလ်တဦးချင်းစီကြောင့် လွတ်လပ်မှုငြင်းပယ် ရုပ်သိမ်းခံရသူ၊ (နောက်ဆက်တွဲအဖြစ် WGEID က အတိုက်အခံအဖွဲ့အစည်းတွေက သတ်မှတ်တဲ့ "ပျောက်ဆုံးမှုများ" နဲ့တော့ ပတ်သက်လုပ်ဆောင်မှု မရှိပါဘူး) အဖြစ် ရှင်းရှင်းလင်းလင်း သတ်မှတ်ခံရသူဖြစ်ပါတယ်။

ဒါ့အပြင် ဒီအင်အားစုတွေက ပျောက်ဆုံးသွားသူတယောက်ဘယ်ရောက်နေလဲဆိုတာကို လျှို့ဝှက်ပေးထားတယ် (သို့)

သူဘာဖြစ်တယ်ဆိုတာ ဖော်ပြဖို့ငြင်းပယ်တယ် (သို့) သူ့ရဲ့ လွတ်လပ်မှု ရုပ်သိမ်းခံရသူအဖြစ် အသိအမှတ်ပြုခံရသူ ဖြစ်တဲ့အတွက် ဥပဒေအကာအကွယ် အပြင်ရောက်နေသူအဖြစ် သတ်မှတ်ခံရသူဖြစ်ပါတယ်။

အတင်းအကျပ်ဖန်တီးမှုကြောင့် "ပျောက်ဆုံးသွားမှုများ" ကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (ရောမရုံး) ရဲ့ အမိန့်ပြဋ္ဌာန်းချက် ၇ (၁) (ဈ) အရ လူ့အသိုင်းအဝိုင်းကိုဆန့်ကျင်တဲ့ ရာဇဝတ်မှုအဖြစ် သတ်မှတ်ပါတယ်။

## **အမှုတစ်ချင်းစီကို လေ့လာဆန်းစစ်ခြင်း** (Examining individual cases)

WGEID က "ပျောက်ဆုံးသွားမှုများ" တိုင်ကြားချက်များကို လက်ခံပြီး စစ်ဆေးကြားနာပါတယ်။ ဒီလို လက်ခံနိုင်ဖို့ အတွက် ဆက်သွယ်တိုင်ကြားမှုတစ်ခုကို ရေးသားတင်ပြရမှာဖြစ်ပြီး ပေးပို့သူ ဘယ်သူဘယ်ဝါဆိုတာကိုပါ ရှင်းရှင်း လင်းလင်း ဖော်ပြရမှာ ဖြစ်ပါတယ်။ ဆက်သွယ်တိုင်ကြားချက်က ပျောက်ဆုံးသူရဲ့မိသားစု ဒါမှမဟုတ် မိတ်ဆွေများက ပေးပို့တာမျိုးဖြစ်တတ်ပေမယ့် တခါတရံ အဲဂျီအို တစ်ခုခုမှတဆင့်လည်း ပေးပို့နိုင်ပါတယ်။ WGEID က တသီးပုဂ္ဂလ အမှုတွေကို (တိုင်ကြားဆက်သွယ်ချက်တွေကို လက်ခံတာကလွဲလို့) ကိုယ်တိုင် စုံစမ်းစစ်ဆေး ကြားနာတာမျိုးကိုတော့ ပြုလုပ်မှာမဟုတ်ပါဘူး။

WGEID က အမှုတစ်ခုကိုလက်မခံခင်မှာ ဆက်သွယ်တိုင်ကြားချက်တွေကို အောက်ပါအခြေခံ လိုအပ်ချက်များအတိုင်း ဖြည့်စွက်တင်ပြရမှာဖြစ်ပါတယ်

* ပျောက်ဆုံးသူရဲ့နာမည်အပြည့်အစုံနဲ့ သင့်တော်တဲ့ကိုယ်ရေးအထောက်အထား အချက်အလက်များ (ဥပမာ–အမျိုးသားမှတ်ပုံတင်နံပါတ် (သို့) ဓါတ်ပုံ)

* ပျောက်ဆုံးတဲ့ရက်စွဲ–အဖမ်းခံရတဲ့ နေ့ရက်၊ လ နဲ့ နှစ်၊ ပြန်ပေးဆွဲခံရချိန် (သို့) နောက်ဆုံးတွေ့ခဲ့ချိန်။ တကယ်လို့ပျောက်ဆုံးသူကို နေရာတစ်ခုမှာ ထိန်းသိမ်းခံနေရတဲ့အနေနဲ့ နောက်ဆုံးတွေ့ခဲ့ရတယ်ဆိုရင် (ဘယ်တုန်းကနဲ့ ဘယ်နေရာမှာဆိုတဲ့) ခန့်မှန်းခြေဖော်ပြချက်တစ်ခု လိုအပ်ပါတယ်။

* အဖမ်းခံရတဲ့ (သို့) ပြန်ပေးဆွဲခံရတဲ့ နေရာ ဒါမှမဟုတ် ပျောက်ဆုံးသူကို နောက်ဆုံးဘယ်မှာတွေ့ခဲ့လဲ။ အနည်းဆုံးနေရာဒေသတစ်ခုကို ဖော်ပြပေးဖို့လိုအပ်ပါတယ်။

* ပျောက်ဆုံးသူကို ပြန်ပေးဆွဲတဲ့ (သို့) ဖမ်းဆီးတဲ့ (သို့) လူမသိတဲ့လျှို့ဝှက်နေရာမှာ ထိန်းသိမ်းဖို့ကြိုးပမ်းသူများ ပျောက်ဆုံးသူရဲ့ ကံကြမ္မာနဲ့ ဘယ်ရောက်နေလဲဆိုတာကို ဆုံးဖြတ်နိုင်ဖို့ (သို့) အနိမ့်ဆုံးအနေနဲ့ အားရစရာ မရှိတဲ့ (သို့) သံသယဖြစ်ဖွယ်ကောင်းတဲ့ ပြည်တွင်းဖြေရှင်းချက်များ (ဥပမာ ရဲစခန်းတစ်ခု ဒါမှမဟုတ် အနီးဆုံး ဆေးရုံတစ်ခုမှာသာ စုံစမ်းစစ်ဆေးမှုများ) ကို ပြောင်းလဲဖို့ကြိုးစားချက်တွေကိုဖော်ပြတဲ့ တင်ပြချက်တွေကို အဆင့် လိုက် လုပ်ဆောင်ပါတယ်။ တိုင်ကြားချက်တင်သွင်းသူ (သို့) အဖွဲ့အစည်းကို အသိအမှတ်ပြုမှတ်သားခြင်း (တောင်းဆိုချက်အပေါ် အခြေခံပြီး ထိပ်တန်းလျှို့ဝှက်အဖြစ် သိမ်းဆည်းထားမှာဖြစ်ပါတယ်။)

အကယ်၍ ပျောက်ဆုံးသွားတဲ့ အမျိုးသမီးတယောက်က ကိုယ်ဝန်နဲ့ဆိုရင် မိခင်ဖြစ်သူ အချုပ်အနှောင်ခံကာလ အတွင်းမှာ မွေးဖွားလာမဲ့ကလေး ဘယ်အချိန်မွေးမလဲဆိုတာ မိခင်ဖြစ်သူရဲ့အမှုဖြစ်စဉ်ထဲမှာ ထည့်သွင်းဖော်ပြရမှာ ဖြစ်ပါတယ်။ အမှန်တကယ် အချုပ်အနှောင်ခံကာလအတွင်း မိခင်ဖြစ်သူကကလေးမွေးတာကို သက်သေအသိအမှတ်ပြု ပြီးတဲ့အခါ ကလေးကို သီးခြားအမှုအဖြစ် သတ်မှတ်ရမှာဖြစ်ပါတယ်။
WGEIDကသတင်းအချက်အလက်တင်သွင်းတဲ့အခါမှာအထောက်အကူပြုအချက်အလက်တွေ(ဥပမာ–ပျောက်ဆုံး

သူရဲ့ဓါတ်ပုံ၊ ဒါမှမဟုတ် သက်သေအထောက်အထားတွေ) ထည့်သွင်းတင်ဖို့ တိုက်တွန်းပါတယ်။

## **အမှုများကို ကိုင်တွယ်ခြင်း** (Handling of cases)

WGEID ရဲ့ ကိုင်တွယ်ဖြေရှင်းချက်က သူ့နယ်မြေရေယာအတွင်းဖြစ်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုအပေါ် ကာကွယ်တားဆီးဖို့နဲ့ ချိုးဖောက်မှုဖြစ်ပွားတဲ့အခါ စုံစမ်းစစ်ဆေးဖော်ထုတ်ဖို့ ဒီနိုင်ငံတခုက တာဝန်ရှိတယ်ဆိုတဲ့ စည်းမျဉ်းအပေါ်အခြေခံပါတယ်။ အဲဒါကြောင့် WGEID က နယ်မြေတခုအတွင်းမှာ အစိုးရကိုတိုက်ခိုက်နေတဲ့ ပုံမှန်မဟုတ်တဲ့ ဒါမှမဟုတ် လက်နက်ကိုင်အုပ်စုတွေက တင်ပြတောင်းဆိုတဲ့ တသီးပုဂ္ဂလ "ပျောက်ဆုံးတဲ့" အမှုတွေကို ကိုင်တွယ်ဖြေရှင်းမှာမဟုတ်ပါဘူး။ လက်နက်ကိုင်ပဋိပက္ခအတွင်း ဖြစ်တဲ့အခြေအနေမျိုးတွေကိုလဲ ကိုင်တွယ်မှာမဟုတ်ပါဘူး။

"ပျောက်ဆုံးမှု"က ဘယ်မှာမှန်းမသိတဲ့ ကာလတိုထိန်းသိမ်းခံရတဲ့ ကိစ္စမျိုးမဟုတ်ဘူးဆိုတာ အတည်ပြုဖို့ကလဲ အရေးကြီးပါတယ်။ ဒီလိုကိစ္စမျိုးကို WGEID ကို မတင်ပြ မတိုင်ကြားသင့်ပါဘူး။

"ပျောက်ဆုံးမှု" တိုင်တန်းချက်က အထက်ဖော်ပြပါ အခြေခံလိုအပ်ချက်များနဲ့ကိုက်မကိုက် ချင့်ချိန် ဆုံးဖြတ်ပြီးတဲ့အခါ အမှုကိုဆက်လက်စုံစမ်းစစ်ဆေးပြီး ရလာတဲ့ရလဒ်ကို WGEID ကို ပြန်လည်သတင်းပို့ အကြောင်းကြားဖို့ အာဏာပိုင်တွေကို မေတ္တာရပ်ခံချက်နဲ့တကွ WGEID က သက်ဆိုင်တဲ့အစိုးရဆီကို အမှုကို လွှဲပြောင်းပေးပါတယ်။ "ပျောက်ဆုံးမှု" မှာ တနိုင်ငံထက်ပိုတဲ့ နိုင်ငံတွေက အာဏာပိုင်တွေ တိုက်ရိုက်တာဝန်ရှိတဲ့ ဒါမှမဟုတ် ပါဝင်ပတ်သက်နေတဲ့ အမှုတွေမှာ WGEID က "ပျောက်ဆုံးမှုဖြစ်တဲ့နိုင်ငံက တာဝန်ရှိသူတွေဆီကိုရော ဖမ်းဆီးမှု ဒါမှမဟုတ် ပျောက်ဆုံးသူကို ပြန်ပေးဆွဲခေါ်ဆောင်မှုမှာ ပါဝင်ပတ်သက်နေတဲ့ အာဏာပိုင်တွေရဲ့နိုင်ငံကိုရော အမှုကို လွှဲပြောင်းပေးအပ်နိုင်ပါတယ်။

## **အရေးပေါ် အယူခံဆိုင်ရာ လုပ်ထုံးလုပ်နည်း** (Urgent appeals procedure)

"ပျောက်ဆုံးမှု" ကို တိုင်ကြားတဲ့ တိုင်ချက်တွေကို WGEID က လက်ခံရရှိပြီး သုံးလအတွင်း ဖြစ်ပွားတဲ့ အမှုတွေကို အရေးပေါ်အယူခံများနဲ့သက်ဆိုင်တဲ့ လုပ်ထုံးလုပ်နည်းအတိုင်း သက်ဆိုင်ရာအစိုးရတွေကို တိုက်ရိုက်လွှဲပြောင်းပေးအပ်ပါတယ်။

## **အစိုးရများဆီမှ အကြောင်းပြန်ကြားချက်များနှင့် အမှုများကို အသေးစိတ် ရှင်းလင်းဖော်ပြခြင်း**
(Replies from governments and clarification of cases)

အစိုးရဆီက ပျောက်ဆုံးသူဘယ်ရောက်နေတယ်ဆိုတာနဲ့ ဘာဖြစ်တယ်ဆိုတဲ့ ကံကြမ္မာရယ်ပါဝင်တဲ့ အကြောင်းပြန်အစီရင်ခံစာကို မူလရင်းမြစ် (တိုင်ကြားတဲ့ဆီ) ကိုပြန်လွှဲပြောင်းပေးပါတယ်။ မူလရင်းမြစ်က အစိုးရရဲ့အကြောင်းပြန်ချက်ကို ရရှိအပြီး ခြောက်လအတွင်းအကြောင်းမပြန်ရင် (သို့) WGEID က အစိုးရရဲ့ သတင်းပို့အကြောင်းပြန်ချက်ကို ကျိုးကြောင်း သဘာဝမကျဘူးလို့ ထင်မြင်ဆုံးဖြတ်ရင် အမှုကို ရှင်းလင်းပြီးပြီလို့ ယူဆနိုင်ပြီး နှစ်စဉ်အစီရင်ခံစာရဲ့ စာရင်းဇယားအကျဉ်းချုပ်အောက်က "အစိုးရများရဲ့ အကြောင်းပြန်ကြား ဆောင်ရွက်ချက်အရ ရှင်းလင်းပြီးသောအမှုများ" ခေါင်းစဉ်အောက်မှာ ထည့်သွင်းနိုင်ပါတယ်။ မူလရင်းမြစ်က သင့်တော်တဲ့အခြေအနေပေါ်မှာ အစိုးရရဲ့ သတင်းအချက်အလက်ကို ဆန့်ကျင်တုန့်ပြန်ရင် အစိုးရကို သတင်းပို့ အကြောင်းကြား၊ မှတ်ချက်ပေးဖို့တောင်းဆိုပြီး အမှုကိုမပိတ်ပဲ ဆက်ဖွင့်ထားပါတယ်။

WGEID က သက်ဆိုင်တဲ့အစိုးရတိုင်းကို မရှင်းလင်းရသေးတဲ့ အမှုတွေနဲ့ပတ်သက်ပြီး အနည်းဆုံး တနှစ်တခါ သတိပေးပြီး လက်ခံရရှိပြီးခြောက်လအတွင်း လွှဲပြောင်းပေးလိုက်ပေမယ့် ရှင်းလင်းချက်မရသေးတဲ့ အရေးပေါ်အမှုတွေ အပေါ် တနှစ်နှစ်ခါ သတိပေးပါတယ်။

## **စစ်တမ်းမေးခွန်းပုံစံလွှာ** (Questionnaire)

အမှုတွေတိုင်ကြားတင်ပြတာလွယ်ကူချောမွေ့စေဖို့ WGEID က "ပျောက်ဆုံးသွားမှု" တွေအပေါ်သတင်းပို့တိုင်ကြားချက်တွေအတွက် (ကုလသမဂ္ဂ လူ့အခွင့်အရေးမဟာမင်းကြီးရုံး အင်တာနက်စာမျက်နှာ (http://www.unhchr.ch/html/menu2/7/b/disappea/explanote.htm) ပေါ်မှာရနိုင်တဲ့) စံပြုပုံစံတခု ပြင်ဆင်ထားပါတယ်။

## **အထွေထွေ** (General)

ကော်မရှင်ကိုတင်ပြတဲ့ဒီအစီရင်ခံစာထဲမှာ WGEID က ကြေညာချက်ကို အကောင်အထည်ဖော်တဲ့ သတင်း အချက်အလက်တွေနဲ့ အတင်းအကျပ်အရနဲ့ အလိုအလျောက် ပျောက်ဆုံးသွားသူများအား ကာကွယ်ဖို့ လက်ရှိ နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာနဲ့ လူ့အခွင့်အရေး ပုံစံဘောင်ကို လေ့လာစစ်ဆေးဖို့ သီးခြားလွတ်လပ်တဲ့ ကျွမ်းကျင်သူ ခန့်အပ်တာကို ထောက်ခံအားပေးတဲ့ သတင်းအချက်အလက်တွေ ထည့်သွင်းပံ့ပိုးထားပါတယ်။

## တရားဝင်ရုံးမတင်တဲ့အမှုများ၊ အကျဉ်းရုံး (သို့) ဥပဒေမဲ့ ကွပ်မျက်မှုများဆိုင်ရာ အထူးကိုယ်စားလှယ်
## SPECIAL RAPPORTEUR ON EXTRAJUDICIAL, SUMMARY OR ARBITRARY EXECUTIONS ECOSOC *ဆုံးဖြတ်ချက် ၁၉၈၂၊ ၃၅ အရချမှတ်သည်*

### လုပ်ပိုင်ခွင့်လွှဲအပ်မှုများနှင့် အလုပ်လုပ်ပုံနည်းစနစ် (Mandate and working method)

အထူးကိုယ်စားလှယ်ရဲ့လုပ်ပိုင်ခွင့်က (၁၉၄၈) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ (၁၉၆၆) အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးနှင့် အထွေထွေလူမှုအခွင့်အရေးများဆိုင်ရာ သဘောတူညီချက်ရဲ့ အပိုဒ်ခွဲ ၄ ၊ ၆ ၊ ၁၄ ၊ ၁၅ နဲ့ (၁၉၈၉) တရားဝင် ဘောင်ပြင်ပ၊ အကျဉ်းရုံးတရားစီရင်မှုနဲ့ ဥပဒေမဲ့တရားစီရင်မှုများကို ထိရောက်သော ကာကွယ်တားဆီး မှုနဲ့ စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေများပေါ်မှာ အဓိကအားဖြင့်အခြေခံပါတယ်။

အထူးကိုယ်စားလှယ်က တသီးပုဂ္ဂလများ၊အဲန်ဂျီအိုများ၊အစိုးရများနဲ့ အစိုးရတွေကြား ဆောင်ရွက်တဲ့အဖွဲ့အစည်းများက တင်ပြတဲ့၊ အောက်ပါအခြေခံလိုအပ်ချက်များနဲ့လဲ ကိုက်ညီတဲ့အမှုတွေအပေါ်မှာ အရေးယူဆောင်ရွက်နိုင်ပါတယ်။

* သေဒဏ်အမိန့်နှင့်ဆက်စပ်ပြီး အသက်ရှင်နေထိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို ချိုးဖောက်မှုများ။ အထူးကိုယ် စားလှယ်က တရားမျှတမှုမရှိတဲ့ တရားစီရင်မှုကနေ အမိန့်ချတဲ့ သေဒဏ်အမိန့် (သို့) အယူခံဝင်နိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကိုချိုးဖောက်မှု(သို့)အမှုမှလွတ်ငြိမ်းခွင့်နဲ့အဆက်အသွယ်ရှာဖွေဖို့အခွင့်အရေးချိုးဖောက်မှုများကို ဝင်ရောက်စွက်ဖက်နိုင်ပါတယ်။အထူးကိုယ်စားလှယ်ကတကယ်လို့ကျူးလွန်သူကအမှုကျူးလွန်ချိန်မှာအသက် ၁၈ နှစ် မပြည့်သေးရင် (သို့) ကျပ်မပြည့်ရင် (သို့) စိတ်ဖောက်နေသူဖြစ်ရင် (သို့) ကိုယ်ဝန်သည်ဖြစ်နေရင် (သို့) ကလေးမွေးပြီးကာစ မီးနေသည်ဖြစ်နေရင် လည်း အမှုကိုဝင်ရောက်စွက်ဖက်ခွင့်ရှိပါတယ်။

* နိုင်ငံအာဏာပိုင်များ၊ ပြည်သူ့စစ်အုပ်စုများ၊ တသီးပုဂ္ဂလများ (သို့) အစိုးရနဲ့ပူးပေါင်းဆောင်ရွက်နေတဲ့ ဒါမှမဟုတ် အစိုးရကခွင့်ပြုထားတဲ့ (မသိချင်ယောင်ဆောင်၊ မြှောက်ပေးထားတဲ့) အဖွဲ့အစည်းတွေနဲ့ အမည်နဲ့ အမျိုးအစား မဖော်ပြနိုင်ပေမယ့် အထက်ဖော်ပြချက်တွေနဲ့ ဆက်နွယ်နေသူတွေရဲ့ သတ်ဖြတ်ဖို့ ခြိမ်းခြောက်မှုနဲ့ စီရင်ခါနီး ဥပဒေနဲ့မလျော်ညီတဲ့အမိန့်တွေအပေါ် စိုးရိမ်မှုများ

* ညှဉ်းပမ်းနှိပ်စက်မှု၊ ဥပေက္ခာပြုမှုနဲ့ အင်အားသုံးမှုတွေကြောင့် ချုပ်နှောင်ခံရစဉ်အတွင်းသေဆုံးမှုများ (သို့) အသက်အန္တရာယ် ခြိမ်းခြောက်နေတဲ့ ထိန်းသိမ်းချုပ်နှောင်မှုများ

* တရားဥပဒေစိုးမိုးရေးအာဏာပိုင်များ (သို့) တိုက်ရိုက် ဒါမှမဟုတ် သွယ်ဝိုက်ပြီး အစိုးရရဲ့သဘောတူ ခွင့်ပြုချက်အရ အကောင်အထည်ဖော်ဆောင်ရွက်သူများရဲ့ အင်အားအသုံးပြုမှုကြောင့် သေဆုံးမှုများ၊ အင်အား အသုံးပြုမှုက အဓိကလိုအပ်မှုရယ် သင့်တော်မျှတမှုရယ်တို့ရဲ့ အခြေခံလိုအပ်ချက်တွေနဲ့ မကိုက်ညီပဲ ဝိရောဓိ ဖြစ်တဲ့အခါ

* နိုင်ငံလုံခြုံရေးတပ်ဖွဲ့တွေရဲ့တိုက်ခိုက်မှုတွေ၊ ပြည်သူ့စစ်အဖွဲ့တွေရဲ့တိုက်ခိုက်မှုတွေ၊ ကွပ်မျက်ရေးအဖွဲ့တွေနဲ့ အခြားအစိုးရကခွင့်ပြုထားတဲ့(သို့)အစိုးရနဲ့ပူးပေါင်းဆောင်ရွက်နေတဲ့သီးသန့်တပ်ဖွဲ့တွေရဲ့တိုက်ခိုက်မှုကြောင့် သေဆုံးမှုများ

* လက်နက်ကိုင်ပဋိပက္ခများအတွင်း လူသားဆန်တဲ့ ဥပဒေနည်းလမ်း ဘောင်များကိုဆန့်ကျင်ပြီး အထူးသဖြင့် သာမန်ပြည်သူများရဲ့ အသက်ရှင်နေထိုင်မှုဆိုင်ရာ အခွင့်အရေးများ ချိုးဖောက်ခံရမှုများ

* နိုင်ငံတခုအတွင်း အသက်အန္တရာယ်ရှိနေသူများကို ထိုနိုင်ငံမှ ကယ်ထုတ်ပေးခြင်း (သို့) ပြောင်းရွှေ့ပေးခြင်းနဲ့ ပိတ်ဆို့ထားတဲ့ နယ်စပ်များမှတဆင့် သူတို့အတွက် အန္တရာယ်ရှိတဲ့ နိုင်ငံတခုမှထွက်ခွာဖို့ ကြိုးစားရင်း နိုင်ငံရေး ခိုလှုံခွင့် တောင်းခံသူများကို ကာကွယ်ပေးခြင်း

* မျိုးဖြုတ်သတ်ဖြတ်မှု

* တိုင်တန်းတဲ့ အသက်ရှင်နေထိုင်ခွင့်ဆိုင်ရာ အခွင့်အရေးချိုးဖောက်မှုတွေနဲ့ အဲဒီအတွက် တာဝန်ရှိသူတွေကို ဥပဒေရှေ့မှောက်ပို့ဆောင်ဖို့အတွက် စုံစမ်းစစ်ဆေးရေးအတွက်တာဝန်ရှိမှုကို ချိုးဖောက်ခြင်း

* အသက်ရှင်နေထိုင်ခွင့်ဆိုင်ရာ အခွင့်အရေးချိုးဖောက်ခံရသူများအတွက် လုံလောက်တဲ့လျော်ကြေး ထောက်ပံ့ပေးအပ်ဖို့ တာဝန်ရှိမှုကို ချိုးဖောက်ခြင်း

## အမှုတခုချင်းစီကို လေ့လာဆန်းစစ်ခြင်း (Examining individual cases)

အနည်းဆုံး အောက်ပါသတင်းအချက်အလက်များကို ရေးသားတင်ပြရမှာ ဖြစ်ပါတယ်

* ကာယကံရှင်ရဲ့ ထူးခြားချက်များ အပြည့်အစုံ

* အမှုဖြစ်ပွားတဲ့နေရာနဲ့ နေ့စွဲအပြင် ဘယ်လိုဖြစ်ပွားတယ်ဆိုတဲ့ အကျဉ်းချုပ်ဖော်ပြချက်

* တကယ်လို့သိမယ်ဆိုရင် ကျူးလွန်သူများရဲ့နာမည်များနဲ့ သူတို့ဘာလို့ တာဝန်ရှိတယ်လို့ သံသယ အဝင်ခံရတယ်ဆိုတဲ့ ရှင်းလင်းဖော်ပြချက်နဲ့ တကယ်လို့ ကျူးလွန်သူတွေက အာဏာပိုင်တွေ မဟုတ်ရင် ဒီပုဂ္ဂိုလ်တဦးချင်း (သို့) အဖွဲ့တွေက အစိုးရနဲ့ ဘယ်လိုဆက်စပ်နေတယ်ဆိုတဲ့ အသေးစိတ်အချက်အလက်တွေ

* အထူးကိုယ်စားလှယ်ဆီကို တိုင်ကြားချက်တင်သွင်းတဲ့ အဖွဲ့အစည်း ဒါမှမဟုတ် တဦးချင်းရဲ့နာမည်နဲ့ လိပ်စာ အပြည့်အစုံ

## အမှုများကိုကိုင်တွယ်ခြင်း (Handling of cases)

တရားဝင်ရုံးမတင်ပဲ၊ အကျဉ်းရုံး (သို့) ဥပဒေမဲ့ကွပ်မျက်မှုတွေအတွက် တိုင်ကြားတဲ့အမှုတွေကို သက်ဆိုင်ရာအစိုးရများထံလွှဲပြောင်းပေးအပ်ပါတယ်။ အစိုးရတွေကို အမှုတွေနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးချက်တွေရဲ့တိုးတက်မှုတွေနဲ့ ရလဒ်တွေ၊ ကျူးလွန်သူတွေကို ဘယ်လိုစစ်ဆေးရုံးတင်အရေးယူထားတယ်၊ ကာယကံရှင်ရဲ့ မိသားစုတွေကို ဘယ်လို လျော်ကြေးမျိုး ထောက်ပံ့ပေးအပ်ထားတယ်ဆိုတဲ့အချက်တွေပါဝင်တဲ့ သတင်းအချက်အလက်တွေနဲ့အတူအကြောင်း ပြန်ကြားဖို့ တိုက်တွန်းထားပါတယ်။

## အရေးပေါ်အယူခံဆိုင်ရာ လုပ်ထုံးလုပ်နည်း (Urgent appeals procedure)

အထူးကိုယ်စားလှယ်က တရားဝင်ရုံးမတင်ပဲ၊ အကျဉ်းရုံး (သို့) ဥပဒေမဲ့ ကွပ်မျက်တော့မှာ မြင်သာတာကို စိုးရိမ်တဲ့ အမှုတွေအတွက် အရေးပေါ်အယူခံများ တင်သွင်းနိုင်ပါတယ်။ အထူးကိုယ်စားလှယ်က အသက်ဆုံးရှုံးမှုများကို ကာကွယ်ဖို့ ဝင်ရောက်စွက်ဖက်နိုင်ပါတယ်။ ဒီအခြေအနေတွေမှာ သတ်ဖြတ်ဖို့ ခြိမ်းခြောက်မှုတွေ၊ သေဒဏ်ကျများကို ကွပ်မျက်တော့မယ့်အတွက် စိုးရိမ်မှုတွေ၊ အထက်မှာဖော်ပြထားပြီးတဲ့ အချက်တွေအပါအဝင် သေဒဏ်နဲ့ပတ်သက်ပြီး ပြဋ္ဌာန်းထားတဲ့ နိုင်ငံတကာသတ်မှတ်ချက်တွေကို ချိုးဖောက်မှုတွေပါဝင်ပါတယ်။ အထူးကိုယ်စားလှယ်က တရားဝင်ရုံးမတင်ပဲ၊ အကျဉ်းရုံး (သို့) ဥပဒေမဲ့ ကွပ်မျက်ခံရဖို့ ခြိမ်းခြောက်ခံနေရသူများကို အန္တရာယ်ရှိနေတဲ့ နိုင်ငံကနေ ကယ်ထုတ်ရှင်းလင်းပြီးကြောင်း သတင်းပို့ချက်တွေ ရရှိပြီးတဲ့အခါမှာလည်း အစိုးရတွေဆီကို အရေးပေါ် အယူခံလွှာတွေ ပေးပို့နိုင်ပါတယ်။

အရေးပေါ်အယူခံလွှာတွေ လွှဲပြောင်းတင်သွင်းတဲ့အခါ အထူးကိုယ်စားလှယ်က သက်ဆိုင်ရာအစိုးရများကို အောက်ပါ အချက်များ တိုက်တွန်းပါတယ်

* ခြိမ်းခြောက်ခံရသူများ (သို့) ကွပ်မျက်ခံရနိုင်တဲ့ အန္တရာယ်ရှိနေသူများကို ထိရောက်တဲ့ အကာအကွယ်ပေးရေး သေချာစေဖို့

* လူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက် လွတ်လပ်ပြီးမျှတတဲ့ စုံစမ်းစစ်ဆေးရေး အပြည့်အဝအကောင်အထည်ဖော်ရေး

* တရားလက်လွတ် ကွပ်မျက်မှုတွေ ကျူးလွန်သူများကို တရားဥပဒေအရ အရေးယူရေး

* ကာယကံရှင်တွေရဲ့ အခွင့်အရေးတွေ ကာကွယ်ပေးရေးနဲ့

* ဆောင်ရွက်နေတဲ့အဆင့်တိုင်းကို အထူးကိုယ်စားလှယ်ကို ဆက်လက်သတင်းပို့ တင်ပြရေးများဖြစ်ပါတယ်။

## အစိုးရများဆီမှ အကြောင်းပြန်ကြားချက်များနဲ့ အမှုများကိုအသေးစိတ် ရှင်းလင်းဖော်ပြခြင်း (Replies from governments and clarification of cases)

အထူးကိုယ်စားလှယ်က အစိုးရဆီက နောက်ဆက်တွဲသတင်းအချက်အလက် အပြည့်အစုံကို (သို့) အမှုဖြစ်စဉ်တိုင်ကြားချက်ရဲ့ မူလဇာစ်မြစ်ကို တောင်းခံနိုင်ပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ လတ်တလော ဖြစ်ပြီးသား အမှုတွေအတွက် ဘက်မလိုက်တဲ့ အပြည့်အဝစုံစမ်းစစ်ဆေးမှုတခု ဆက်လက်လုပ်ဆောင်ဖို့၊ တရားဝင် ရုံးမတင်ပဲ၊ အကျဉ်းရုံး (သို့) ဥပဒေမဲ့ကွပ်မျက်မှု ကျူးလွန်သူများကို တရားဥပဒေအရ အရေးယူဖို့နဲ့ ကာယကံရှင်ရဲ့ မိသားစုတွေရဲ့ အခွင့်အရေးတွေကိုကာကွယ်ပေးဖို့ အစိုးရတရပ်ရဲ့တာဝန်ရှိမှုကို အထူးကိုယ်စားလှယ်က အာရုံစိုက်စောင့်ကြည့်ပါတယ်။ ဒီအခြေခံလိုအပ်ချက်အားလုံးကို အကောင်အထည်ဖော် ဖြည့်ဆည်းပြီးမှသာ အမှုတခုကို ပိတ်နိုင်ပါတယ်။

## စစ်တမ်းမေးခွန်းပုံစံလွှာ (Questionnaire)

အကျဉ်းရုံး (သို့) ဥပဒေမဲ့ကွပ်မျက်မှုတွေကို သတင်းပို့ တိုင်ကြားချက်တွေအတွက် အမှုတွေတိုင်ကြားတင်ပြတာ လွယ်ကူချောမွေ့စေဖို့ အထူးကိုယ်စားလှယ်က (ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံး အင်တာနက် စာမျက်နှာ (အအစါ။တတတ၏ကည္ခမ၏ခ္ဓအၥူ၊နညက၂၇၊ဘ၊နထနခကအ၊နထနဆကန္ဗအ၏္အာ) ပေါ်မှာရနိုင်တဲ့) စံပြပုံစံတခု ပြင်ဆင်ထားပါတယ်။

## အထွေထွေ (General)

မကြာသေးခင်က ကော်မရှင်ကိုတင်ပြထားတဲ့ အစီရင်ခံစာမှာ အထူးကိုယ်စားလှယ်က ဆက်လက်လုပ်ဆောင်ဖို့ လိုအပ်တဲ့ "အထူးအာရုံစိုက်စရာ" ခြောက်ခုကို အသားပေးဖေါ်ပြထားပါတယ်။ အဲဒါတွေကတော့

* လက်နက်ကိုင်ပဋိပက္ခများအတွင်း အသက်ရှင်နေထိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်ခြင်းများ၊

* လုံခြုံရေးတပ်ဖွဲ့များ၏ သတ်ဖြတ်မှုများ (သို့) တိုက်ခိုက်မှုကြောင့် သေဆုံးမှုများ၊

* အစိုးရနဲ့ပူးပေါင်းလုပ်ဆောင်တဲ့ (သို့) ခွင့်ပြုချက်အရလုပ်ဆောင်တဲ့ သီးခြားကိုယ်ပိုင်တပ်ဖွဲ့များနဲ့ ပြည်သူ့ စစ်အုပ်စုများမှ ကျူးလွန်သော ချိုးဖောက်ခြင်းများ

* ကျူးလွန်ခံကာယကံရှင်များရဲ့ အခွင့်အရေးများ၊ လျော်ကြေးနဲ့ ပြစ်ဒဏ်မှ လွတ်ငြိမ်းကင်းလွတ်ခွင့်

* ကလေးသူငယ်များရဲ့ အသက်ရှင်နေထိုင်မှုဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်ခြင်းများ

* ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာအဖွဲ့များနဲ့ ပူးပေါင်းဆောင်ရွက်သူများ၊ လူ့အခွင့်အရေးကာကွယ် မြှင့်တင် သူများအပေါ် ကျူးလွန်သော ချိုးဖောက်မှုများနဲ့

* သေဒဏ် အပြစ်ပေးခြင်းဆိုင်ရာများ ဖြစ်ပါတယ်။

အစီရင်ခံစာထဲမှာ တရားဥပဒေစိုးမိုးရေး အာဏာပိုင်များရဲ့ အင်အားအလွန်အကျွံသုံးမှုများနဲ့ ပတ်သက်တာတွေ၊ သက်ဆိုင်ရာနိုင်ငံတွေမှာ အသက်အန္တရာယ် ခြိမ်းခြောက်ခံရသူများအား ကယ်ထုတ်နေရာပြောင်းရွှေ့ပေးတာတွေ၊ အမျိုးသမီးများဘဝဆိုင်ရာအခွင့်အရေးများ၊ အသက်ရှင်ခွင့်ဆိုင်ရာအခွင့်အရေးတွေနဲ့ လိင်ပိုင်းဆိုင်ရာအခွင့်အရေး တွေ ချိုးဖောက်ခံရတာတွေနဲ့ ပတ်သက်တဲ့ တိုက်တွန်းအကြံပေးချက်တွေ ပါဝင်ပါတယ်။

## နှိပ်စက်ညှဥ်းပန်းမှုဆိုင်ရာအထူးကိုယ်စားလှယ်

SPECIAL RAPPORTEUR ON TORTURE

*ကော်မရှင်ဆုံးဖြတ်ချက် ၁၉၈၅၊ ၃၃ အရအတည်ပြု ချမှတ်သည်*

### လုပ်ပိုင်ခွင့်လွှဲအပ်မှုများနှင့် အလုပ်လုပ်ပုံနည်းစနစ် (Mandate and working method)

အထူးကိုယ်စားလှယ်ရဲ့ လုပ်ပိုင်ခွင့်က (၁၉၄၈) ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၊ (၁၉၆၆) အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးနှင့် အထွေထွေလူမှုအခွင့်အရေးများဆိုင်ရာ သဘောတူညီချက်ရဲ့ အပိုဒ်ခွဲ ၄ ၊ ၆ ၊ ၁၄ ၊ ၁၅ နဲ့ (အနှိပ်စက်မခံရဖို့နဲ့ အခြားရက်စက်ကြမ်းကြုတ်တဲ့၊ လူသားမဆန်တဲ့ (သို့) နှိမ့်ချဆက်ဆံမှု (သို့) ပြစ်ဒဏ်ပေးမှုများမှ ကင်းလွတ်ပိုင်ခွင့်တွေကို အာမခံချက်ပေးတဲ့) (၁၉၈၄) နှိပ်စက်ညှဥ်းပန်းမှုနဲ့ အခြားရက်စက်ကြမ်းကြုတ်တဲ့၊ လူသားမဆန်တဲ့ (သို့) နှိမ့်ချဆက်ဆံမှု (သို့) ပြစ်ဒဏ်ပေးမှုများမှ ကာကွယ်တားဆီးမှုဆိုင်ရာ ညီလာခံပေါ်မှာ အဓိကအားဖြင့် အခြေခံပါတယ်။

ပိုသိသာထင်ရှားတဲ့ နှိပ်စက်ညှဥ်းပန်းတဲ့ အမှုတွေအပြင် အောက်ဖော်ပြပါ အမှုတွေကလဲ အထူးကိုယ်စားလှယ်က နှိပ်စက်ညှဥ်းပန်းမှုများအဖြစ်သတ်မှတ်တဲ့ အခြားအမှုတွေရဲ့ နမူနာတွေပဲဖြစ်ပါတယ်။

### ရုပ်ပိုင်းဆိုင်ရာနှိပ်စက်မှုများ (Physical torture including)

အလင်းရောင်နဲ့ အသံအလွန်အကျွံအသုံးပြုပြီးနှိပ်စက်မှု၊ ထူးခြားတဲ့ဆေးဝါးများသုံးပြီး နှိပ်စက်မှု (ဥပမာ–အန်စေတဲ့ **apomorphine** နဲ့ အသက်ရှုကျပ်စေတဲ့ **curare** ဆေးများအသုံးပြုမှု)၊ ကာလရှည် အနားမယူ မအိပ်စက်စေမှု၊ ကာလရှည် အစာမကျွေးပဲထားမှု၊ ကာလရှည် တကိုယ်ရည်သန့်ရှင်းရေးမလုပ်စေမှု၊ ကာလရှည် ဆေးဝါးကုသခွင့်မပေးမှု၊ တရားဝင်အမိန့်ချမှတ်ထားတဲ့ ကိုယ်ထိလက်ရောက်အပြစ်ဒဏ်ပေးမှု၊ ချုပ်နှောင်ခံရစဥ် အဓမ္မပြုကျင့်ခံရမှုနဲ့ လိင်ပိုင်းဆိုင်ရာစော်ကားခံရမှုများပါဝင်ပါတယ်။

### စိတ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုများ (Psychological or mental torture including)

လုံးလုံးလျားလျား အထီးကျန်စေခြင်းနဲ့ အသိအကြားပိုင်းဆိုင်ရာ အာရုံခံနိုင်မှုများမှ ကင်းဝေးစေခြင်း (တကယ်လို့ ဒီအခြေအနေတွေမှာ အချိန်ကြာလာတာနဲ့အမျှ ပြင်းထန်ပြီးတခါတရံ ကုသပြောင်းလဲမရနိုင်တော့တဲ့ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှု၊ ပညာရေးဆိုင်ရာနဲ့ စိတ်ခံစားတုန့်ပြန်မှုဆိုင်ရာပြဿနာတွေ ဖြစ်ပေါ်စေနိုင်ပါတယ်။)၊ အချိန်နဲ့နေရာ အတိအကျ ခန့်မှန်းမရနိုင်တဲ့ အမြဲတမ်း မရေရာတဲ့ (မကြာခဏဆိုသလို နေရာပြောင်းချုပ်နှောင်ခံရခြင်း) အခြေအနေမှာ ချုပ်နှောင်ခံရခြင်း၊ မိသားစုဆွေမျိုးများကို နှိပ်စက်သတ်ဖြတ်ရန် ခြိမ်းခြောက်ခံရခြင်း၊ လုံးဝဥပေက္ခာပြုခံရခြင်း၊ (တကယ်သတ်တော့မယ့်ပုံစံမျိုးနဲ့) ဟန်ဆောင်ကွပ်မျက်ခံရခြင်းများနဲ့ မိသားစုဆွေမျိုးများ ပျောက်ဆုံးနေမှုတို့ဖြစ်ပါတယ်။

အထူးကိုယ်စားလှယ်ရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကတော့အောက်ပါအတိုင်းဖြစ်ပါတယ်

* လက်ခံယုံကြည်နိုင်လောက်တဲ့ သတင်းအချက်အလက်တွေကို အစိုးရများ၊ အထူးပြုအဖွဲ့အစည်းများ၊ အစိုးရအတွင်း အဖွဲ့အစည်းများနဲ့ အဲန်ဂျီအိုများထံမှတောင်းခံခြင်းနဲ့ လက်ခံဆောင်ရွက်ခြင်း

* အစိုးရများထံ (သူတို့ရဲ့အခြေအနေပေါ်မှာ ဖြေရှင်းဆောင်ရွက်ပေးဖို့က အထူးကိုယ်စားလှယ်ရဲ့ လုပ်ပိုင်ခွင့်ထဲမှာ ပါနေတဲ့အတွက်) စိုးရိမ်ကြောင့်ကြရသူများရဲ့ အခြေအနေကို ရှင်းလင်းဖော်ပြဖို့ အရေးပေါ် မေတ္တာရပ်ခံချက်များ ပို့ပေးပါတယ်။

* အထူးကိုယ်စားလှယ်က (သူ့လုပ်ပိုင်ခွင့်အာဏာထဲမှာသက်ရောက်တဲ့) ဒီလိုအမှုမျိုးတွေ ဖြစ်ပွားမှုမှ ကာကွယ်ဖို့အတွက် တရားဝင်အုပ်ချုပ်ရေးအရ အရေးယူဆောင်ရွက်ချက် သတင်းအချက်အလက်တွေကို အစိုးရတွေဆီကိုလွှဲပြောင်းပေးပို့ပါတယ်။

* သက်ဆိုင်တဲ့အစိုးရရဲ့ အသိအမှတ်ပြုမှုပေါ်မူတည်ပြီး ကွင်းဆင်းတွေ့ဆုံလေ့လာမှုတွေ ဆက်လုပ်ပါတယ်။

## အမှုတခုချင်းစီကို လေ့လာဆန်းစစ်ခြင်း

နှိပ်စက်ညှဉ်းပမ်းခံရသူနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို အနည်းဆုံး အောက်ပါသတင်းအချက်အလက်များပါဝင်တဲ့ တိုင်ကြားချက်အဖြစ် အထူးကိုယ်စားလှယ်ဆီ ရေးသားတင်ပြရမှာဖြစ်ပါတယ်

* (နှိပ်စက်ခံရတဲ့) ကာယကံရှင်ရဲ့ ကိုယ်ရေးအချက်အလက် အပြည့်အစုံ

* နှိပ်စက်မှု ဖြစ်ပွားတဲ့ နေ့စွဲ (အနည်းဆုံး နှစ်နဲ့ လ ကို ဖော်ပြရမှာ ဖြစ်ပါတယ်)

* ကာယကံရှင် အဖမ်းခံရတဲ့နေရာနဲ့ (သိမယ်ဆိုရင်) နှိပ်စက်ညှဉ်းပမ်းမှုဖြစ်တဲ့ တည်နေရာ၊ ဒေသ

* နှိပ်စက်ညှဉ်းပမ်းတာကို လုပ်ဆောင်တဲ့ အဖွဲ့အစည်းများအကြောင်း ဖော်ပြချက်

* အသုံးပြုတဲ့ နှိပ်စက်ညှဉ်းပမ်းတဲ့ပုံစံနဲ့ ရလဒ်အဖြစ် ဒဏ်ရာအနာတရဖြစ်မှုအပေါ် အကျဉ်းချုပ်ဖော်ပြချက်

* တိုင်ကြားချက် အစီရင်ခံစာတင်တဲ့ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းရဲ့အမည်

(မူရင်းမဟုတ်တဲ့) သင့်တော်လျောက်ပတ်တဲ့ ဘယ်အထောက်အထားမဆိုရဲ့ မိတ္တူများ (ဆေးစစ်ချက်၊ ရဲမှတ်တမ်းစသဖြင့်) နှိပ်စက်မှုကိုဖော်ထုတ်ဖြေရှင်းရာမှာ အထောက်အပံ့အဖြစ်အသုံးဝင်မဲ့ အချက်အလက်များအဖြစ် ပံ့ပိုးတင်ပြပေးရမှာဖြစ်ပါတယ်။

## အမှုများကိုကိုင်တွယ်ခြင်း

အထူးကိုယ်စားလှယ်က သူလက်ခံရရှိတဲ့ နှိပ်စက်ညှဉ်းပမ်းခြင်းဆိုင်ရာနဲ့ လူ့အခွင့်အရေးချိုးဖောက်တဲ့ အမှုတခုချင်းနဲ့ သက်ဆိုင်တဲ့ ယုံကြည်စိတ်ချရတဲ့ သတင်းအချက်အလက် အကျဉ်းရုံးသုံးသပ်ချက်တွေကို သက်ဆိုင်ရာ အစိုးရဆီကို လွှဲပြောင်းပေးအပ်ပါတယ်။

သူက (သက်ဆိုင်ရာ) အစိုးရကို အောက်ပါအတိုင်း မေတ္တာရပ်ခံပါတယ်

* တိုင်ကြားချက်တွေကို စုံစမ်းစစ်ဆေးပေးဖို့နဲ့ အဲဒီကရတဲ့ သင့်တော်တဲ့သတင်းအချက်အလက်တွေကို သူ့ဆီပို့ပေးဖို့

* ရာထူး၊ ဌာနနဲ့ အဆင့်ကိုမကြည့်ပဲ နှိပ်စက်ညှင်းပမ်းမှုအတွက် အပြစ်ရှိသူများကို သင့်တော်တဲ့အရေးယူမှုတွေလုပ်ဖို့ သူတို့ကိုရုံးတင်တရားစွဲဆိုဖို့

* ဒီလိုနှိပ်စက်ညှင်းပမ်းမှုမျိုး ထပ်မပေါ်ပေါက်အောင် ကာကွယ်ဖို့အတွက် ထိရောက်တဲ့ အရေးယူဆောင်ရွက်မှုမျိုးတွေလုပ်ဖို့

* နိုင်ငံတကာ စံနှုန်းများနဲ့လျော်ညီစွာ (အနှိပ်စက်ခံ) ကာယကံရှင်နဲ့ မိသားစုဆွေမျိုးသားချင်းများကို လျော်ကြေးပေးဖို့

## အရေးပေါ်အယူခံဆိုင်ရာ လုပ်ထုံးလုပ်နည်း

အထူးကိုယ်စားလှယ်က တဦးတယောက်အဖမ်းခံရကြောင်းနဲ့ အဲဒီတဦးတယောက် အနှိပ်စက်ခံရဖို့ စိုးရိမ်ရတဲ့ အခြေအနေရှိတယ်လို့ သတင်းအချက်အလက်ရတိုင်း အရေးပေါ်အယူခံတင်နိုင်ပါတယ်။ အယူခံလွှာကို နှိပ်စက်ညှင်းပမ်းမှု ရပ်တန့်ဖို့၊ ကာကွယ်ဖို့ တိကျတဲ့ရည်ရွယ်ချက်နဲ့အတူ အမှုပေါ်မှာအာရုံစိုက်ဖို့ သက်ဆိုင်တဲ့အစိုးရဆီကို ပို့ပေးပါတယ်။ ဒီလိုအမှုမျိုးတွေမှာ နှိပ်စက်ညှင်းပမ်းမှုဖြစ်တဲ့၊ ဖြစ်ပြီးတဲ့ တကယ့်အထောက်အထား မလိုအပ်ပါဘူး။ အထူးကိုယ်စားလှယ်ကသာ တဦးတယောက်အမှန်တကယ် ထိန်းသိမ်းခံရတယ်၊ နှိပ်စက်ခံရဖို့ ရှိလောက်တယ်ဆိုတဲ့ ယုံကြည်ရလောက်တဲ့ အခြေခံအချက်အလက်တွေ ပါလားဆိုတာကို ဆုံးဖြတ်ပါတယ်။ ***နှိပ်စက်ညှင်းပမ်းခံရမှုကြောင့် သေဆုံးမှုများကို တရားဝင်ရုံးမတင်ပဲ၊ အကျဉ်းရုံး (သို့) ဥပဒေမဲ့ကွပ်မျက်မှုများဆိုင်ရာ အထူးကိုယ်စားလှယ်က ကိုင်တွယ်ပါတယ်။***

## အစိုးရများဆီမှ အကြောင်းပြန်ကြားချက်များနဲ့ အမှုများကိုအသေးစိတ် ရှင်းလင်းဖော်ပြခြင်း

အစိုးရများဆီက ပြန်ကြားချက်များကို ဆက်လက်ဆောင်ရွက် အကောင်အထည်ဖော်ဖို့အတွက် အချက်အလက်ရင်းမြစ်များကိုဖော်ပြဖို့ တောင်းခံပါတယ်။ အတောင်းခံရရင် ဒီဆက်သွယ်အကြောင်းကြားချက်နဲ့ဆိုင်တဲ့ ဆွေးနွေးချက်တွေပေါ်မှာ အထူးကိုယ်စားလှယ်က နိဂုံးချုပ်သုံးသပ်မှုတခုပြုလုပ်ပြီး သက်ဆိုင်ရာအစိုးရတွေဆီကို အကြံပြုတောင်းဆိုချက်များပေးပို့ပါတယ်။

အထူးကိုယ်စားလှယ်က လက်နက်ကိုင်အဖွဲ့အစည်းများကကျူးလွန်တဲ့ နှိပ်စက်ညှင်းပမ်းမှုအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုတွေကို သင့်တော်တဲ့နေရာမှာ အသိအမှတ်ပြုမှတ်တမ်းပြုထားပါတယ်။ ဒါပေမယ့် အထူးကိုယ်စားလှယ်က နှိပ်စက်ညှင်းပမ်းမှု တိုင်ကြားချက်တွေကို အစိုးရများ၊ နိုင်ငံတကာလူ့အခွင့်အရေး စံနှုန်းများနဲ့ကိုက်ညီတဲ့ တာဝန်ရှိသူ အာဏာပိုင်အဖွဲ့အစည်းများ ဆီကိုသာ လွှဲပြောင်းပေးအပ်ပါတယ်။

## စစ်တမ်းမေးခွန်းပုံစံလွှာ

နှိပ်စက်ညှင်းပမ်းမှုဆိုင်ရာအမှုတွေကို သတင်းပို့တိုင်ကြားချက်တွေအတွက် အမှုတွေတိုင်ကြားတင်ပြတာ လွယ်ကူချောမွေ့စေဖို့ အထူးကိုယ်စားလှယ်က (ကုလသမဂ္ဂ လူ့အခွင့်အရေးမဟာမင်းကြီးရုံး အင်တာနက် စာမျက်နှာ (http://www.unhchr.ch/html/menu2/7/b/torture/torquest.htm) ပေါ်မှာရနိုင်တဲ့) စံပြုပုံစံတခု ပြင်ဆင်ထားပါတယ်။

## အထွေထွေ

(၂၀၀၁) ကုလသမဂ္ဂအထွေထွေညီလာခံကို တင်သွင်းတဲ့ အထူးကိုယ်စားလှယ်ရဲ့ ကြားဖြတ်အစီရင်ခံစာထဲမှာ တရားဝင်နဲ့ တရားမဝင် လွတ်ငြိမ်းကင်းလွတ်ခွင့်များကိုအဆုံးသတ်ဖို့ အကြံပြုတိုက်တွန်းချက် ၁၂ ချက် ပါဝင်ပါတယ်။ ကော်မရှင်ကိုတင်တဲ့ အထူးကိုယ်စားလှယ်ရဲ့ အစီရင်ခံစာထဲမှာ ပြဿနာနှစ်ခုကို တင်ပြထားပါတယ်။

ပထမတခုက  နှိပ်စက်ညှင်းပမ်းမှုနဲ့ အခြားရက်စက်ကြမ်းကြုတ်တဲ့၊ လူသားမဆန်တဲ့ (သို့) နှိမ့်ချ ဆက်ဆံမှု (သို့) ပြစ်ဒဏ်ပေးမှုများမှကာကွယ်တားဆီးမှုဆိုင်ရာ (စစ်ပွဲကာလအတွင်းမှာတောင် ရုပ်သိမ်း၊ ပြောင်းလဲ၊ အချိန်ဆွဲ၊ နှိမ့်ချမရနိုင်တဲ့လူ့အခွင့်အရေးများပါဝင်တဲ့) အခွင့်အရေးများနဲ့ ဒုတိယတခုက (အထူးကိုယ်စားလှယ်ရည်မှန်းတဲ့) နှိပ်စက်ညှင်းပမ်းမှုနဲ့ အခြားရက်စက်ကြမ်းကြုတ်တဲ့၊ လူသားမဆန်တဲ့ (သို့) နှိမ့်ချဆက်ဆံမှု (သို့) ပြစ်ဒဏ်ပေးမှု များကို (အစိုးရများနဲ့ အဲန်ဂျီအိုများဆီမှလက်ခံရရှိတဲ့ စိတ်ချယုံကြည်ရလောက်တဲ့ သတင်းအချက်အလက်များအရ) ကာကွယ်တားဆီးဖို့ ရည်ရွယ်တဲ့ လုပ်ထုံးလုပ်နည်းထူထောင်မှုနဲ့ လက်တွေ့အသုံးပြုမှုတွေ ဆန်းစစ်လေ့လာရေးကို ဆက်လုပ်ဖို့ ဖြစ်ပါတယ်။

ဘာသာရေးလွတ်လပ်ခွင့်နဲ့ ယုံကြည်မှုလွတ်လပ်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်

SPECIAL RAPPORTEUR ON FREEDOM OF RELIGION OR BELIEF

*ကော်မရှင်ဆုံးဖြတ်ချက် ၁၉၈၆၊ ၂၀ အရချမှတ်သည်*

## လုပ်ပိုင်ခွင့်လွှဲအပ်မှုများနှင့် အလုပ်လုပ်ပုံနည်းစနစ်

ဘာသာရေးလွတ်လပ်ခွင့်နဲ့ ယုံကြည်မှုလွတ်လပ်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်ရဲ့ လုပ်ပိုင်ခွင့်က (၁၉၄၈) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ နဲ့ (၁၉၆၆) အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးနှင့် အထွေထွေ လူမှုအခွင့်အရေးများဆိုင်ရာ သဘောတူညီချက်ပေါ်မှာ အဓိကအားဖြင့် အခြေခံပါတယ်။ ကမ္ဘာအနှံ့မှာဖြစ်ပွားတဲ့ ပြဿနာများ၊ အစိုးရများရဲ့ အရေးယူဆောင်ရွက်မှုများနဲ့ (၁၉၈၁) ဘာသာရေးနဲ့ ယုံကြည်သက်ဝင်မှုကိုအခြေခံတဲ့ နှိမ့်ချဆက်ဆံမှုနဲ့ ဘာသာရေးအရ အစွန်းရောက်တဲ့ ပုံစံအားလုံးကို ဖယ်ရှားရှင်းလင်းရေး ကြေညာချက်အပေါ် ဝိရောဓိဖြစ်မှုများကို အထူးကိုယ်စားလှယ်က စုံစမ်းစစ်ဆေးပြီး ဒီအခြေအနေများအတွက် ပြုပြင်အရေးယူမှုများကို တိုက်တွန်းအကြံပြုပါတယ်။

ဘာသာရေးနဲ့ ယုံကြည်သက်ဝင်မှုကိုအခြေခံတဲ့ နှိမ့်ချဆက်ဆံမှုနဲ့ ဘာသာရေးအရ အစွန်းရောက်တဲ့ ချိုးဖောက်တဲ့ ပုံစံခုနစ်မျိုးကို အထူးကိုယ်စားလှယ်က အမျိုးအစားခွဲခြားသတ်မှတ်ပေးပါတယ်။ အဲဒါတွေကတော့

### ဘာသာရေးနဲ့ ယုံကြည်မှုဆိုင်ရာကိစ္စများပေါ် နှိမ့်ချဖိနှိပ်မှုမလုပ်ရေး စည်းမျဉ်းများကို ချိုးဖောက်ခြင်းများ

ဥပဒေလုပ်ထုံးလုပ်နည်းတွေ၊ မူဝါဒတွေ၊ နှိမ့်ချခွဲခြားတဲ့ လက်တွေ့လုပ်ဆောင်မှုတွေနဲ့ (က) ဘာသာရေးနဲ့ ယုံကြည်သက်ဝင်မှုအရ ထူးခြားတဲ့လူ့အဖွဲ့အစည်းတွေ (အထူးသဖြင့် အဲဒီလူ့အဖွဲ့အစည်းတွေက လူနည်းစု (သို့) တရားဝင်ပြဋ္ဌာန်းထားတဲ့ ဘာသာရေး (သို့) တရားဝင်အသိအမှတ်ပြု ထားတဲ့ဘာသာရေးကို မကိုးကွယ်တဲ့လူနည်းစုနဲ့ (ခ) ထုံးတမ်းစဉ်လာ၊ ဘာသာရေးအရနဲ့ ယုံကြည်မှုအပေါ် အခြေခံတဲ့ အမျိုးသမီးများအပေါ် ဆန့်ကျင်မှုအပေါ် ဆန့်ကျင်တဲ့ လှုပ်ရှားလုပ်ဆောင်မှုတွေ

### ဘာသာရေးနဲ့ ယုံကြည်မှုဆိုင်ရာကိစ္စများပေါ် သည်းခံရေး စည်းမျဉ်းများကို ချိုးဖောက်ခြင်းများ

ဒါတွေက နိုင်ငံနဲ့လူ့အဖွဲ့အစည်းပေါ် ဘာသာရေးအရ အစွန်းရောက်မှုတွေ၊ အထူးသဖြင့် ဘာသာရေးနဲ့ ယုံကြည်သက်ဝင်မှုအပေါ်၊ အစိုးရမဟုတ်တဲ့ နိုင်ငံရေး–ဘာသာရေးအဖွဲ့တွေနဲ့ သင့်တော်ဆက်စပ်နေတဲ့ ဆောင်ရွက်မှုတွေ၊ ဘာသာရေးအစွန်းရောက်ဝါဒရဲ့ပြဿနာနဲ့ဆက်စပ်နေတဲ့အထင်ရှားဆုံး ဖော်ပြကြေညာချက်တွေအပြင်ဘာသာရေးတင်းမာမှုကို တွန်းအားပေးဝါဒဖြန့်ပေးနေတဲ့ သတင်းကဏ္ဍအပါအဝင် အရေးယူဆောင်ရွက်ချက်တွေ၊ မူဝါဒတွေ၊ လက်တွေ့လုပ်ဆောင်ချက်တွေ

## တွေးခေါ်မှုဆိုင်ရာ၊ ယုံကြည်ချက်ဆိုင်ရာ ဘာသာရေးနဲ့ ယုံကြည်သက်ဝင်မှုဆိုင်ရာ လွတ်လပ်ခွင့်များကို ချိုးဖောက်ခြင်းများ

ဒါတွေက မူဝါဒတွေ၊ ဥပဒေလုပ်ထုံးလုပ်နည်းတွေ၊ လက်တွေ့ကိစ္စတွေ၊ ယုံကြည်မှုဆိုင်ရာရည်မှန်းချက် စည်းမျဉ်းတွေနဲ့ ထိပ်တိုက်ဖြစ်နေတဲ့ အရေးယူဆောင်ရွက်ချက်တွေနဲ့ တဦးချင်းရဲ့ ဘာသာရေးကိုးကွယ်မှု၊ ယုံကြည်မှုကို ဆက်လက်ထိမ်းသိမ်းခွင့်နဲ့ ပြောင်းလဲခွင့်ဆိုင်ရာ လွတ်လပ်ခွင့်တွေဖြစ်ပါတယ်။

## တဦးချင်းရဲ့ ဘာသာရေးနဲ့ ယုံကြည်မှုဆိုင်ရာကိစ္စများပေါ် (မည်သည့်ဘာသာကိုးကွယ် ကြောင်း) ကြေညာပိုင်ခွင့်ကို ချိုးဖောက်ခြင်းများ

ဒီထဲမှာတဦးချင်းရဲ့ဘာသာရေးနဲ့ယုံကြည်မှုဆိုင်ရာကိစ္စများအပေါ်ထိန်းချုပ်မှုတွေ၊ဝင်ရောက်စွက်ဖက်မှုတွေ၊တားမြစ်ဟန့်တားမှုတွေနဲ့ ကန့်သတ်မှုတွေ ပါဝင်တဲ့မူဝါဒတွေ၊ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းတွေ၊ လက်တွေ့ကိစ္စတွေနဲ့ အရေးယူဆောင်ရွက်ချက်တွေ ပါဝင်ပါတယ်၊

## ဘာသာရေးနဲ့ပတ်သက်တဲ့ ပိုင်ဆိုင်မှုများအပေါ် ခန့်ခွဲပိုင်ခွင့်ကို ချိုးဖောက်ခြင်းများ

ဒါတွေက (အတင်းအကျပ်အသိမ်းခံထားရတဲ့ ဘာသာရေးဆိုင်ရာ ပိုင်ဆိုင်မှုအတွက် လျော်ကြေးပုံစံအရ မဟုတ်ပဲ) ဘာသာရေးပိုင်ဆိုင်မှုအတွက် စီမံဆောင်ရွက်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို ထိခိုက်စေတဲ့၊ ကိုးကွယ်ရာနေရာ (ဗလီ၊ ဘုရား၊ ဘုရားရှိခိုးကျောင်း၊ ဝတ်ပြုကျောင်းဆီကို အတားအဆီးတွေ၊ ပိတ်ပင်ခံရတာတွေ၊ နောက်လိုက်ကိုးကွယ်သူအရေအတွက်ကန့်သတ်ခံရတာတွေ) သွားနိုင်ခွင့်ကိုငြင်းပယ်ခံရတာတွေ၊ ကိုးကွယ်ရာ နေရာကို အခွန်အကောက်အကောက်ခံရတာနဲ့ ဝတ်ပြုကိုးကွယ်ရာအဆောက်အဦးတွေ၊ သင်္ချိုင်းတွေ၊ ဘာသာရေးကျောင်းတွေ ဖျက်ဆီးခံရတာတွေအပြင် (ဘာသာရေးအလုပ်တွေအပါအဝင်) ဘာသာရေးဆိုင်ရာ ပိုင်ဆိုင်မှုတွေကို သိမ်းယူတာတွေပါဝင်တဲ့မူဝါဒတွေ၊ လက်တွေ့ကိစ္စတွေနဲ့ အရေးယူဆောင်ရွက်ချက်တွေဖြစ်ပါတယ်။

## (ဘာသာရေးခေါင်းဆောင်တွေနဲ့ သစ္စာရှိသူတွေ)ရဲ့ ရုပ်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာနဲ့ ကျန်းမာရေးအပေါ် ချိုးဖောက်ခြင်းများ

ဒါတွေက ခြိမ်းခြောက်မှုတွေ၊ (ကျွန်ပြုမှု၊ အဓမ္မပြုကျင့်မှု၊ ဖမ်းဆီးမှုနဲ့ ထိမ်းသိမ်းထားမှု၊ အတင်းအကျပ် အခြေအနေကြောင့် ပျောက်ဆုံးသွားမှုတွေ၊ သေဒဏ်အပြစ်ပေးမှုတွေ၊ ကွပ်မျက်ခြင်းနဲ့ သတ်ဖြတ်တာတွေအပါအဝင်) မတရားဆက်ဆံခံရတာတွေအတွက် မူဝါဒတွေ၊ လက်တွေ့ကိစ္စတွေနဲ့ အရေးယူဆောင်ရွက်ချက်တွေ

## အမျိုးသမီးများအပေါ် ချိုးဖောက်မှုများ

ဒါကအထက်ဖော်ပြပါ ချိုးဖောက်မှုအမျိုးအစားခြောက်ခုရဲ့ အမျိုးသမီးများနဲ့ဆိုင်တဲ့ တိကျထူးခြားတဲ့ လျောက်ထားချက်တွေကို ရည်ညွှန်းပါတယ်။

## အမှုတခုချင်းစီကို လေ့လာဆန်းစစ်ခြင်း

အနိမ့်ဆုံးအခြေခံလိုအပ်ချက်တွေက အောက်ဖော်ပြပါတွေနဲ့ကိုက်ညီရမှာဖြစ်ပါတယ်

* တိုင်ကြားတင်ပြခံ ကာယကံရှင်များရဲ့ (အမည်၊ နေရပ်စသဖြင့်) ဖော်ပြချက်

* တိုင်ကြားတင်ပြခံ ကျူးလွန်သူများရဲ့ (အမည်၊ နေရပ်စသဖြင့်) ဖော်ပြချက်

* တိုင်ကြားတင်ပြမှု ပြုလုပ်တဲ့အဖွဲ့အစည်းတွေ၊ တသီးပုဂ္ဂလတွေရဲ့ (အမည်၊ နေရပ်စသဖြင့်) ဖော်ပြချက်

* ချိုးဖောက်မှု ဖြစ်ပွားခဲ့တဲ့ ပြဿနာရဲ့ နောက်ဆက်တွဲအခြေအနေများအပေါ် အသေးစိတ် ရှင်းလင်းဖော်ပြချက်တွေ ပါဝင်ပါတယ်။

## အထွေထွေ

အထူးကိုယ်စားလှယ်က ကော်မရှင်ကိုတင်ပြတဲ့ ပြီးခဲ့တဲ့လက်ရှိအစီရင်ခံစာအပြင် (စပိန်နိုင်ငံမဒရစ်မြို့မှာ ၂၀၀၁ ခုနှစ်က ကျင်းပခဲ့တဲ့) ဘာသာရေးနဲ့ ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်၊ သည်းခံမှုနဲ့ ခွဲခြားနှိမ့်ချခြင်းမပြုတဲ့ ဆက်ဆံရေးစသဖြင့်နဲ့ ဆက်နွယ်တဲ့ ကျောင်းပညာရေးဆိုင်ရာ နိုင်ငံတကာအတိုင်ပင်ခံညီလာခံရဲ့ နောက်ဆုံးအထောက်အထားအချက်အလက်ကိုလည်း ပံ့ပိုးပေးပါတယ်။ အစီရင်ခံစာထဲမှာ ဘာသာရေးနဲ့ ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်၊ ဘာသာရေးအရနဲ့ ထုံးတမ်းစဉ်လာအရပေါ်မူတည်တဲ့ အမျိုးသမီးများ အခြေအနေအပေါ် လေ့လာသင်ကြားရေးလဲပါဝင်ပါတယ်။ အထူးကိုယ်စားလှယ်က ယဉ်ကျေးမှုတွေ၊ ထုံးတမ်းစဉ်လာတွေက အမျိုးသမီးများရဲ့ အခွင့်အရေးဆိုင်ရာတွေနဲ့ တန်းတူရှိသင့်တယ်ဆိုတာကို အလေးပေးထားပါတယ်။ သင့်တော်လျောက်ပတ်တဲ့ ကုလသမဂ္ဂ လုပ်ငန်းယန္တရားအားလုံးက ဘာသာရေးနဲ့ ထုံးတမ်းစဉ်လာအရ အမျိုးသမီးများအား နစ်နာစေမှုကို တိုက်ဖျက်ဖို့ အစီအစဉ်တခုကို ချမှတ်သင့်တယ်လို့ အထူးကိုယ်စားလှယ်က သူ့ရဲ့တိုက်တွန်း အကြံပြုချက်ထဲမှာ ထပ်မံတင်ပြပါတယ်။

## ကလေးသူငယ်များအားရောင်းချခြင်း၊ ကလေးပြည့်တန်ဆာနဲ့ ကလေး ညစ်ညမ်း ဓါတ်ပုံ၊ စာပေ၊ ဗီဒီယို၊ ရုပ်ရှင် ဆိုင်ရာကိစ္စများအတွက် အထူးကိုယ်စားလှယ်

SPECIAL RAPPORTEUR ON THE SALE OF CHILDREN, CHILD PROSTITUTION AND CHILD PORNOGRAPHY

*ကော်မရှင်ဆုံးဖြတ်ချက် ၁၉၉၀/၆၈ အရ ချမှတ်ဆုံးဖြတ်သည်*

## လုပ်ပိုင်ခွင့်လွှဲအပ်မဖြူးနှင့် အလုပ်လုပ်ပုံနည်းစနစ်

အထူးကိုယ်စားလှယ်ရဲ့ လုပ်ပိုင်ခွင့်က ကလေးသူငယ်များအားရောင်းချခြင်း၊ ကလေးပြည့်တန်ဆာနဲ့ ကလေး ညစ်ညမ်း စာပေ၊ ဓါတ်ပုံ၊ ဗီဒီယို၊ ရုပ်ရှင်များရဲ့ ဖြစ်ပွားပုံအခြေခံအချက်အလက်များကို လေ့လာဖို့အပြင် ဒီလိုအလွဲသုံးစားမှုများကို ဟန့်တားဖို့အတွက် တိုက်တွန်းအကြံပြုချက်များပြုလုပ်နိုင်ရန် ရည်ရွယ်ပါတယ်။ အထူးကိုယ်စားလှယ်ရဲ့ လုပ်ပိုင်ခွင့်က ကလေးသူငယ်များ အထူးသဖြင့် (၁၉၈၉) ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ ညီလာခံနဲ့ ဒါရဲ့ (ရွေးချယ်ခွင့်ရှိတဲ့၊ လုပ်ချင်မှလုပ်လုပ်စရာလိုတဲ့) သဘောတူညီချက် စာချုပ်အဖြစ် (မေ ၂၀၀၀ ခုနှစ်မှာ စတင်ချမှတ်ပြီး ၂၀၀၂ ဇန္နဝါရီမှာ အသက်ဝင်တဲ့) ကလေးသူငယ်များရောင်းချခြင်း၊ ကလေးပြည့်တန်ဆာနဲ့ ကလေးညစ်ညမ်း စာပေ၊ ဓါတ်ပုံ၊ ဗီဒီယို၊ ရုပ်ရှင် ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး လုပ်ငန်းဘောင်အတွင်း အကောင်အထည်ဖော်ပါတယ်။

အထူးကိုယ်စားလှယ်ရဲ့ လုပ်ငန်းတာဝန်တွေက အောက်ပါအမှုတွေမှာ အရေးယူဆောင်ရွက်ဖို့ဖြစ်ပါတယ်

* ကလေးများအားရောင်းချခြင်း၊ ကလေးပြည့်တန်ဆာနဲ့ ကလေးညစ်ညမ်း စာပေ၊ ဓါတ်ပုံ၊ ဗီဒီယို၊ ရုပ်ရှင်

* မိဘအုပ်ထိန်းမှုအောက်၊ အဖွဲ့အစည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ကျောင်းမှာထိန်းသိမ်းထားစဉ် စသဖြင့် တရားဝင်အုပ်ထိန်းသူများ လက်တွင်း (သို့) ကလေးသူငယ်အား အုပ်ထိန်းသူ မည်သူမဆို၏ လက်တွင်းရှိစဉ် ကလေးများအား လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုမှု

* မည်သည့် ရည်ရွယ်ချက်အတွက်မဆို ကလေးကုန်ကူးခြင်း

* အထက်ဖော်ပြပါ မည်သည့် ကျူးလွန်မှုများမှာမဆို ကလေးသူငယ်များ အန္တရယ်အကြီးအကျယ်ရှိနေမှု

## အဓိပ္ပာယ်ဖွင့်ဆိုချက်များ

အောက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်များက ကလေးသူငယ်များရောင်းချခြင်း၊ ကလေးပြည့်တန်ဆာနဲ့ ကလေးညစ်ညမ်း စာပေ၊ ဓါတ်ပုံ၊ ဗီဒီယို၊ ရုပ်ရှင်ကိစ္စတွေအတွက်ချမှတ်တဲ့ (ရွေးချယ်ခွင့်ရှိတဲ့၊ လုပ်ချင်မှလုပ်လုပ်စရာလိုတဲ့) စာချုပ်၊ အပိုဒ်ခွဲ ၂ အရချမှတ်ထားတာဖြစ်ပါတယ်။

* ကလေးရောင်းချမှုများ–ငွေကြေးအတွက်နဲ့ အခြားမည်သည့် ရည်ရွယ်ချက်အတွက်မဆို ကလေးသူငယ်က မည်သူတဦးချင်း (သို့) အုပ်စုများရဲ့လွှဲပြောင်းခံရတဲ့ မည်သည့်လုပ်ရပ်မဆို (ကလေးရောင်းချခြင်းကကူးသန်း

ရောင်းဝယ်ခြင်းဆိုင်ရာ အမြတ်ထုတ်မှုရည်ရွယ်ချက်များ၊ ရာဇဝတ်မှုဆိုင်ရာလုပ်ငန်းတွေအတွက်၊ တောင်းရမ်းခြင်းအတွက်၊ လက်နက်ကိုင်ပဋိပက္ခများအတွက်၊ အဓမ္မလုပ်အားအတွက်၊ အားကစားအတွက်၊ မွေးစားခြင်းအတွက်၊ အိမ်ထောင်ရေးအတွက်၊ သူတို့ရဲ့ခန္ဓာကိုယ် အစိတ်အပိုင်းများအတွက်နဲ့အခြားသော ရည်ရွယ်ချက်များအတွက် အသုံးချဖို့) ပါဝင်ပါတယ်။

* ကလေးပြည့်တန်ဆာ– ငွေကြေးအတွက်နဲ့ အခြားမည်သည့်ရည်ရွယ်ချက်အတွက်မဆို ကလေးသူငယ်အား လိင်ပိုင်းဆိုင်ရာ လုပ်ငန်းများအတွက် အသုံးချမှု

* ကလေးညစ်ညမ်း စာပေ၊ ဓါတ်ပုံ၊ ဗီဒီယို၊ ရုပ်ရှင်–မည်သည့်နည်းလမ်းအရ တင်ဆက်မှုများမဆို ကလေးသူငယ် ပါဝင်ပတ်သက်နေတဲ့ အမှန်တကယ် (သို့) ဟန်ပြ လိင်ပိုင်းဆိုင်ရာ ရှင်းရှင်းလင်းလင်း လုပ်ဆောင်မှုများ (သို့) အဓိကအနေနဲ့ လိင်ပိုင်းဆိုင်ရာနှိုးဆွဖို့ ရည်ရွယ်ချက်များအတွက် ကလေးသူငယ်ရဲ့ လိင်ပိုင်းဆိုင်ရာ အစိတ်အပိုင်းတွေကိုဖော်ပြတဲ့ မည်သည့်တင်ဆက်ပြသခြင်းများမဆို

## အမှုတခုချင်းစီကို လေ့လာဆန်းစစ်ခြင်း

ဆက်သွယ်ဆောင်ရွက်ချက် (တိုင်တန်းဖို့အတွက်) အတွက် အောက်ပါသတင်းအချက်အလက်တွေ ပါဝင်ရမှာဖြစ်ပါတယ်။

* ယေဘူယျ သတင်းအချက်အလက်။
လူဘယ်နှစ်ယောက် ပါဝင်တယ်၊ ယောကျ်ားလေး ငယ်ငယ်လား၊ လူပျိုပေါက်လား၊ မိန်းကလေးငယ်ငယ်လား၊ အပျိုပေါက်လား၊ အမှုဖြစ်ပွားခဲ့တဲ့ တိုင်းပြည်ရဲ့နာမည်နဲ့ ကျူးလွန်ခံ ကာယကံရှင်တွေ ဘာလူမျိုးလဲဆိုတဲ့ အချက်တွေ

* သက်ဆိုင်သူများရဲ့ ကိုယ်ရေးအထောက်အထား။
နာမည်အပြည့်အစုံ၊ လိင်၊ မွေးသက္ကရာဇ်၊ အသက်၊ လူမျိုး၊ (အဆင်ပြေမယ်ဆိုရင်) လူမျိုးစုနောက်ခံ အချက်အလက်

* တိုင်ကြားတဲ့ ချိုးဖောက်မှု။
နေ့စွဲ၊ နေရာ၊ အချိန်နဲ့ အမှုသွားအမှုလာ၊ ပါဝင်ကျူးလွန်သူအရေအတွက်၊ ကျူးလွန်ခံကာယကံရှင်က ကျူးလွန်သူကိုသိမသိ၊ ကျူးလွန်သူဘာလူမျိုးလဲ၊ အမှုအတွက်တာဝန်ရှိတယ်လို့ယူဆရသူများ (အစိုးရနဲ့ ပတ်သက်သူ၊ အစိုးရနဲ့မပတ်သက်သူ)။ အမှုအတွက်မျက်မြင်သက်သေတွေရှိတယ်ဆိုရင် သူတို့နာမည်တွေ၊ အသက်၊ကျူးလွန်ခံကာယကံရှင်နဲ့ဘယ်လိုပတ်သက်လဲဆိုတာရယ်နဲ့ ဆက်သွယ်ဖို့လိပ်စာပါ ထည့်သွင်း ဖော်ပြပေးရမှာဖြစ်ပါတယ်၊ သူတို့က နာမည်မဖော်ပြစေချင်ဘူးဆိုရင် သူတို့ကဆွေမျိုးသားချင်းတွေလား၊ ဖြတ်သွားဖြတ်လာတွေလား စသဖြင့် ဆိုတာတွေတော့ ဖော်ပြပေးပါ။

* ကာယကံရှင်က၊ သူ့မိသားစုက (သို့) သူ့ကိုယ်စားဆောင်ရွက်ပေးသူမည်သူမဆိုက ဆောင်ရွက်ခဲ့တဲ့ အဆင့်တွေ။ တိုင်ကြားချက်ကို သက်ဆိုင်ရာသို့ တင်ပြပြီးပြီလား (သို့) မတင်ရသေးဘူးလား၊ တင်ပြပြီးရင် ဘယ်တုန်းကလဲ၊ ဘယ်သူကတင်တာလဲ၊ ဘယ်အာဏာပိုင်ဆီ (သို့) ဘယ်လုပ်ပိုင်ခွင့်ရှိတဲ့ အဖွဲ့အစည်းကိုတင်တာလဲ၊ အခြား အဆင့်တွေ ဆောင်ရွက်မှုရှိမရှိ၊ အာဏာပိုင်တွေကဆောင်ရွက်ထားတဲ့အဆင့်တွေ၊ အာဏာပိုင်တွေ စုံစမ်း

စစ်ဆေးမှုတွေ လုပ်ထားမထား၊ လုပ်ထားရင် ဘယ်လိုစုံစမ်းစစ်ဆေးရေးအမျိုးအစားဆိုတာနဲ့ ဒီစုံစမ်း စစ်ဆေးမှုတွေရဲ့တိုးတက်မှုနဲ့ အခြေအနေကို ဖော်ပြပေးပါ။

* တိုင်ကြားချက်တင်ပြသူရဲ့ ကိုယ်ရေးအထောက်အထား။
နာမည်၊ အဆင့်အတန်း (တသီးပုဂ္ဂလ၊ အဖွဲ့အစည်း၊ အဲန်ဂျီအို၊ အစိုးရ စသဖြင့်) ဆက်သွယ်နိုင်တဲ့ ဖုန်းနံပါတ် ဒါမှမဟုတ် လိပ်စာ။

## အမှုများကိုကိုင်တွယ်ခြင်း

အထူးကိုယ်စားလှယ်က အစိုးရတွေကိုဖြစ်ခဲ့တဲ့အမှုတွေ၊ ကလေးတွေရဲ့အခွင့်အရေးကို ကာကွယ်ပေးနိုင်ဖို့ အစိတ်အပိုင်းတခုအဖြစ် အရေးယူဆောင်ရွက်မှုနဲ့ တားမြစ်ပိတ်ပင်မှုတွေလိုအပ်တဲ့ အခြေအနေတွေအပေါ် အာရုံစိုက်စေဖို့ ရည်ရွယ်ချက်နဲ့အတူ သက်ဆိုင်ရာအစိုးရဆီကို စာတွေပေးပို့ပါတယ်။ တိုင်ကြားချက်တွေအတွက် ဆောင်ရွက်ထားတဲ့ စုံစမ်းစစ်ဆေးမှု အသေးစိတ်အချက်အလက်တွေကို တင်ပြပံ့ပိုးပေးဖို့ အထူးကိုယ်စားလှယ်က သက်ဆိုင်ရာအစိုးရတွေကို တိုက်တွန်းပါတယ်။ တကယ်လို့ အထူးကိုယ်စားလှယ်က အကြောင်းပြန်ဆောင်ရွက်ချက်တွေက ကျေနပ်အားရစရာမရှိဘူးလို့ ယူဆရင် သူက ကျူးလွန်ခံကာယကံရှင်ဆီက ဒါမှမဟုတ် အခြားရင်းမြစ်တွေက တဆင့်နောက်ထပ် သတင်းအချက်အလက်တွေရှာဖွေစုဆောင်းပါတယ်။

## အရေးပေါ်အယူခံဆိုင်ရာ လုပ်ထုံးလုပ်နည်း

အထူးကိုယ်စားလှယ်က အရေးပေါ်အယူခံတွေအပေါ်မှာ အထူးသဖြင့် ကာကွယ်တားဆီးဖို့ အကြောင်းပြချက်နဲ့အတူ အရေးယူဆောင်ရွက်နိုင်ပြီး ဒီအယူခံတွေကို သက်ဆိုင်ရာအစိုးရရဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေဆီကို တိုက်ရိုက်ပေးပို့နိုင်ပါတယ်။ အထူးကိုယ်စားလှယ်က တိုင်ကြားချက်ပါ ကျူးလွန်ခံ ကာယကံရှင်တွေနဲ့ သူတို့ရဲ့ဆွေမျိုးသားချင်းတွေဆီကအပြင် အခြားသတင်းရင်းမြစ်များဆီက ခိုင်မာတဲ့ သတင်းအချက်အလက်တွေရှာဖွေနိုင်ပါတယ်။

## စစ်တမ်းမေးခွန်းပုံစံလွှာ

အထူးကိုယ်စားလှယ်ဆီကို သတင်းအချက်အလက်တင်ပြတိုင်တန်းချင်သူတွေအသုံးပြုနိုင်ဖို့ သတင်းအချက်အလက်ပုံစံတခုကို အထူးကိုယ်စားလှယ်ရဲ့ ကော်မရှင်ဆီတင်တဲ့ အစီရင်ခံစာ (UN document reference E/CN. 4/2002/88) မှာရနိုင်ပါတယ်။

## အထွေထွေ

ပြီးခဲ့တဲ့အစီရင်ခံစာတွေမှာ ကလေးတွေကို ကာကွယ်ပေးရာမှာ အရေးပါတယ်လို့ယုံကြည်ရတဲ့ နည်းလမ်းတွေ (တရားဥပဒေစနစ်၊ ပညာရေး၊ သတင်းကဏ္ဍနဲ့ မိသားစုစသဖြင့်) ရဲ့အခန်းကဏ္ဍတွေကို အထူးကိုယ်စားလှယ်က အမျိုးအစားခွဲပြီးဆန်းစစ်ထားပါတယ်။ အထူးကိုယ်စားလှယ်ရဲ့ အစီရင်ခံစာတွေက တရားဥပဒေစနစ်၊ သတင်းကဏ္ဍ၊ ပညာရေး၊ လူကုန်ကူးမှု၊ အိမ်တွင်းအကြမ်းဖက်မှုနဲ့ ပဋိပက္ခရေးအခြေအနေတွေပါဝင်တဲ့ အဓိကအနေအထားကို အာရုံစိုက်ထားပါတယ်။ (၂၀၀၂) မှာ ကော်မရှင်ကိုတင်တဲ့အစီရင်ခံစာထဲမှာ အထူးကိုယ်စားလှယ်က ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနဲ့ HIV/AIDS ပတ်သက်ဆက်နွှယ်မှုတွေကို စဉ်းစားသုံးသပ်ထားပြီး

(ကလေးသူငယ်နဲ့ အရွယ်ရောက်ပြီးသူ နှစ်ဦးစလုံး ပြည့်တန်ဆာလုပ်ငန်းနဲ့ပတ်သက်ရင် ) ကလေးသူငယ်များက အရွယ်ရောက်ပြီး သူများထက်ပိုပြီး (ရုပ်ပိုင်းဆိုင်ရာ အားနည်းချက်အရနဲ့ ကိုယ့်ကိုကိုယ် ဘယ်လိုကာကွယ်ရမလဲ ဆိုတဲ့ဗဟုသုတနဲ့ အတွေ့အကြုံ ခေါင်းပါးမှုတွေကြောင့်) ဗိုင်းရပ်စ်ကူးစက်ဖို့ အန္တရာယ်ပိုများတယ် ဆိုတာတွေ့ရှိထားပါတယ်။

## မတရားသဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့

WORKING GROUP ON ARBITRARY DETENTION (WGAD)

*ကော်မရှင်ဆုံးဖြတ်ချက် ၁၉၉၁၊ ၄၂ အရ ဆုံးဖြတ်ချမှတ်သည်*

## လုပ်ပိုင်ခွင့်လွှဲအပ်မှုများနှင့် အလုပ်လုပ်ပုံနည်းစနစ်

(၁၉၄၈) ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၊ (၁၉၈၈) မည်သည့်ပုံစံအရမဆို ထိန်းသိမ်းထောင်ချခံရသူ အားလုံးကို ကာကွယ်ပေးဖို့နဲ့ သက်ဆိုင်ရာနိုင်ငံတိုင်းက လက်ခံတဲ့ အခြားသင့်တော်လျောက်ပတ်တဲ့ နိုင်ငံတကာလုပ်နည်း စည်းမျဉ်းတွေကိုချိုးဖောက်တဲ့ တဖက်သတ်ရှင်းလင်းရပ်သိမ်းမှုတွေ၊ လွတ်လပ်မှုကင်းမဲ့တဲ့ အမှုတွေကို စုံစမ်းစစ်ဆေးဖို့အတွက် WGAD ကိုလုပ်ပိုင်ခွင့်ပေးထားပါတယ်။ (တရားဝင်အရ၊ တရားဥပဒေ လမ်းကြောင်းအရ မဟုတ်ပဲ) ကာလကြာမြင့်စွာ ထိန်းသိမ်းခံရသူတွေ၊ ရွှေ့ပြောင်းအခြေချသူတွေနဲ့ နိုင်ငံရေးခိုလှုံခွင့် တောင်းသူအားလုံး လိုအပ်တဲ့ အလေးထားအာရုံစိုက်မှုတွေ လုပ်ဆောင်ဖို့နဲ့ ဒီအပေါ်မှာ အကဲဖြတ်လေ့လာမှုတွေ လုပ်ဖို့အတွက်လဲ WGAD ကိုလုပ်ပိုင်ခွင့်ပေးထားပါတယ်။ (၁၉၆၆) အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးနှင့် အထွေထွေလူမှု အခွင့်အရေးများဆိုင်ရာ သဘောတူညီချက် (သို့) စာချုပ်ထဲမှာမပါသေးတဲ့ နိုင်ငံတွေအတွက် အခြားသက်ဆိုင်သင့်တော်တဲ့ လူ့အခွင့်အရေး စာချုပ်တွေကိုမကျင့်သုံးပဲနဲ့ ဆုံးဖြတ်ချက်တွေချမဲ့အစား အမြင်တွေပေးဖို့ ကော်မရှင်က တိုက်တွန်းထားတဲ့ WGAD ရဲ့အလုပ်အပေါ် တားမြစ်ချုပ်ကိုင်မှုအချို့ကို (ကော်မရှင်) ဆုံးဖြတ်ချက်က အတည်ပြုပါတယ်။ လုပ်ငန်းဆိုင်ရာ နည်းလမ်းတွေ အထူးသဖြင့်လက်ခံရရှိတဲ့ ဆက်သွယ်တင်ပြချက်တွေကို လက်ခံခွင့်ပြုနိုင်စွမ်းနဲ့ အစိုးရတွေရဲ့အကြောင်း ပြန်ကြားချက်အချိန်သတ်မှတ်ချက်ဖြစ်တဲ့ ရက် ၉၀ သတ်မှတ်ချက်ကို (အတိုးအလျှော့တွေနဲ့အတူ) လိုက်လျောညီထွေ ဖြစ်စေဖို့ကို ပြန်သုံးသပ်စစ်ဆေးဖို့ WGAD ကို တောင်းဆိုထားပါတယ်။

ဥပဒေမဲ့ချုပ်နှောင်မှုတိုင်တန်းတဲ့ တသီးပုဂ္ဂလအမှုတွေမှာ ချုပ်နှောင်မှုက တရားလက်လွတ်ဥပဒေမဲ့ ချုပ်နှောင်တာ ဟုတ်မဟုတ်ကို သတ်မှတ်ဖို့အတွက် စောဒကတက်မှုတွေကို WGAD ကလေ့လာပါတယ်။ ဆုံးဖြတ်ချက်ချနိုင်တဲ့ အနေအထားကိုရောက်ဖို့ WGAD ကသတင်းအချက်အလက် လုံလုံလောက်လောက်ရတဲ့အထိ အမှုကို ဆက်ဖွင့်ထားမှာဖြစ်ပါတယ်။ WGAD ရဲ့ အမှုတခုမှာ ပါဝင်ပတ်သက်မှုအတိမ်အနက်က လက်ခံရရှိတဲ့ (အထိန်းသိမ်းခံရသူရဲ့ မိသားစု ဒါမှမဟုတ် ကိုယ်စားလှယ်၊ အဲန်ဂျီအိုတွေ၊ အစိုးရတွေနဲ့ အစိုးရတွင်းဌာနများက တိုင်ကြားတဲ့) ဆက်သွယ်တိုင်တန်းချက်နဲ့ ပတ်သက်ပါတယ်။ တရားလက်လွတ် လွတ်လပ်ခွင့်ဆုံးရှုံးမှုတွေကို ဖော်ထုတ်တဲ့ အမှုတွေကို WGAD က သူကိုယ်တိုင်ဦးဆောင်စတင်မှုနဲ့အတူကိုင်တွယ်နိုင်ပါတယ်။ လက်ခံနိုင်လောက်တဲ့ ဆက်သွယ်တိုင်ကြားချက်တွေအတွက် ဒေသဆိုင်ရာဖြေရှင်းချက်တွေ အားနည်းသွားစရာ အကြောင်းမရှိပါဘူး။ အစိုးရတွေရဲ့ ဖိတ်ကြားချက်အရ WGAD က ထိန်းသိမ်းမှုပြုခဲ့တဲ့နေရာတွေဆီကို (ထိန်းသိမ်းတဲ့ အခြေအနေတွေတင်မက အကျဉ်းသားတွေရဲ့တရားဝင် အနေအထားကို ကြည့်ရှုနိုင်ဖို့အတွက်) သွားရောက် ကွင်းဆင်းလေ့လာနိုင်ပါတယ်။

## တရားလက်လွတ် ဖမ်းဆီးထိန်းသိမ်းမှုအမျိုးအစားများ

တရားလက်လွတ် လွတ်လပ်ခွင့်ဆုံးရှုံးမှုတွေကို ထိရောက်စွာကိုင်တွယ်ဖို့ အထွေထွေစည်းမျဉ်းတခုအဖြစ် WGAD က အောက်ပါအမျိုးအစားသုံးမျိုးကို ရည်ညွှန်းအသုံးပြုပါတယ်

* အမျိုးအစား ၁။
(အကျဉ်းသားတယောက်အတွက် ချမှတ်ထားတဲ့ပြစ်ဒဏ်ကာလပြည့်ပြီးချိန် (သို့) အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အောက်မှာ အကျုံးဝင်ပေမဲ့လဲ ဆက်လက်ချုပ်နှောင်ခံထားရခြင်း စသဖြင့်) ဘယ်တရားဝင် အခြေခံအခြေအနေနဲ့မှ ဆက်နွယ်လို့မရတာထင်ရှားတဲ့ လွတ်လပ်ခွင့်ဆုံးရှုံးမှုက တရားလက်လွတ် ဖြစ်နေတဲ့အမှုတွေ

* အမျိုးအစား ၂။
(၁၉၄၈) အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကအာမခံချက်ပေးထားတဲ့ လွတ်လပ်ခွင့်တွေ၊ အခြေခံအခွင့်အရေးတွေ (အထူးသဖြင့် အပိုဒ်ခွဲ ၇၊ ၁၃၊ ၁၄၊ ၁၈၊ ၁၉၊ ၂၀ နဲ့ ၂၁) နဲ့ (၁၉၆၆) အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးနဲ့ အထွေထွေလူမှုအခွင့်အရေးများဆိုင်ရာ သဘောတူညီချက် (အထူးသဖြင့် အပိုဒ်ခွဲ ၁၂၊ ၁၈၊ ၁၉၊ ၂၁၊ ၂၂၊ ၂၅၊ ၂၆ နဲ့ ၂၇) ကို ကျင့်သုံးမှုရဲ့ရလဒ်နဲ့ တရားလက်လွတ် လွတ်လပ်မှုဆုံးရှုံးတဲ့ အမှုတွေ။ ဒီအပိုဒ်ခွဲတွေက တွေးခေါ်မှု၊ ဘာသာရေးနဲ့ ယုံကြည်မှု၊ ထင်မြင်ယူဆချက်၊ ဖော်ပြပိုင်ခွင့်၊ ငြိမ်းချမ်းစွာ စုဝေးပိုင်ခွင့်နဲ့ အဖွဲ့အစည်းအသင်းပင်းဖွဲ့စည်းပိုင်ခွင့် ဆိုင်ရာလွတ်လပ်ခွင့် ကိုရည်ညွှန်းပါတယ်။

* အမျိုးအစား ၃။
တရားမျှတတဲ့ တရားစီရင်မှုဆိုင်ရာအခွင့်အရေးနဲ့ပတ်သက်နေတဲ့ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အားလုံး (သို့) အစိတ်အပိုင်းတခုအရ လေ့လာဆန်းစစ်မှုမပြုတဲ့ အမှုတွေက ဘယ်အမျိုးအစားအရပဲ ဖြစ်ဖြစ် လွတ်လပ်ခွင့်ချို့တဲ့မှုနဲ့ တရားလက်လွတ်သဘာဝရှိတဲ့ အမှုတွေနဲ့ နှိုင်းယှဉ်ညှိနှိုင်းပါတယ်။ သတိပြုရမဲ့အချက်ကတော့ ရုံးမတင်မီချုပ်နှောင်ထားခြင်း (သို့) အမိန့်အရချုပ်နှောင်ထားခြင်းနဲ့ အမိန့်ချပြီး နောက်ပိုင်းထောင်ဒဏ်ကာလများလဲပါဝင်နိုင်ပါတယ်။

ဥပဒေမဲ့အဖြစ် သတ်မှတ်နိုင်တဲ့ တရားလက်လွတ်ဖမ်းဆီးချုပ်နှောင်မှုဆိုင်ရာ (တရားမမျှတတဲ့) ရုံးမတင်မီနဲ့ အမိန့်ချအပြီး အခြေအနေတွေရဲ့ အသေးစိတ်စာရင်းကို WGAD ကပံ့ပိုးတင်ပြထားပါတယ်။

## အမှုတခုချင်းစီကို လေ့လာဆန်းစစ်ခြင်း

အမှုတွေကို တတ်နိုင်သမျှ အောက်ပါသတင်းအချက်အလက်တွေထည့်သွင်းပြီး ရေးသားတင်ပြရမှာ ဖြစ်ပါတယ်။

* အဖမ်းဆီးခံ၊ ထိန်းသိမ်းခံရသူရဲ့ ကိုယ်ရေးအထောက်အထား

* ဖမ်းတဲ့၊ ထိန်းသိမ်းတဲ့ နေရာ၊ နေ့စွဲ၊ အမှုအပေါ်တာဝန်ရှိတဲ့ (ကျူးလွန်တဲ့) အဖွဲ့အစည်းတွေနဲ့ အခြားရနိုင်သမျှသတင်းအချက်အလက်တွေ

* ဖမ်းဆီး၊ ထိန်းသိမ်းခြင်းများနဲ့ပတ်သက်ပြီး အာဏာပိုင်တွေရဲ့ အကြောင်းပြချက်တွေ

* အမှုနဲ့သင့်တော်လျောက်ပတ်တဲ့ ဥပဒေ

* ထိန်းသိမ်းမှုကို အတည်ပြုဖို့ ပြည်တွင်းအတိုင်းအတာအရ ဆောင်ရွက်ထားပြီးသားအဆင့်တွေ၊ အထူးသဖြင့် အုပ်ချုပ်ရေးနဲ့ ဥပဒေပိုင်းဆိုင်ရာအာဏာပိုင်တွေကိုချဉ်းကပ်မှုတွေ၊ ဘာကြောင့် ဒီအဆင့်တွေ မထိရောက်တယ်၊ မဆောင်ရွက်ခဲ့တယ်ဆိုတဲ့ ရလဒ်တွေနဲ့ အကြောင်းပြချက်တွေ

* တရားလက်လွတ် ထိန်းသိမ်းမှုအဖြစ် ဒီအမှုနဲ့ပတ်သက်တဲ့ အကြောင်းပြချက်အတိုချုပ်

* သတင်းတိုင်ကြားချက် တင်သွင်းသူများနဲ့ပတ်သက်တဲ့ ထူးခြားချက်အပြည့်အစုံ

## အမှုများကို ကိုင်တွယ်ဖြေရှင်းခြင်း

### တိုင်ကြားချက်တွေကို ငြင်းဆိုတုံ့ပြန်ဖို့အတွက် အစိုးရများကိုအခွင့်အရေးတစ်ရပ်ပေးခြင်း

တရားလက်လွတ်အထိန်းသိမ်းခံရတယ်လို့ သတ်မှတ်ခံရတဲ့အမှုတွေကို ရက် ၉၀ အတွင်း (အမှုနဲ့ ပတ်သက်သမျှ အချက်အလက်တွေအပြင် သက်ဆိုင်တဲ့ပုဒ်မတွေပေါ်မှာ) WGAD ကို ပြန်လည်အကြောင်းပြန်ဖို့ ဖိတ်ခေါ်ချက်နဲ့ အတူ သက်ဆိုင်တဲ့အစိုးရတွေဆီကို လွှဲပြောင်းပေးပါတယ်။ အမိန့်ပေးထားတဲ့ စုံစမ်းစစ်ဆေးချက်တွေရဲ့ ရလဒ်နဲ့ တိုးတက်မှု သတင်းအချက်အလက်တွေကို ပြန်လည်တင်ပြပံ့ပိုးပေးဖို့ကိုလည်း အစိုးရတွေကို တောင်းဆိုပါတယ်။

### WGAD ရဲ့အမြင်များ

စုဆောင်းရရှိထားတဲ့ သတင်းအချက်အလက်များအရ အောက်ဖော်ပြပါများထဲကတစ်ခုကို WGAD က ရွေးချယ်ပါတယ်

* WGAD က အမှုကိုစကိုင်တွယ်ပြီးနောက်ပိုင်းမှာ ထိန်းသိမ်းခံရသူလွတ်သွားတယ်ဆိုရင် အမှုကို သိမ်းဆည်းထားလိုက်ဖို့ ဆုံးဖြတ်နိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အမှုကတကယ် တရားလက်လွတ် ထိန်းသိမ်းခံရတာလား၊ ထိန်းသိမ်းခံရတဲ့အခြေအနေတွေက ချမှတ်ထားတဲ့ သတ်မှတ်ချက်တွေထဲ အကျုံးဝင်လား၊ အထူးအရေးပေါ် အခြေအနေလားဆိုတာ WGAD ကဆုံးဖြတ်ပိုင်ခွင့် ရှိပါတယ်

* အမှုက တကယ်တရားလက်လွတ်ထိန်းသိမ်းခံရတာမဟုတ်ဘူး ဆိုတာ WGAD က ဆုံးဖြတ်နိုင်ပါတယ်။

* WGAD က သက်ဆိုင်တဲ့အစိုးရတွေဆီက၊ တိုင်ကြားတဲ့ရင်းမြစ်ဆီက နောက်ထပ်သတင်း အချက်အလက် ထပ်မံရှာဖွေ စုဆောင်းနေစဉ်မှာ အမှုတခုကိုရွှေ့ဆိုင်းထားနိုင်ပါတယ်

* လုံလောက်တဲ့သတင်းအချက်အလက်နဲ့ မပြည့်စုံဘူးလို့သတ်မှတ်ရင် WGAD က အမှုကိုသိမ်းဆည်းထားနိုင်ပါတယ်။

* အမှုတခုက တရားလက်လွတ်ထိန်းသိမ်းခံရတဲ့ သဘောသဘာဝတွေနဲ့ကိုက်ညီရင် WGAD က အမှုကို တရားလက်လွတ်ထိန်းသိမ်းမှုအဖြစ် သတ်မှတ်ကြေညာပြီး သက်ဆိုင်ရာအစိုးရတွေဆီကို တိုက်တွန်း အကြံပေးချက်တွေ ပို့ပေးပါတယ်။

### WGAD ရဲ့ "ဂရုတစိုက်စဉ်းစားချက်များ" (တရားဝင်ဆွေးနွေးချက်များ)

WGAD က ယေဘုယျသဘာဝနဲ့ ပတ်သက်ပြီး တည်ငြိမ်စိတ်ချရတဲ့ မူဝါဒတွေချမှတ်ပြီး တရားလက်လွတ်ထိန်းသိမ်းခြင်းကို ကာကွယ်တားဆီးဖို့၊ တိုက်ဖျက်ဟန့်တားဖို့ ရည်ရွယ်ချက်တွေနဲ့ အစိုးရတွေကိုကူညီနိုင်ဖို့ "ဂရုတစိုက်

စဉ်းစားချက်အဖြစ်’’ (တရားဝင်ဆွေးနွေးချက်အဖြစ်) သိကြတဲ့ မူတခုရဲ့ ပုံစံကိုလဲချမှတ်နိုင်ပါတယ်။

နေအိမ်အကျယ်ချုပ်ပြဿနာ၊ ရွှေ့ပြောင်းနေထိုင်သူများရဲ့ အခြေအနေတွေနဲ့ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူတွေကို လုပ်အားမှတဆင့် ပြန်လည်နေရာချထားရေး ဦးတည်ချက်ပေါ်မှာ လွတ်လပ်ခွင့် ဆုံးရှုံးမှုအပါအဝင် WGAD က အဲဒီဂရုတစိုက်စဉ်းစားချက် ခြောက်ခုကိုချမှတ်ပြီးသားဖြစ်ပါတယ်။ ကော်မရှင်ကို နောက်ဆုံးတင်ထားတဲ့ အစီရင်ခံစာမှာ အနာဂါတ်မှာဖြစ်နိုင်တဲ့ စိတ်ဝေဒနာဆိုင်ရာ ထိန်းသိမ်းမှုကိစ္စအတွက် ဆွေးနွေးချက်ကို WGAD က တင်ပြထားပါတယ်။

## အရေးပေါ်အယူခံဆိုင်ရာ လုပ်ထုံးလုပ်နည်း

တဦးတယောက်က တရားလက်လွတ် ဖမ်းဆီးထိန်းသိမ်းခံထားရပြီး အဲဒီထိန်းသိမ်းမှုက သူ့ရဲ့ကျန်းမာရေးကို စိုးရိမ်စရာကောင်းတဲ့ အနေအထားအထိ ထိခိုက်စေတယ်လို့ ပြည့်စုံယုံကြည် စိတ်ချရလောက်တဲ့ တိုင်ကြားချက်တွေအတွက် အရေးပေါ်လုပ်ထုံးလုပ်နည်းတခုကို WGAD ကစီစဉ်ထားပါတယ်။ တရားရုံးက လွှတ်မိန့်ပေးပေမယ့်လဲ လွှတ်ဖို့ပျက်ကွက်တဲ့အတွက် အခြေအနေအရ ဒီလိုအရေးပေါ်အယူခံတင်ဖို့လိုအပ်တယ်လို့ WGAD က ယူဆရင် အခြားအခြေအနေတွေပေါ်မှာအရေးပေါ်အယူခံတွေမတင်ချင်လဲတင်ရမှာဖြစ်ပါတယ်။ဒီလိုအမှုတွေမှာအထိန်းသိမ်းခံ ပုဂ္ဂိုလ်ရဲ့ ရုပ်ပိုင်းနဲ့စိတ်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာတွေကို လေးစားရေး၊ အသက်ရှင်ဖို့အခွင့်အရေးတွေ သေချာစေဖို့ အစိုးရတွေကိုအမြန် အရေးယူဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံတောင်းဆိုချက်နဲ့အတူ အရေးပေါ် အယူခံကို WGAD က သက်ဆိုင်တဲ့အစိုးရတွေဆီကို ပေးပို့ပါတယ်။ အထိန်းသိမ်းခံရသူရဲ့ကျန်းမာရေးအခြေအနေက အင်မတန်ဆိုးတယ်လို့ယူဆရရင် WGAD က အထိန်းသိမ်းခံရသူကို အမြန်ဆုံးလွှတ်ပေးဖို့ သက်ဆိုင်ရာ အစိုးရတွေကို အယူခံလွှာပေးပို့နိုင်ပါတယ်။

## အစိုးရများဆီမှ အကြောင်းပြန်ကြားချက်များနဲ့ အမှုများကိုအသေးစိတ် ရှင်းလင်းဖော်ပြခြင်း

အစိုးရတွေဆီက WGAD ကိုပြန်ကြားတဲ့ ပြန်ကြားချက် မှန်သမျှကို နောက်ဆက်တွဲမှတ်ချက်တွေ၊ လေ့လာသုံးသပ်မှုတွေအတွက် (တိုင်ကြားချက်) ရင်းမြစ်ဆီကို လွှဲပြောင်းပို့ပေးပါတယ်။ အကယ်၍ သတ်မှတ်ထားတဲ့ အချိန်ကျော်တဲ့အထိအစိုးရက အကြောင်းပြန်ကြားချက်မပို့ဘူးဆိုရင် WGAD က ရနိုင်တဲ့ သတင်းအချက်အလက်ပေါ် မူတည်ပြီး အနေအထားတစ်ရပ်ဖန်တီးနိုင်ပါတယ်။အစိုးရတွေရဲ့တုံ့ပြန်ချက်တွေပေါ်နောက်ဆုံးထင်မြင်ချက်တွေကိုကော်မရှင်ကို နှစ်စဉ်တင်ရတဲ့ အစီရင်ခံစာမှာ ပုံနှိပ်ဖော်ပြထားပါတယ်။

## စစ်တမ်းမေးခွန်းပုံစံလွှာ

တရားလက်လွတ်ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာ အမှုတွေကိုသတင်းပို့ တိုင်ကြားချက်တွေအတွက် အမှုတွေ တိုင်ကြားတင်ပြတာလွယ်ကူချောမွေ့စေဖို့ WGAD က (ကုလသမဂ္ဂလူ့အခွင့်အရေးမဟာမင်းကြီးရုံး အင်တာနက် စာမျက်နှာ (http://www.unhchr.ch/html/menu6/2/fs26.htm#A5) ပေါ်မှာရနိုင်တဲ့) စံပြုပုံစံတခု ပြင်ဆင်ထားပါတယ်။

## အထွေထွေ

လူ့အခွင့်အရေးကိစ္စတွေနဲ့ အစိုးရလျှို့ဝှက်ချက်တွေ၊ ယုံကြည်ချက်အရ စစ်မှုထမ်းရေး၊ စစ်ဥပဒေစီရင်ရေးနဲ့ (တခြားနိုင်ငံမှာဖြစ်ခဲ့တဲ့အမှု)အမှုလွှဲပြောင်းပေးမှုကိုဆန့်ကျင်သူတွေနဲ့ပတ်သက်တဲ့ကိစ္စရပ်တွေအတွက်တိုက်တွန်းအကြံပေးချက်တွေကို ကော်မရှင်ကိုတင်တဲ့ အစီရင်ခံစာထဲမှာ WGAD က ထည့်သွင်းထားပါတယ်။ ကော်မရှင်ကိုတင်တဲ့နောက်ဆုံးအစီရင်ခံစာထဲမှာ အစိုးရတွေအတွက် တိုက်တွန်းအကြံပြုချက်နှစ်ခုကို WGAD က ထည့်သွင်းဖော်ပြထားပါတယ်။ ပထမတခုက အကြွေးမပေးနိုင်မှု (ဒေဝါလီခံရမှု)ကြောင့် ထောင်သွင်းအကျဉ်းချမှု နဲ့ ကြိုတင်ကာကွယ်ဖို့အကြောင်းပြချက်အရ ဖမ်းဆီးထိန်းသိမ်းမှုတွေဖြစ်ပါတယ်။

## လူမျိုးရေးဝါဒ၊ လူမျိုးရေးအရခွဲခြားဆက်ဆံခြင်း၊ တိုင်းတပါးသားမုန်းတီးမှု ခွဲခြားဆက်ဆံမှုလက်ရှိပုံစံများနဲ့ နောက်ဆက်တွဲတင်းမာမှုများဆိုင်ရာ အထူးကိုယ်စားလှယ်

SPECIAL RAPPORTEUR ON CONTEMPORARY FORMS OF RACISM, RACIAL DISCRIMINATION, XENOPHOBIA AND RELATED INTOLERANCE

*ကော်မရှင်ဆုံးဖြတ်ချက် ၁၉၉၃၊၂၀ အရဆုံးဖြတ်ချမှတ်သည်*

### လုပ်ပိုင်ခွင့်လွှဲအပ်မှုများနှင့် အလုပ်လုပ်ပုံနည်းစနစ်

အထူးကိုယ်စားလှယ်ရဲ့ လုပ်ပိုင်ခွင့်က (၁၉၆၅) လူမျိုးရေးနှိမ့်ချဆက်ဆံမှု ပုံစံအားလုံးကို ဖယ်ရှားတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာသဘောတူညီချက်ပေါ်မှာ အခြေခံပါတယ်။ အထူးကိုယ်စားလှယ်ကို လက်ရှိခွဲခြားဆက်ဆံမှုပုံစံတွေ၊ လူမျိုးရေးအခြေခံတဲ့ ခွဲခြားဆက်ဆံတာတွေ၊ တိုင်းတပါးသားမုန်းတီးမှုတွေ နောက်ဆက်တွဲ လူမျိုးရေးတင်းမာမှုတွေနဲ့ ပတ်သက်တဲ့ တိုင်ကြားချက်တွေကို အစီရင်ခံဖို့၊ ယေဘူယျတိုက်တွန်းအကြံပြုချက်တွေလုပ်ဖို့ လုပ်ပိုင်ခွင့် အပ်နှင်းပါတယ်။

### အမှုတခုချင်းစီကို လေ့လာဆန်းစစ်ခြင်း

တသီးပုဂ္ဂလအမှုတွေအတွက် ဆက်သွယ်တိုင်ကြားချက် လုပ်ထုံးလုပ်နည်းတွေက အခြားလုပ်ငန်းယန္တရားတွေက အသုံးပြုတဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့ ဆင်တူပါတယ်။ ဒီစာတမ်းအတွက် မိတ်ဆက်အခန်း စာမျက်နှာ ၆ မှာ ထည့်သွင်းဖော်ပြထားတဲ့ အနိမ့်ဆုံးလိုအပ်တဲ့ အချက်အလက်တွေနဲ့ ကိုက်ညီရမှာဖြစ်ပါတယ်။

### အထွေထွေ

စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုတွေရဲ့ နောက်ဆက်တွဲနဲ့ ကော်မရှင်ကိုနောက်ဆုံးတင်တဲ့ အစီရင်ခံစာထဲမှာ အထူးကိုယ်စားလှယ်က လူ့အခွင့်အရေးတွေအပေါ် လေးစားမှုကို သေချာစေဖို့ အကြမ်းဖက်ဝါဒနဲ့ပတ်သက်တဲ့ ပြဿနာတွေ ဖြေရှင်းမှုအပေါ် ထိန်းချုပ်မှုတခုကို တိုက်တွန်းတောင်းဆိုလိုက်ပါတယ်။ အထူးကိုယ်စားလှယ်က ၂၀၀၁ ဩဂုတ်လမှာ ကျင်းပခဲ့တဲ့ လူမျိုးရေးဝါဒ၊ လူမျိုးရေးခွဲခြားဆက်ဆံမှု၊ တိုင်းတပါးသားမုန်းတီးမှုတွေနဲ့ နောက်ဆက်တွဲ လူမျိုးရေးတင်းမာမှုတွေ ကိုဆန့်ကျင်တိုက်ဖျက်ရေး ကမ္ဘာ့ညီလာခံနဲ့ ရလဒ်အဖြစ် ဒါဘန်လှုပ်ရှားမှုလမ်းစဉ် ကြေညာချက်ကို ထောက်ခံကြိုဆိုလိုက်ပါတယ်။ ဒီစာတမ်းထဲမှာ တောင်းဆိုထားတဲ့ အရေးယူဆောင်ရွက်မှု သုံးခုရဲ့ ထူးထူးခြားခြား အရေးပါချက်ကို အထူးကိုယ်စားလှယ်က ထည့်သွင်းထားပါတယ်။

- ✳ အခြားသူတွေကိုလေးစားမှုဖြစ်တဲ့ လူသားဆန်တဲ့တန်ဖိုးတွေနဲ့အတူ စိတ်ပိုင်းဆိုင်ရာအမြင်ထဲက စဉ်းစားတွေးခေါ်ပုံတွေကိုပြောင်းလဲပစ်ဖို့ နည်းလမ်းတခုအဖြစ် ပညာရေး

- ✳ လူမျိုးရေးအဖွဲ့အစည်းတွေ၊ လှုပ်ရှားမှုတွေကို ပိတ်ပင်တားမြစ်ဖို့နဲ့ လူမျိုးရေးခွဲခြားနှိမ့်ချဆက်ဆံမှုတွေကို ပြစ်ဒဏ်ပေးဖို့ တရားဥပဒေ

- ✳ လူမျိုးရေးခွဲခြားမှုရဲ့ လွှမ်းမိုးမှုဒဏ်ခံရသူတွေကို (ကျူးလွန်ခံရသူတွေကို) အားပေးထောက်ပံ့ဖို့ စီးပွားရေးနဲ့ လူမှုရေးအရ အရေးယူဆောင်ရွက်မှုတွေ

## လွတ်လပ်စွာထင်မြင်ယူဆခွင့်နဲ့ လွတ်လပ်စွာဖွင့်ဟထုတ်ဖော်မှုတို့ကို မြှင့်တင်ကာကွယ်ပေးရေးဆိုင်ရာ အထူးကိုယ်စားလှယ်

SPECIAL RAPPORTEUR ON THE PROMOTION AND
PROTECTION OF THE RIGHT TO FREEDOM OF OPINION AND EXPRESSION

*ကော်မရှင်ဆုံးဖြတ်ချက် ၁၉၉၃၊ ၄၅ အရဆုံးဖြတ်ချမှတ်သည်*

## လုပ်ပိုင်ခွင့်လွှဲအပ်မှုများနှင့် အလုပ်လုပ်ပုံနည်းစနစ်

ခွဲခြားဆက်ဆံခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ခြင်း၊ (လူနည်းစု၊ ဘာသာခြား ဖြစ်ခြင်းကြောင့် အနိုင်ကျင့်ခံရခြင်းနဲ့ ခြိမ်းခြောက်သွေးဆောင်ဖြားယောင်းခြင်း အပါအဝင်) ထင်မြင်ယူဆမှုနဲ့ ဖွင့်ဟဖော်ထုတ်မှု ဆိုင်ရာလွတ်လပ်ခွင့်ကို ကျင့်သုံးဖို့ကြိုးစားသူ၊ကျင့်သုံးခြင်းနဲ့(သတင်းအချက်အလက်ကိစ္စတွေမှာကျွမ်းကျင်သူတွေအပါအဝင်)မြှင့်တင်သူတွေ ပေါ်နှောက်ယှက်တာတွေကို အစီရင်ခံဖို့နဲ့ တိုက်တွန်းအကြံပြုချက်တွေ ပြုလုပ်ဖို့ အထူးကိုယ်စားလှယ်က လုပ်ပိုင်ခွင့်ရထားပါတယ်။

ထင်မြင်ယူဆမှုနဲ့ဖွင့်ဟဖော်ထုတ်မှုဆိုင်ရာလွတ်လပ်ခွင့်၊လွတ်လပ်စွာတွေးတောပိုင်ခွင့်၊ဘာသာရေးနဲ့ယုံကြည်မှုအရ လွတ်လပ်ပိုင်ခွင့်၊ ငြိမ်းချမ်းစွာစုဝေးပိုင်ခွင့်၊ အဖွဲ့အစည်း ဖွဲ့စည်းခွင့်ဆိုင်ရာလွတ်လပ်ခွင့်၊ ပြည်သူအားလုံးနဲ့ သက်ဆိုင်တဲ့ကိစ္စတွေမှာ ပါဝင်ဆောင်ရွက်ပိုင်ခွင့်၊ စတာတွေကိုကျင့်သုံးဖို့ ကြိုးစားသူတွေကို ပစ်မှတ်ထားတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ၊ (၁၉၄၈) အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းနဲ့ (၁၉၆၆) လူမှုရေးနဲ့ နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများအပေါ် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်တွေကိုမြှင့်တင်သူတွေနဲ့ဒီအခွင့်အရေးတွေနဲ့ လွတ်လပ်ခွင့်တွေကို ကာကွယ်သူတွေရဲ့ပညာရေးကိုမြှင့်တင်ပေးဖို့ ကြိုးစားသူတွေကို ဆန့်ကျင်တိုက်ခိုက်မှုတွေကို အလေးထား ဂရုစိုက်ကြောင်း ကော်မရှင်ကဖော်ပြထားပါတယ်။

အထူးကိုယ်စားလှယ်က ထင်မြင်ယူဆမှုနဲ့ ဖွင့်ဟဖော်ထုတ်မှု ဆိုင်ရာလွတ်လပ်ခွင့်အဖြစ် အောက်ပါအတိုင်း အဓိပ္ပါယ် ဖွင့်ဆိုထားပါတယ်။

## ထင်မြင်ယူဆမှု

လူတဦးတယောက်တိုင်း မည်သည့်ထင်မြင်မှုကိုမဆို စွဲကိုင်ထားပိုင်ခွင့်ရှိသည်။ ထို့အတွက်ကြောင့် ခြိမ်းခြောက်ခြင်း၊ အနိုင်ကျင့်ခြင်း၊ အင်အားသုံး အကျပ်ကိုင်ခြင်းတို့ကြောင့် ထိုသူ၏ထင်မြင်ယူဆချက်အပေါ် လွှမ်းမိုးမှုမှ ကင်းလွတ်စေရမည်။

## ဖွင့်ဟဖော်ထုတ်မှု

ဒါက (၁) မည်သည့်သတင်း၊ အကြံဉာဏ်များကိုမဆို ရှာဖွေလက်ခံရရှိဖို့၊ (၂) ကိုယ်ပိုင်ဆုံးဖြတ်ချက်အရ မည်သည့် သတင်းလမ်းကြောင်းမှတဆင့်မဆို ထိုသတင်း၊အကြံဉာဏ်များကို တင်ပြနိုင်တဲ့လွတ်လပ်ခွင့်ဖြစ်ပါတယ်။ လွတ်လပ်စွာ ဖွင့်ဟဖော်ထုတ်ခွင့်ကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များအတွက်သာ တင်းကျပ်ထိန်းချုပ်နိုင်ပါတယ်။

* အခြားသူများရဲ့ဂုဏ်သတင်းနဲ့ အခွင့်အရေးများကိုလေးစားဖို့

* အမျိုးသားလုံခြုံရေးကိုကာကွယ်ဖို့

* ပြည်သူ့လုံခြုံရေးကိုကာကွယ်ဖို့

* ပြည်သူ့ကျန်းမာရေးကိုကာကွယ်ဖို့

* ပြည်သူ့ကိုယ်ကျင့်ဆိုင်ရာကိုကာကွယ်ဖို့

ထိန်းချုပ်မှုတွေနဲ့ ကန့်သတ်မှုတွေက ထုံးစံအတိုင်းနဲ့ အထူးအခြေအနေအဖြစ် ဥပဒေထဲမှာ ထည့်သွင်း ပြဋ္ဌာန်းရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ကန့်သတ်ချက်တွေက တရားဝင်ရည်မှန်းချက် အတိုင်းအတာနဲ့ ပြည့်မှီရမှာ ဖြစ်ပါတယ်။

## အမှုတစုချင်းစီကို လေ့လာဆန်းစစ်ခြင်း

အထူးကိုယ်စားလှယ်က သတင်းအချက်အလက် တင်ပြရာမှာ အထောက်အကူဖြစ်စေမယ့် လမ်းညွှန်ချက်တွေကို ပြင်ဆင်ပေးထားပါတယ်။ အဲဒါတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်

## တဦး (သို့) တဦးထက်ပိုသူများနဲ့ပတ်သက်တဲ့ တင်ပြတိုင်တန်းချက်များ

နာမည်၊ အသက်၊ လိင်၊ (ဖြစ်နိုင်ရင်) လူမျိုးစုနောက်ခံ၊ အသက်မွေးဝမ်းကျောင်း၊ ပါဝင်ပတ်သက်တဲ့ အဖွဲ့အစည်း၊ အတိတ်နဲ့ လက်ရှိ နိုင်ငံရေး၊ လူမှုရေး၊ လူမျိုးစုရေး (သို့) အလုပ်သမားအဖွဲ့အစည်း လှုပ်ရှားမှုမှာပါဝင် ဆောင်ရွက်ခဲ့တာတွေနဲ့ တိုင်ကြားတဲ့ ချိုးဖောက်မှုနဲ့ ဆက်နွယ်တဲ့ တခြားထူးခြားတဲ့ လှုပ်ရှားဆောင်ရွက်မှုတွေကို တတ်နိုင်သမျှ အသေးစိတ်ဖော်ပြပေးရမှာဖြစ်ပါတယ်။

## ဆက်သွယ်မှု (သတင်းဖြန့်ဝေမှု) နည်းလမ်းနဲ့ ပတ်သက်တဲ့ တင်ပြတိုင်တန်းချက်များ

နေ့စွဲ၊ တည်နေရာ၊ ဖြစ်ရပ်နဲ့ပတ်သက်တဲ့ နောက်ဆက်တွဲအခြေအနေတွေ၊ သတင်းစာဖြန့်ဝေမှုအခြေအနေနဲ့ သတင်းလွှင့်တဲ့ အသံလှိုင်း၊ (ဖြစ်နိုင်ရင်) နိုင်ငံရေးဘက်ကို ဦးတည်တဲ့သတင်းအပါအဝင် ထိခိုက်တဲ့ဆက်သွယ်မှု နည်းလမ်းရဲ့ သဘောသဘာဝတွေ (သတင်းစာတွေ၊ လွတ်လပ်တဲ့အသံလွှင့်ဌာန စသဖြင့်) အပါအဝင် အခွင့်အရေးချိုးဖောက်မှု ဖော်ပြချက်မှာ အတတ်နိုင်ဆုံး အသေးစိတ်အချက်အလက်တွေ ထည့်သွင်းဖော်ပြရမှာဖြစ်ပါတယ်။

## တင်ပြတိုင်တန်းခံ ကျူးလွန်သူများနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်

အမည်၊ အစိုးရနဲ့ပတ်သက်မှု (ဥပမာ–စစ်တပ်၊ ရဲ) နဲ့ ဘာလို့သူတို့ကိုတာဝန်ရှိတယ်လို့ထင်မြင်ခံရတယ်။ အစိုးရ မဟုတ်သူ တွေအတွက်၊ သူတို့အစိုးရနဲ့ ဘယ်လိုပတ်သက်တယ်ဆိုတဲ့ ဖော်ပြချက် (ဥပမာ–ပူးပေါင်းဆောင်ရွက်မှု (သို့) အစိုးရ လုံခြုံရေးတပ်ဖွဲ့များရဲ့အကူအညီ)။ တကယ်လို့ တင်ပြနိုင်မယ်ဆိုရင် တဦးချင်းအရ (သို့) အုပ်စုလိုက်အရ အစိုးရ မဟုတ်သူတွေရဲ့ သတင်းအချက်အလက် ရယူ၊ ထိန်းသိမ်း၊ ဖြန့်ဖြူးခွင့်တွေအပါအဝင် လွတ်လပ်စွာထင်မြင်ယူဆခွင့်နဲ့

လွတ်လပ်စွာဖော်ထုတ်ပိုင်ခွင့်တွေကို လက်ခံကျင့်သုံးသူတွေအပေါ် ခြိမ်းခြောက်မှုတွေ၊ အကြမ်းဖက်မှုတွေ၊ နှောက်ယှက်ဟန့်တားမှုတွေ လှုပ်ရှားဆောင်ရွက်ချက်တွေအပေါ် အစိုးရရဲ့အားပေးမြှောက်ပင့်မှုနဲ့ သည်းခံမှု (မမြင်ချင်ယောင်ဆောင်မှု) တွေကိုအသေးစိတ်ဖော်ပြပေးရမှာဖြစ်ပါတယ်။

## အစိုးရ လှုပ်ရှားဆောင်ရွက်မှုနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်

ပါဝင်ပတ်သက်တဲ့ပုဂ္ဂိုလ်ရဲ့ ကိုယ်ရေးအထောက်အထား (တသီးပုဂ္ဂလ (သို့) ဝန်ကြီးဌာနဆိုင်ရာ (သို့) ဌာနဆိုင်ရာ)၊ တရားဝင် ဖန်တီးကျင့်သုံးတဲ့ အမိန့်နဲ့ ပြည်တွင်းအနေအထားအရ အရေးယူဆောင်ရွက်ထားတဲ့ အဆင့်တွေကို ဖော်ပြပေးရမှာဖြစ်ပါတယ်။ ဖြစ်ပွားတဲ့ပြဿနာမှာ ဖမ်းဆီးမှု၊ ထိန်းသိမ်းမှုတွေပါဝင်နေရင် ပါဝင်ပတ်သက်တဲ့ အာဏာပိုင်ရဲ့ ကိုယ်ရေးအချက်အလက်တွေ၊ ပြဋ္ဌာန်းတဲ့ဥပဒေ၊ (သိမယ်ဆိုရင်) ထိန်းသိမ်းထားတဲ့နေရာ၊ မိသားစု ဒါမှမဟုတ် ရှေ့နေနဲ့တွေ့ခွင့်ရမရ၊ ပြည်တွင်းအနေအထားအရ အရေးယူဆောင်ရွက်ထားတဲ့ အဆင့်တွေ ဒါမှမဟုတ် လူတွေ၊ အဆင့်အတန်းတွေနဲ့ အခြေအနေတွေအပေါ် ရှင်းလင်းဖော်ပြထားချက်တွေ ဖော်ပြပေးရမှာဖြစ်ပါတယ်။ တကယ်လို့ တင်ပြနိုင်မယ်ဆိုရင် စုံစမ်းစစ်ဆေးမှုလုပ်ပြီး မပြီး၊ လုပ်ထားတယ်ဆိုရင် အစိုးရရဲ့ ဘယ်ဝန်ကြီးဌာန၊ ဘယ်ဌာနက လုပ်တယ်၊ အမှုတိုင်ကြားချက်တင်ပြတဲ့အချိန်မှာ စုံစမ်းစစ်ဆေးချက်က ဘယ်အနေအထားအထိ ရောက်နေပြီလဲ၊ အမှုကို စွဲချက်တင်ထား မထားဆိုတာ အပါအဝင် အသေးစိတ်အချက်အလက်တွေကို ဖော်ပြပေးရမှာ ဖြစ်ပါတယ်။

အထူးကိုယ်စားလှယ်က အောက်ဖော်ပြပါတွေနဲ့ ဆက်စပ်ပတ်သက်တဲ့ ပြဿနာနဲ့ချိုးဖောက်မှုတွေကို တင်ပြ တိုင်တန်းချက်တွေအပေါ် အထူးစိတ်ဝင်စားပါတယ်

* သတင်းအချက်အလက်ဆိုင်ရာကျွမ်းကျင်သူများအပါအဝင် လွတ်လပ်စွာထင်မြင်ယူဆ၊ ဖော်ထုတ်ဖွင့်ဟ ပိုင်ခွင့်တွေကို ကျင့်သုံးသူ၊ မြှင့်တင်ဖို့ကြိုးစားသူတွေကို ပစ်မှတ်ထားတဲ့ (အပါအဝင်) ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ခြင်း၊ နှောက်ယှက်ဟန့်တားခြင်း နှိမ့်ချဆက်ဆံခြင်းနဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာ အမှုတွေ

* (တဦးချင်း ဒါမှမဟုတ် အဖွဲ့လိုက်အရ) နိုင်ငံရေးအတိုက်အခံပါတီတွေ၊ အလုပ်သမားသမဂ္ဂဝင်တွေရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေ

* သတင်းကဏ္ဍ (ပုံနှိပ်၊ သတင်းလွှင့်) ကို ပစ်မှတ်ထားတဲ့၊ ဒါမှမဟုတ် သူတို့ရဲ့ လွတ်လပ်တဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေကို ဟန့်တားနှောက်ယှက်မှုတွေ

* စာအုပ်၊ မဂ္ဂဇင်း၊ ရုပ်ရှင်၊ ပြဇာတ်နဲ့ ပြခန်းအနုပညာဆိုင်ရာ အပါအဝင် အခြားသတင်းကဏ္ဍတွေက ထုတ်ဝေသူတွေနဲ့ တင်ဆက်သူတွေကို ပစ်မှတ်ထားတဲ့တိုက်ခိုက်မှုတွေ

* လူ့အခွင့်အရေးကာကွယ်သူတွေရဲ့ လှုပ်ရှားဆောင်ရွက်မှုများ (ဥပမာ–ရှေ့နေတွေ၊ အခြား အစုအဖွဲ့ ဆိုင်ရာ လှုပ်ရှားသူတွေ)

* အခက်အခဲများအတွင်း အမျိုးသမီးများ၏ လူ့အခွင့်အရေးများ–ဥပဒေများနဲ့ လက်တွေ့ကျင့်သုံးမှုများ အပါအဝင်–အမျိုးသမီးများရဲ့ သူတို့သိ၊ ကြား၊ ထင်မြင်တာကို ဖွင့်ဟဖော်ထုတ်ခွင့်၊ ဆုံးဖြတ်ချက်ချရာမှာ ပါဝင်ဆောင်ရွက်နိုင်ခွင့်၊ ဥပဒေရှေ့မှောက်မှာတန်းတူအခွင့်အရေးရပိုင်ခွင့်၊ မိသားစုအစီအစဉ်၊ အမျိုးသမီးများအပေါ်

အကြမ်းဖက်မှု စသဖြင့် သူတို့နဲ့အထူးသဖြင့်သက်ဆိုင်နေတဲ့ သတင်းအချက်အလက် ရှာဖွေ ရရှိပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ

* ဒေသတွင်းနဲ့ ပြည်တွင်းအနေအထားအရ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ပိုင်ခွင့်တွေ၊ ဆုံးဖြတ်ချက်ချတဲ့ လုပ်ငန်းစဉ်မှာ ပါဝင်နိုင်ဖို့အတွက်အခက်အခဲတွေ၊ အခြားကိစ္စ (ဥပမာ–ပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေး ဆိုင်ရာသင်ယူမှုတွေ၊ နိုင်ငံတော်ဘတ်ဂျက်၊ လူမှုရေးအသုံးစားရိတ်တွေ၊ စက်မှုတိုးတက်ရေး စီမံကိန်းတွေ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စည်းမျဉ်းတွေ စသဖြင့်) တွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်ရနိုင်ဖို့ အခက်အခဲတွေ၊ အစိုးရတွေကကမ်းလှမ်းတဲ့ ဦးဆောင်လှုံ့ဆော်မှုတွေ၊ စီမံကိန်းတွေ သတင်းအချက်အလက် ရရှိနိုင်ဖို့အခက်အခဲအတားအဆီးတွေ

အထက်ဖော်ပြပါ သတင်းအချက်အလက်တောင်းခံမှုအပြင် အထူးကိုယ်စားလှယ်က နောက်ဆက်တွဲအဖြစ် မှတ်ချက်ပေးမှုတွေ ဒါမှမဟုတ် အမှုနဲ့သက်ဆိုင်တယ်လို့သတ်မှတ်တဲ့ မှတ်ချက်တွေကိုလဲ ကြိုဆိုလက်ခံပါတယ်။ အထူးကိုယ်စားလှယ်က အမှုတွေရဲ့အခြေအနေတွေနဲ့ ပြီးခဲ့တဲ့အမှုတွေအပေါ် တင်ပြတိုင်တန်းချက်တွေရဲ့ နောက်ဆက်တွဲတွေကို ဆက်လက်ပြီးသတင်းရရှိနေဖို့ အရေးကြီးကြောင်းလဲ ထည့်သွင်းဖော်ပြထားပါတယ်။ ဒါက လွတ်လပ်စွာထင်မြင်ယူဆခွင့်နဲ့ လွတ်လပ်စွာဖော်ပြပိုင်ခွင့်တွေကျင့်သုံးလို့၊ ဥပဒေအသစ်၊ မူဝါဒအသစ်တွေ ပြဋ္ဌာန်းလို့၊ ဒါမှမဟုတ် ထင်မြင်ယူဆချက်နဲ့ ဖော်ထုတ်ပိုင်ခွင့်ဆိုင်ရာ လွတ်လပ်ခွင့်တွေကို သဘောပေါက်နားလည်တဲ့ တည်ရှိနေပြီးသား အမြင်ကောင်းတွေကို ပြောင်းလဲပစ်လို့ အဖမ်းခံထားရသူတွေကို ပြန်လွှတ်ပေးမှုအပါအဝင် အကောင်းနဲ့ အဆိုး နှစ်ဖက်စလုံးက တိုးတက်မှုတွေပါဝင်ပါတယ်။

## အရေးပေါ်အယူခံဆိုင်ရာ လုပ်ထုံးလုပ်နည်း

အထူးကိုယ်စားလှယ်က အသက်အန္တရာယ်ကို ခြိမ်းခြောက်တဲ့သဘာဝရှိတဲ့ (သို့) ထူးခြားတဲ့သဘာဝရှိတဲ့ အခြားနောက်ဆက်တွဲ အခြေအနေတွေအတွက် အရေးပေါ်အာရုံစိုက်မှု လိုအပ်တဲ့အမှုတွေအတွက် အရေးပေါ်အယူခံဆိုင်ရာ လုပ်ထုံးလုပ်နည်းတခုကို ပြင်ဆင်ထားပါတယ်။

## စစ်တမ်းမေးခွန်းပုံစံလွှာ

အထူးကိုယ်စားလှယ်ဆီကိုတင်ပြတဲ့ တိုင်တန်းချက်တွေအတွက် လမ်းညွှန်ချက်တွေကို ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံး အင်တာနက်စာမျက်နှာ (http://www.unhchr.ch/huridocda/huridoca.nsf/ (Symbol)/ E.CN.4.1999.64.En?OpenDocument#annex) မှာရနိုင်ပါတယ်။

## အထွေထွေ

ကော်မရှင်ကိုနောက်ဆုံးတင်တဲ့ အထူးကိုယ်စားလှယ်ရဲ့အစီရင်ခံစာထဲမှာ လက်ခံရရှိတဲ့ တချို့တိုင်ကြားချက်တွေက အပြည့်အဝ ဒါမှမဟုတ် ပွင့်ပွင့်လင်းလင်း ဒီမိုကရက်တစ်မဖြစ်သေးတဲ့နိုင်ငံတွေနဲ့ပတ်သက်တဲ့ ဆက်သွယ်တိုင်ကြားချက်တွေ ဖြစ်သော်လည်း၊ အခြားတိုင်ကြားချက်တွေက ပေါ်ထွန်းစ ဒီမိုကရေစီနိုင်ငံတွေ ဒါမှမဟုတ် သက်တမ်းရှည် ဒီမိုကရက်တစ်အဖွဲ့အစည်းတွေ၊ လက်တွေ့ကျင့်သုံးမှုတွေနဲ့ ထုံးတမ်းစဉ်လာတွေရှိပြီးသား နိုင်ငံနှစ်မျိုးစလုံးက ဖြစ်တယ်လို့ မှတ်ချက်ချထားပါတယ်။ အမှုအများစုက သတင်းကဏ္ဍ ကျွမ်းကျင်သူများနဲ့ ပတ်သက်တာတွေဖြစ်ပေမဲ့

နိုင်ငံရေးအုပ်စုတွေ၊ အတိုက်အခံနိုင်ငံရေးပါတီဝင်တွေ၊ လူ့အခွင့်အရေး လှုပ်ရှားမှုတွေ၊ ရှေ့နေတွေ၊ ကျောင်းသားတွေ၊ ပညာရှင်တွေ၊ ကုန်သွယ်ရေးသမဂ္ဂဝင်တွေ၊ အထွေထွေသပိတ်တွေမှာ ပါဝင်သူတွေ၊ အမျိုးသမီးတွေ၊ လယ်သမားတွေ၊ ဘာသာရေးအရနဲ့ လူမျိုးစုအရ လူနည်းစုဖြစ်နေသူတွေဆိုင်ရာ အဖွဲ့တွေက အဖွဲ့ဝင်တွေ၊ စာရေးဆရာတွေ၊ ကာတွန်းပညာရှင်တွေနဲ့ အခြားသူတွေနဲ့ ပတ်သက်တဲ့ အလားတူအရေးယူဆောင်ရွက်မှုတွေနဲ့ အခွင့်အရေးချိုးဖောက်မှုတွေလဲ ဖြစ်ပွားပါတယ်။ အထူးကိုယ်စားလှယ်က (ဖမ်းတာ၊ ထိန်းသိမ်းတာ၊ စွဲချက်တင်တာ၊ ရုံးတင်တာ၊ အမိန့်ချတာ အပါအဝင်) သတင်းကဏ္ဍနဲ့ ပတ်သက်နေသူတွေနဲ့ အခြားသူတွေကိုထိခိုက်စေတဲ့ နည်းလမ်းမျိုးတွေကို အမျိုးအစားခွဲခြားသတ်မှတ်ပါတယ်။ အထူးကိုယ်စားလှယ်က မုန်းတီးမှုအခြေခံတဲ့မိန့်ခွန်းနဲ့ လွတ်လပ်စွာထုတ်ဖော်ပိုင်ခွင့်ဆိုင်ရာ လွတ်လပ်ခွင့်၊ (အင်တာနက်ရရှိနိုင်မှုနဲ့ စည်းမျဉ်းတွေ အပါအဝင်) အင်တာနက်တို့ကိုလည်း စဉ်းစားသုံးသပ်ပါတယ်။ စက်တင်ဘာ ၁၁ ရက်တိုက်ခိုက်မှုရဲ့ နောက်ဆက်တွဲတွေ၊ (ရေဒီယို၊ တီဗွီ) ထုတ်လွှင့်ခြင်းနဲ့ ပတ်သက်တဲ့ လွတ်လပ်စွာထုတ်ဖော်ပိုင်ခွင့်ကို လေးစားဖို့ အရေးကြီးတယ်ဆိုတာကိုလည်းပဲ အလေးထားစဉ်းစားပါတယ်။ အထူးကိုယ်စားလှယ်က (အစိုးရတွေနဲ့ အစိုးရမဟုတ်တဲ့ ရင်းမြစ်တွေကတဆင့် သတင်းအချက်အလက် လက်ခံရယူပိုင်ခွင့်တွေအပါအဝင်) အမျိုးသမီးတွေရဲ့ လွတ်လပ်စွာ ထင်မြင်ယူဆချက်နဲ့ ဖော်ထုတ်ခွင့်ဆိုင်ရာ အခွင့်အရေးတွေ ကျင့်သုံးမှုအတွက် သာမန်နဲ့ ယဉ်ကျေးမှုဆိုင်ရာ အတားအဆီးတွေနဲ့ဆိုင်တဲ့ ကိစ္စတွေအတွက် သတင်းအချက်အလက် တောင်းခံပါတယ်။

## အမျိုးသမီးများအပေါ်အကြမ်းဖက်မှု၊ အကြမ်းဖက်ရခြင်း အကြောင်းရင်းများနဲ့ နောက်ဆက်တွဲကိစ္စများဆိုင်ရာ အထူးကိုယ်စားလှယ်

SPECIAL RAPPORTEUR ON VIOLENCE AGAINST WOMEN, ITS CAUSES AND CONSEQUENCES

*ကော်မရှင်ဆုံးဖြတ်ချက် ၁၉၉၄၊ ၄၅ အရဆုံးဖြတ်ချမှတ်သည်*

### လုပ်ပိုင်ခွင့်လွှဲအပ်ခြင်းနှင့် အလုပ်လုပ်ပုံ နည်းလမ်း

အထူးကိုယ်စားလှယ်ကိုအမျိုးသမီးများကိုအကြမ်းဖက်ခြင်းဆိုင်ရာ သတင်းအချက်အလက်ရှာဖွေလက်ခံရရှိနိုင်ဖို့ဖြစ်ရခြင်း အကြောင်းရင်းတွေနဲ့ နောက်ဆက်တွဲအခြေအနေတွေကို လေ့လာဖို့၊ ဒီလိုသတင်းအချက်အလက် (တိုင်ကြားချက်) ကို ထိထိရောက်ရောက်တုံ့ပြန်နိုင်ဖို့၊ ဒီလိုဖြစ်ပွားမှုမျိုးကို ရပ်တန့်ဖို့အတွက် သင့်တော်တဲ့အရေးယူမှုမျိုးကို တိုက်တွန်းအကြံပေးနိုင်ဖို့နဲ့ နောက်ဆက်တွဲအခြေအနေတွေကို တားဆီးကုသနိုင်ဖို လုပ်ပိုင်ခွင့်ပေးအပ်ထားပါတယ်။ အထူးကိုယ်စားလှယ်ကလိင်ကွဲပြားမှုပေါ်မူတည်ပြီးအမျိုးသမီးတွေကိုအကြမ်းဖက်တာ၊အကြမ်းဖက်ဖို့ခြိမ်းခြောက်တာစတဲ့**လိင်ပေါ်အခြေခံတဲ့ ထူးခြားတဲ့**အမှုတွေအဖြစ်အမျိုးသမီးတွေကိုအကြမ်းဖက်တဲ့ကိစ္စတွေကိုတင်ပြတိုင်ကြားလာတဲ့အခါ(လိုအပ်သလို)ဆက်လက်ဆောင်ရွက်နိုင်တဲ့ အနေအထား (နေရာ) မှာ သူတယောက်ထဲရှိနေတယ်ဆိုတာကို အလေးထားအာရုံစိုက်ပါတယ်။

အထူးကိုယ်စားလှယ်ရဲ့ အမျိုးသမီးများအပေါ် လိင်အခြေခံအကြမ်းဖက်မှုဆိုင်ရာ လုပ်ပိုင်ခွင့်ကို (၁၉၉၃) ကုလသမဂ္ဂ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများကို တိုက်ဖျက်ရှင်းလင်းရေး ကြေညာချက်မှ ရရှိထားပါတယ်။ ဒီကြေညာချက် အပိုဒ်ခွဲ ၂ မှာဖော်ပြထားတာက

“အောက်ပါအချက်တွေမှာ အကျုံးဝင်တဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွေဖြစ်ပွားရင် (ကျူးလွန်ခံရသူတွေကို မကျဉ်ပဲ) မကန့်သတ်ပဲ လက်တွဲပါဝင်ဝန်းရံဖြေရှင်းဖို့အတွက် (သူတို့ကို) နားလည်ပေးရမှာဖြစ်ပါတယ် ဒါကို အောက်ပါ အတိုင်းဖော်ပြထားပါတယ်

∗ရိုက်နှက်ခြင်း၊မိန်းကလေးငယ်များကိုလိင်ပိုင်းဆိုင်ရာအလွဲသုံးစားလုပ်ခြင်း၊အိမ်ထောင်ဖက်ကိုအဓမ္မကျင့်ခြင်း၊ လက်ဖွဲ့ကြေးနဲ့ပတ်သက်ပြီးအကြမ်းဖက်ခြင်း၊အမျိုးသမီးလိင်အင်္ဂါကိုဖြတ်တောက်ခြင်းနဲ့အခြားအမျိုးသမီးများ ကို ထိခိုက်တဲ့ ထုံးတမ်းစဉ်လာကျင့်သုံးမှုတွေ၊ အိမ်ထောင်ဖက်မဟုတ်သူအပေါ် အကြမ်းဖက်ခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်တဲ့ အကြမ်းဖက်ခြင်းတွေအပါအဝင် မိသားစုအတွင်းမှာ လိင်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုဖြစ်ပွားရင်

∗ အဓမ္မပြုကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုခြင်း၊ လုပ်ငန်းခွင်မှာ၊ ပညာရေးအဖွဲ့အစည်းတွေ (ကျောင်း တွေ) နဲ့ အခြားနေရာတွေမှာ လိင်ပိုင်းဆိုင်ရာအနှောက်အယှက်ပေးခြင်းနဲ့ ခြိမ်းခြောက်အနိုင်ကျင့်ခြင်း၊ လူကုန် ကူးခြင်းနဲ့ အဓမ္မပြည့်တန်ဆာလုပ်စေခြင်းတို့အပါအဝင်  သာမန် (ယေဘူယျ) လူ့အသိုင်းအဝိုင်းထဲမှာ လိင်ပိုင်း ဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်ပွားရင်

∗ ဘယ်တုန်းကပဲဖြစ်ခဲ့ဖြစ်ခဲ့ အစိုးရကကျူးလွန်တဲ့ လိင်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှု ဖြစ်ပွားရင်”

ဒီနောက်ဆုံးအမျိုးအစား (အစိုးရနဲ့ပတ်သက်တဲ့အမျိုးအစား) မှာ အောက်ပါအချက်တွေပါဝင်ပါတယ်

* ချုပ်နှောင်ခံရစဉ်အကြမ်းဖက်ခြင်း – အမျိုးသမီးများချုပ်နှောင်ခံရစဉ် အစိုးရတာဝန်ရှိသူတွေကကျူးလွန်တဲ့ အကြမ်းဖက်ခြင်း

* လက်နက်ကိုင်ပဋိပက္ခ – အဓမ္မကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာ ညှင်းပမ်းနှိပ်စက်ခြင်း၊ အသေအချာစီမံထားတဲ့ စီမံကိန်းအရ (လူမျိုးတုံးသုတ်သင်ရေး) ဒါမှမဟုတ် စစ်ကြောင့် မတည်မငြိမ်ဖြစ်မှု တွေအပါအဝင် လက်နက်ကိုင် ပဋိပက္ခအခြေအနေများအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း

* ဒုက္ခသည်အမျိုးသမီးများနဲ့ အတင်းအကျပ် နေရာအပြောင်းခံအမျိုးသမီးများ – ဒုက္ခသည် (သို့) ဒေသတွင်း အတင်းအကျပ်နေရာပြောင်းခံ အမျိုးသမီးတွေဖြစ်ရခြင်းကြောင့် ပိုမိုအကာအကွယ်နည်းခြင်းရဲ့ ရလဒ်အဖြစ် (ထို) အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း

## အမှုတခုချင်းစီကို လေ့လာဆန်းစစ်ခြင်း

တကယ်လို့ အထူးကိုယ်စားလှယ်ဆီကို သတင်းအချက်အလက်တွေတင်ပြမယ်ဆိုရင် အောက်ပါ အချက်အလက်တွေ ထည့်သွင်းဖော်ပြပေးရမှာဖြစ်ပါတယ်

* (ကျူးလွန်ခံ) ကာယကံရှင် – အမည်၊ လိပ်စာ၊ မွေးသက္ကရာဇ်၊ လူမျိုး၊ လိင်၊ အလုပ်အကိုင်၊ လူမျိုးစုနောက်ခံ၊ (အဆင်ပြေရင်) ဘာသာရေးနဲ့ လူမှုရေးအဖွဲ့

* ဖြစ်ပွားတဲ့အမှု – နေ့စွဲ၊ နေရာဒေသနဲ့ ခံစားခဲ့ရတဲ့ ဒါမှမဟုတ် ကာကွယ်ပေးနိုင်ခဲ့တဲ့အန္တရာယ်။ (သိမယ်ဆိုရင်) နာမည်တွေ၊ အစိုးရနဲ့ ဒါမှမဟုတ် ကျူးလွန်ခံကာယကံရှင်နဲ့ ပတ်သက်နိုင်သမျှအချက်တွေ၊ သူတို့ဘာလို့ အမှုကျူးလွန်သူတွေအဖြစ် အထင်ခံရတာလဲဆိုတဲ့ ရှင်းလင်းဖော်ပြချက်တွေအပါအဝင် တိုင်ကြားခံ ကျူးလွန်သူများနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ထည့်သွင်းဖော်ပြရမှာ ဖြစ်ပါတယ်။ ချိုးဖောက်မှုတွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေက အစိုးရအာဏာပိုင်တွေ ကျူးလွန်တာမဟုတ်ပဲ တသီးပုဂ္ဂလတွေ၊ ဒါမှမဟုတ် အဖွဲ့အစည်းတွေက ကျူးလွန်တဲ့အချက်အလက်တွေ ဆိုရင် အစိုးရကကာကွယ်တားဆီးဖို့၊ စုံစမ်းစစ်ဆေးဖို့၊ အပြစ်ပေးအရေးယူဖို့နဲ့ ချိုးဖောက်မှုတွေအတွက် လျော်ကြေးတွေသေချာစေဖို့ ဆောင်ရွက်ရမှာ ပျက်ကွက်ခဲ့တယ်ဆိုတာကိုဖော်ပြတဲ့ သင့်တော်တဲ့ သတင်းအချက်အလက်ကို ထည့်သွင်းဖော်ပြပေးရမှာဖြစ်ပါတယ်။

* သတင်းအချက်အလက်က ဥပဒေ (သို့) မူဝါဒတခုနဲ့ ပတ်သက်နေတယ်ဆိုရင် ဥပဒေ (သို့) မူဝါဒပေါ်နဲ့ အဲဒါရဲ့ အမျိုးသမီးအခွင့်အရေးတွေ ပံ့ပိုးပေးဖို့အတွက် အကောင်အထည်ဖော်ရေး အကျိုးသက်ရောက်မှု အကျဉ်းချုပ် သုံးသပ်ဖော်ပြချက်တွေ ဖော်ပြပေးရမှာဖြစ်ပါတယ်။

* ရဲ၊ တခြားအာဏာပိုင်တွေ (သို့) သီးခြားလွတ်လပ်တဲ့ လူ့အခွင့်အရေး အဖွဲ့အစည်းတွေဆီ တိုင်ကြားတဲ့ တိုင်ချက်တွေအပါအဝင် ဖြေရှင်းချက်တွေရရှိနိုင်ဖို့ ကျူးလွန်ခံကာယကံရှင်တွေက ဒါမှမဟုတ် သူတို့ရဲ့ မိသားစုတွေက ဆောင်ရွက်ခဲ့တဲ့အဆင့်တွေ။ ဘာတိုင်ကြားချက်မှမတိုင်ခဲ့ဘူးဆိုရင် ဘာလို့မတိုင်ခဲ့ဘူးဆိုတဲ့ ရှင်းလင်းချက်တခု ရေးသားတင်ပြရမှာဖြစ်ပါတယ်။

* ဖြစ်ပွားတဲ့အမှုနဲ့ပတ်သက်တဲ့သတင်းအချက်အလက် – နေ့စွဲ၊ အချိန်၊ တည်နေရာ၊ တိုင်းပြည်၊ ကျူးလွန်တိုက်ခိုက်သူအရေအတွက်၊ ကျူးလွန်တိုက်ခိုက်သူကို ကျူးလွန်ခံကာယကံရှင်ကသိမသိ၊ ကျူးလွန်တိုက်ခိုက်သူနာမည်၊ ကျူးလွန်ခံကာယကံရှင်က ကျူးလွန်သူနဲ့ဆက်စပ်ပတ်သက်မှုရှိလား၊ ရှိရင် ဘယ်လို ဆက်စပ်ပတ်သက်တယ်၊ (ခွဲခြားသတ်မှတ်နိုင်တဲ့ သွင်ပြင်လက္ခဏာတွေ) ကျူးလွန်သူအကြောင်း အသေးစိတ် ဖော်ပြချက်နဲ့ ဖြစ်ပွားတဲ့အမှုအကြောင်းအသေးစိတ်ဖော်ပြချက်တွေ။ ကျူးလွန်ခံကာယကံရှင်က လိင်ကွဲပြားမှုကြောင့် ပစ်မှတ်ထားခံရတယ်လို့ယူဆရင် အကြောင်းပြချက်တွေကိုပါထည့်သွင်းဖော်ပြ ပေးရမှာဖြစ်ပါတယ်။

* အမှုဖြစ်ပွားပြီးတဲ့နောက်ပိုင်း အာဏာပိုင်တွေဆောင်ရွက်ခဲ့တဲ့ ဆောင်ရွက်ချက်တွေ၊ ဘယ်လိုအာဏာပိုင်တွေလဲ ဆိုတာနဲ့ ဘယ်တုန်းကအရေးယူဆောင်ရွက်ခဲ့တယ်ဆိုတာ

* ဖြစ်ပွားတဲ့အမှုကိုသိမြင်ခဲ့တဲ့ သက်သေတွေနဲ့ ပတ်သက်တဲ့သတင်းအချက်အလက် – နာမည်၊ အသက်၊ ဆက်စပ်ပတ်သက်ပုံနဲ့ ဆက်သွယ်ရန်လိပ်စာ

* သတင်းအချက်အလက်တင်ပြတဲ့ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းနဲ့ပတ်သက်တဲ့ သတင်းအချက်အလက် (ထိပ်တန်းလျှို့ဝှက်အဖြစ်ထားရှိမှာဖြစ်ပါတယ်) ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်း၊ ဖက်စ် နံပတ်၊ အီးမေးလ် လိပ်စာ

## အရေးပေါ်အယူခံဆိုင်ရာ လုပ်ထုံးလုပ်နည်း

အထူးကိုယ်စားလှယ်က ဖြစ်တော့မှာထင်ရှားတဲ့ ခြိမ်းခြောက်မှုတွေ၊ ခြိမ်းခြောက်မှုကိုကြောက်ရွံ့တာတွေ၊ အသက်ရှင်နေထိုင်ခွင့်ကိုခြိမ်းခြောက်တာတွေနဲ့ပတ်သက်တဲ့ အမှုတွေအတွက် အရေးပေါ်အယူခံတွေကို ထုတ်ပြန်နိုင်ပါတယ်။ အဲဒီလိုအမှုမျိုးတွေမှာ အထူးကိုယ်စားလှယ်က အမှုနဲ့ပတ်သက်ပြီး တိကျကျယ်ပြန့်တဲ့သတင်း အချက်အလက်တင်ပြဖို့ တောင်းခံရုံတင်မက အမှုပေါ်မှာ သီးခြားလွတ်လပ်ပြီးဘက်မလိုက်တဲ့ စုံစမ်းစစ်ဆေးမှုတွေ ဆက်လုပ်ပြီး နောက်ထပ်ချိုးဖောက်မှုတွေ မဖြစ်အောင်နဲ့ အမျိုးသမီးများရဲ့ လူ့အခွင့်အရေးတွေ စိတ်ချသေချာစေရန်အတွက် အမြန်ဆုံးအရေးယူဆောင်ရွက်ဖို့ကိုပါ အစိုးရတွေကို တိုက်တွန်းတောင်းဆိုထားပါတယ်။

## စစ်တမ်းမေးခွန်းပုံစံလွှာ

လိင်ကွဲပြားမှုအပေါ်အခြေခံပြီး အမျိုးသမီးတွေကို အကြမ်းဖက်တဲ့အမှုတွေကို သတင်းပို့တိုင်ကြားချက်တွေအတွက် အမှုတွေတိုင်ကြားတင်ပြတာလွယ်ကူချောမွေ့စေဖို့ အထူးကိုယ်စားလှယ်က (ကုလသမဂ္ဂလူ့အခွင့်အရေး မဟာမင်းကြီးရုံး အင်တာနက်စာမျက်နှာ (http://www.unhchr.ch/html/menu2/7/b/women/womform.htm) ပေါ်မှာရနိုင်တဲ့) စံပြုပုံစံတခု ပြင်ဆင်ထားပါတယ်။

## အထွေထွေ

ကော်မရှင်ကိုတင်တဲ့ အထူးကိုယ်စားလှယ်ရဲ့ အစီရင်ခံစာမှာ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု သဘောသဘာဝတွေနဲ့ အဲဒါတွေနဲ့သက်ဆိုင်တဲ့ နိုင်ငံတကာစံနှုန်းတွေ၊ အိမ်တွင်းအကြမ်းဖက်မှု၊ အဓမ္မပြုကျင့်မှု၊ အတင်းအကျပ်ပြည့်တန်ဆာလုပ်ခိုင်းမှု လူကုန်ကူးမှုတွေအပါအဝင် လူ့အဖွဲ့အစည်းအတွင်းအကြမ်းဖက်မှု၊ အိမ်တွင်းအကြမ်းဖက်မှုနဲ့ပတ်သက်တဲ့ စံပြဥပဒေပြုပုံစံ၊ လက်နက်ကိုင်ပဋိပက္ခအတွင်း အမျိုးသမီးများကိုအကြမ်းဖက်မှု၊ မိသားစုအတွင်း

အမျိုးသမီးများကိုအကြမ်းဖက်မှု၊ အချုပ်အနှောင်အတွင်း အမျိုးသမီးများကိုအကြမ်းဖက်မှု၊ ရွှေ့ပြောင်းအခြေချမှုနဲ့ လူကုန်ကူးမှု၊ အမျိုးသမီးများ ကိုယ်ဝန်ဆောင် – ကလေးမွေးခြင်းဆိုင်ရာ အခွင့်အရေးများ အပါအဝင် ကွဲပြားခြားနားတဲ့ လုပ်ပိုင်ခွင့်တွေအားလုံး အကျုံးဝင်ပါတယ်။ ကော်မရှင်ကိုနောက်ဆုံးတင်ထားတဲ့ အစီရင်ခံစာမှာ အထူးကိုယ်စားလှယ် ကအမျိုးသမီးများအပေါ် အကြမ်းဖက်ရာကျပြီး သူတို့ရဲ့ကျန်းမာရေးကို ထိခိုက်စေတဲ့ မိသားစုအတွင်း ယဉ်ကျေးမှု ဆိုင်ရာလက်တွေ့ကျင့်သုံးမှုတွေကို အလေးပေးအာရုံစိုက်ထားပါတယ်။ အမျိုးသမီးလိင်အင်္ဂါကိုဖြတ်တောက် (သို့) ဒဏ်ရာရစေခြင်း၊ (မိသားစု) ဂုဏ်သိက္ခာအတွက်သတ်ဖြတ်ခြင်း၊ စီးပွားရေးနဲ့ ယဉ်ကျေးမှုအရ ရန်ကင်းစေဖို့ (လာဘ်ထိုးဖို့) မိန်းကလေးငယ်များကို လက်လွှဲပေးကမ်းခြင်း၊ (မိန်းကလေးတွေကို) စုန်းကဝေအဖြစ် အမဲလိုက်ခြင်း၊ လူတန်းစားခွဲခြားရေးစနစ်အရ၊ အိမ်ထောင်ရေးစနစ်အရ၊ ခွဲခြားဆက်ဆံမှုဥပဒေတွေအရ၊ သားဦးစားပေးလိုချင်တဲ့ လူမှုစနစ်တွေအရ၊ ကန့်သတ်ချုပ်ချယ်တဲ့ လက်တွေ့ကျင့်သုံးမှုတွေအရ၊ အမျိုးသမီးတွေရဲ့ ကိုယ်ဝန်ဆောင် –ကလေး မွေးခြင်းဆိုင်ရာ အခွင့်အရေးတွေကို ချိုးဖောက်တဲ့၊ အလှအပကို ထိခိုက်စေတဲ့၊ ဆွေမျိုးတော်သူချင်း လိင် ဆက်ဆံစေတဲ့၊ စတဲ့ အမျိုးသမီးတွေကို ထိခိုက်စေတဲ့ လက်တွေ့ကျင့်သုံးမှု တွေနဲ့ ပတ်သက်တဲ့ကိစ္စတွေကို အထူးကိုယ်စားလှယ်က ထည့်သွင်းဆွေးနွေးထားပါတယ်။ အထူးကိုယ်စားလှယ်က အပြည်ပြည်ဆိုင်ရာအဆင့်တင်မက ပြည်တွင်းအဆင့် အတွက်ပါ တိုက်တွန်းအကြံပြုချက်အမြောက်အများ ထည့်သွင်း နိဂုံးချုပ်ထားပါတယ်။

## ရှေ့နေတွေ၊ တရားသူကြီးတွေရဲ့ လွတ်လပ်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်

SPECIAL RAPPORTEUR ON THE INDEPENDENCE OF JUDGES AND LAWYERS

*ကော်မရှင်ဆုံးဖြတ်ချက် ၁၉၉၄၊ ၃၁ အရ ဆုံးဖြတ်ချမှတ်သည်*

## လုပ်ပိုင်ခွင့်လွှဲအပ်ခြင်းနှင့် အလုပ်လုပ်ပုံ နည်းလမ်း

အထူးကိုယ်စားလှယ်ရဲ့လုပ်ငန်းက (၁၉၆၆) အပြည်ပြည်ဆိုင်ရာ လူမှုရေးနဲ့ နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ သဘောတူညီချက်၊ (၁၉၈၅) တရားစီရင်ရေးဆိုင်ရာ လွတ်လပ်ခွင့်အခြေခံစည်းမျဉ်းများ၊ (၁၉၉၀) ရှေ့နေများရဲ့အခန်းကဏ္ဍ အခြေခံစည်းမျဉ်းများနဲ့ (၁၉၉၀) တရားစွဲဆိုသူများရဲ့အခန်းကဏ္ဍ လမ်းညွှန်ချက်များရဲ့ စံနှုန်းတွေအပေါ် အခြေခံပါတယ်။ အထူးကိုယ်စားလှယ်က အခြားကုလသမဂ္ဂ အဖွဲ့အစည်းတွေ (ဥပမာ ကုလသမဂ္ဂ နိုင်ငံတကာ ရာဇဝတ်မှုကာကွယ်တားဆီးရေးဌာန) နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် သူ့လုပ်ပိုင်ခွင့်တွေကို ဆက်လက်လုပ်ကိုင်ပါတယ်။ အထူးကိုယ်စားလှယ်ရဲ့လုပ်ပိုင်ခွင့်က အောက်ပါတို့ကိုလုပ်ဆောင်ရန်ဖြစ်ပါတယ်။

* သူ့ထံကိုတင်ပြတိုင်တန်းတဲ့ တိုင်ကြားချက်တွေကို စုံစမ်းလေ့လာပြီး နိဂုံးချုပ်သုံးသပ်မှုတွေကို အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြဖို့

* တရားစီရင်ရေး၊ ရှေ့နေတွေနဲ့ တရားရုံးတာဝန်ရှိသူတွေရဲ့ လွတ်လပ်မှုအပေါ် တိုက်ခိုက်မှုတွေကိုသာမက သူတို့ရဲ့ လွတ်လပ်မှုကို မြှင့်တင်ကာကွယ်ပေးမှုအတွက် ရရှိတဲ့တိုးတက်မှုတွေကို မှတ်တမ်းပြု အမျိုးအစား ခွဲဖို့နဲ့ သက်ဆိုင်တဲ့နိုင်ငံကတောင်းခံလာပါက အကြံပေးဝန်ဆောင်မှုတွေ (သို့) နည်းပညာ အထောက်အကူ အပါအဝင် တိုက်တွန်းအကြံပြုချက်တွေပေးပို့ဖို့

* တရားသူကြီးတွေနဲ့ ရှေ့နေတွေရဲ့ (အမြဲအခိုင်အမာကျင့်သုံးတဲ့) လွတ်လပ်မှုကို မြှင့်တင်၊ ကာကွယ်ပေးရေး စဉ်းစားချက်တခုနဲ့အတူ အရေးကြီးတဲ့ လက်ရှိအခြေအနေဆိုင်ရာပြဿနာတွေရဲ့ စည်းမျဉ်းတွေချမှတ်ဖို့ တင်ပြတောင်းခံချက်တွေ ပြုလုပ်နိုင်ဖို့ရည်ရွယ်တဲ့ လေ့လာသင်ကြားရေးလုပ်ဆောင်ဖို့တွေဖြစ်ပါတယ်။

တရားသူကြီးတွေနဲ့ ရှေ့နေတွေရဲ့ လွတ်လပ်ပြီး ဘက်မလိုက်တဲ့စည်းမျဉ်းတွေမှာ အောက်ပါအချက်တွေ ပါဝင်ပါတယ်

* လူတိုင်း သာမန် (အရပ်ဖက်) တရားရုံးတွေ၊ တရားစီရင်မှုတွေအောက်မှာ တည်ရှိပြီးသား တရားဝင် လုပ်ထုံးလုပ်နည်းများအတိုင်း တရားစီရင်ခံနိုင်ခွင့်ရရှိရမှာ ဖြစ်ပါတယ်။

* ရည်ရွယ်ချက်က တရားစီရင်ရေးနဲ့ စွဲချက်တင်ဝန်ဆောင်မှုရဲ့ အခြေအနေနဲ့ ချိန်းဆိုချက်တွေနဲ့ပတ်သက်ပြီး လုံခြုံစိတ်ချရစေဖို့ဖြစ်ပါတယ်။

* ထူးခြားတဲ့ခြွင်းချက်တွေနဲ့ပတ်သက်ပြီး တရားသူကြီးတွေက ငွေရေးကြေးရေးနဲ့ပတ်သက်တဲ့ အမှုတွေ အတွက် မလျော်ကန်တဲ့ဥပဒေတွေ ဒါမှမဟုတ် သူတို့ရဲ့ တရားစီရင်ရေးလုပ်ငန်းစဉ်တွေရဲ့ ချန်လှပ်ထားတာတွေအတွက် တရားမကြောင်းအရ၊ ပုဂ္ဂိုလ်ရေးကင်းလွတ်ခွင့်ကိုကျင့်သုံးသင့်ပါတယ်

* တရားစွဲဆိုစီရင်သူများအနေနဲ့လည်း တရားခံတွေရဲ့ရှုထောင့်ကနေမြင်တတ်ဖို့လဲလိုပါတယ်၊ ဒါ့အပြင် (တရားခံတွေ) သူတို့ရဲ့ရပိုင်ခွင့် အခွင့်အရေးတွေကို သူတို့သိရှိနားလည်ဖို့အသိပေးရပါမယ်။

* တရားမျှတမှုမရှိတဲ့ စုံစမ်းစစ်ဆေးမှုနဲ့ ဆွဲချက်ကမခိုင်မာဘူးဆိုရင် တရားစွဲဆိုစီရင်သူတွေက စွဲဆိုချက်ကို စတင်ဦးဆောင်တာ၊ ဆက်လက်လုပ်ဆောင်တာမျိုး၊ လုပ်ငန်းစဉ်ထဲမှာရှိနေစေဖို့ ကြိုးစားအားထုတ်တာမျိုး မလုပ်ရပါဘူး။

* အရပ်ဖက်တာဝန်ရှိသူတွေ ကျူးလွန်တဲ့ရာဇဝတ်မှုတွေကို စွဲဆိုစီရင်ဖို့အထူးအာရုံစိုက်ရမှာ ဖြစ်ပါတယ်။

* သက်သေအထောက်အထားတွေကို ဥပဒေနဲ့မလျော်ညီတဲ့ လမ်းကြောင်းကတဆင့်ရတယ်ဆိုရင် သံသယအဝင်ခံရသူရဲ့ လူ့အခွင့်အရေးကို အပြင်းအထန်ချိုးဖောက်မှုပဲဖြစ်ပါတယ်၊ စွဲဆိုစီရင်သူတွေအနေနဲ့ ဒီသက်သေအထောက်အထားကို ဒီလိုနည်းလမ်းမျိုး သုံးခဲ့သူတွေအပေါ်မှာ ဒါမှမဟုတ် လုပ်ထုံးအတိုင်း တရားရုံးကို တင်ပြရာမှာသာ အသုံးပြုရမှာနဲ့ ဒီနည်းလမ်းကို အသုံးပြုခဲ့သူတွေကို တရားဥပဒေအရစီရင်ရေး ကိုသေချာစေဖို့ လိုအပ်သမျှအကုန်လုပ်ရမှာ ဖြစ်ပါတယ်။

* ဆင်းရဲသားများနဲ့ အခြားအခွင့်အရေးမဲ့သူများအပါအဝင် လူအားလုံးရှေ့နေရဲ့ထောက်ပံ့ကူညီမှု ရရှိနိုင်ခွင့်ရှိရမှာဖြစ်ပါတယ်။ ရာဇဝတ်မှုတရားစီရင်ရေးကိစ္စတွေမှာ လူအားလုံးရှေ့နေရဲ့အကူအညီ ရရှိနိုင်ဖို့အတွက် သူတို့ရဲ့အခွင့်အရေးကို အမြန်ဆုံးတောင်းခံတင်ပြရမှာ ဖြစ်ပါတယ်။ တရားဝင်ဥပဒေကြောင်းအရ ထိထိရောက်ရောက် အကူအညီပေးနိုင်ဖို့၊ ရည်ရွယ်ထားတဲ့အတိုင်း အမှုတိုင်ကြားစွဲချက်တင်ခံရတဲ့အခါ အားလုံးအတွက် အတွေ့အကြုံရှိပြီးသား သေချာအမှုလိုက်ပေးမဲ့ ရှေ့နေတယောက်ရပိုင်ခွင့်၊ တိကျလုံလောက်တဲ့ အခွင့်အရေးတွေ၊ (ဥပဒေစိုးမိုးရေးအာဏာပိုင်တွေမကြားနိုင်တဲ့နေရာ) အပြည့်အဝလျှို့ဝှက်မှုနဲ့အတူ ရှေ့နေနဲ့ ဆက်သွယ်ဆောင်ရွက်နိုင်ဖို့အတွက် အချိန်နဲ့ အထောက်အကူပြု ပစ္စည်းတွေရရှိဖို့လိုအပ်ပါတယ်။

* အထိန်းသိမ်းခံထားရသူများအနေနဲ့ အဖမ်းခံရချိန် ဒါမှမဟုတ် အထိန်းသိမ်းခံရချိန်ကစပြီး နှစ်ရက်အတွင်း ရှေ့နေတယောက်အမြန်ဆုံးရရှိရမှာဖြစ်ပါတယ်

* ရှေ့နေများအနေနဲ့လဲ အချိန်နဲ့တပြေးညီသင့်တော်တဲ့ သတင်းအချက်အလက်ကိုရရှိရမှာဖြစ်ပြီး ဒီသတင်းအချက်အလက်ကိုလည်း မြန်နိုင်သမျှအမြန်ဆုံးရရမှာဖြစ်ပါတယ်။

* အစိုးရများအနေနဲ့လည်း ရှေ့နေနဲ့အမှုသည်ကြား ဆက်သွယ်ဆောင်ရွက်ချက်တွေရဲ့ လျှို့ဝှက်မှုကို လေးစားလိုက်နာရမှာ ဖြစ်ပါတယ်။

* အစိုးရများအနေနဲ့ ရှေ့နေများကို ခြိမ်းခြောက်ဖိအားပေးမှုများ၊ အနှောက်အယှက်များ၊ မသင့်တော်တဲ့ ဝင်ရောက်စွက်ဖက်မှုများမှကင်းလွတ်ပြီး သူတို့ရဲ့လုပ်ငန်းဆောင်တာ များကို လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ဖို့ သေချာအောင်၊ သူတို့ရဲ့အမှုသည်တွေကို အကြံဉာဏ်ပေးနိုင်ဖို့အတွက် ခရီးသွားနိုင်အောင်နဲ့ သင့်တော်တဲ့ အရေးယူဆောင်ရွက်ချက်တွေပေါ် တားမြစ်ကန့်သတ်ချက်တွေမလုပ်ဖို့ ကို အာမခံချက်ပေးရမှာဖြစ်ပါတယ်။

## အမှုတခုချင်းစီကို လေ့လာဆန်းစစ်ခြင်း

တသီးပုဂ္ဂလတွေနဲ့ပတ်သက်တဲ့ သတင်းဆက်သွယ်ချက် လုပ်ထုံးလုပ်နည်းကတော့ အခြားလုပ်ငန်း ယန္တရားတွေက သုံးတဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့ဆင်တူပါတယ်။ ဒီစာတမ်း နိဒါန်း (စာ–၆) မှာထည့်သွင်းပုံပိုးထားတဲ့အတိုင်း အနိမ့်ဆုံး လိုအပ်တဲ့ အချက်အလက်တွေနဲ့တော့ ကိုက်ညီရမှာဖြစ်ပါတယ်။

## အမှုများကိုကိုင်တွယ်ခြင်းနဲ့ အရေးပေါ်အယူခံများ

အထူးကိုယ်စားလှယ်က တင်ပြတိုင်ကြားတဲ့ ချိုးဖောက်မှုနဲ့ပတ်သက်တဲ့သတင်းအချက်အလက်တွေကို သက်ဆိုင်ရာ အစိုးရဆီကို လွှဲပြောင်းပေးအပ်မှာဖြစ်ပါတယ်။ တင်ပြတိုင်တန်းချက်တွေကို စုံစမ်းစစ်ဆေးဖို့နဲ့ ထွက်လာတဲ့ ရလာဒ်တွေကို သူ့ဆီတင်ပြဖို့ တိုက်တွန်းတောင်းဆိုရင်း လိုအပ်ရင် အထူးကိုယ်စားလှယ်က အရေးပေါ်အယူခံတွေကို ဆောင်ရွက်မှာဖြစ်ပါတယ်။

## အထွေထွေ

တရားဥပဒေဆိုင်ရာ ကျင့်သုံးမှုနည်းလမ်းတခုကို တည်ထောင်ဖို့အတွက် ကြိုးပမ်းအားထုတ်မှုတွေကို ဆက်လုပ်ဖို့ ကော်မရှင်ကိုနောက်ဆုံးတင်တဲ့ အထူးကိုယ်စားလှယ်ရဲ့အစီရင်ခံစာမှာ မှတ်ချက်ပေးထားပါတယ်။ (တရားဝင် ကိုယ်စားပြုခွင့်ရရှိဖို့ကိုငြင်းပယ်တာ၊ တရားဥပဒေဘောင်အတွင်း ဒါမှမဟုတ် တရားဝင်နဲ့ စွဲချက်တင်မှု (ဥပဒေ) ဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှုမှာ လူနည်းစုတွေနဲ့ အမျိုးသမီးတွေအပေါ် ခွဲခြားနှိမ့်ချဆက်ဆံတာ၊ လွတ်လပ်မျှတတဲ့ တရားစီရင်မှုကိုငြင်းပယ်တာ၊ တရားစီရင်တဲ့လုပ်ငန်းစဉ်ကို ဝင်ရောက်စွက်ဖက်တာ၊ တရားသူကြီးတွေ၊ ရှေ့နေတွေ၊ တရားစွဲဆိုစီရင်သူတွေကို ခြိမ်းခြောက်နှောက်ယှက်တာတွေ အပါအဝင်) နှိမ့်ချခွဲခြား ဆက်ဆံမှုတွေကို အထူးကိုယ်စားလှယ်က ပိုမိုအာရုံစိုက်မယ်လို့ အစီရင်ခံစာမှာဖော်ပြထားပါတယ်။ စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုတွေ အပြီးမှာ ဥပဒေဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေ၊ သင့်တော်တဲ့အုပ်ချုပ်ရေးနဲ့ပတ်သက်ပြီး အစိုးရတွေက အရေးယူဆောင်ရွက်ထားချက်တွေရဲ့ အကျိုးသက်ရောက်မှုတွေကို ဂရုတစိုက်အာရုံထားဖို့ ရည်ရွယ်ကြောင်းကိုလည်း အထူးကိုယ်စားလှယ်ကဖော်ပြထားပါတယ်။ တရားစီရင်ရေးရဲ့လွတ်လပ်ခွင့်နဲ့ အစိုးရနဲ့ အဲန်ဂျီအိုလမ်းကြောင်းတွေ ကတဆင့်ရတဲ့ တရားစီရင်ရေးလုပ်ငန်းနဲ့ပတ်သက်တဲ့ တရားရုံးဆုံးဖြတ်ချက်တွေနဲ့ ဥပဒေပြုမှုတွေကိုတင်ပြဖို့ အထူးကိုယ်စားလှယ်က တိုက်တွန်းထားပါတယ်။

## လူ့အခွင့်အရေးကို အပြည့်အဝအသုံးချပြီး အဆိပ်သင့်ပစ္စည်းတွေ၊ အန္တရာယ်ရှိတဲ့ပစ္စည်းတွေနဲ့ စွန့်ပစ်ပစ္စည်းတွေ စွန့်ပစ်မှုနဲ့ တရားမဝင်လုပ်ဆောင်မှုများရဲ့ ဆိုးရွားတဲ့ အကျိုးသက်ရောက်မှုများဆိုင်ရာ အထူးကိုယ်စားလှယ်

SPECIAL RAPPORTEUR ON THE ADVERSE EFFECTS OF THE ILLICIT MOVEMENT AND DUMPING OF TOXIC AND DANGEROUS PRODUCTS AND WASTES ON THE ENJOYMENT OF HUMAN RIGHTS

*ကော်မရှင်ဆုံးဖြတ်ချက် ၁၉၉၅၊ ၈၁ အရဆုံးဖြတ်ချမှတ်သည်*

## လုပ်ပိုင်ခွင့်လွှဲအပ်ခြင်းနှင့် အလုပ်လုပ်ပုံ နည်းလမ်း

အထူးကိုယ်စားလှယ်ရဲ့လုပ်ပိုင်ခွင့်က (၁၉၄၈) အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ အထူးသဖြင့် ကျန်းမာရေးနဲ့ ဘဝနေထိုင်ခွင့်ဆိုင်ရာ လူ့အခွင့်အရေးအခြေအနေနဲ့ ပတ်သက်တဲ့ (၁၉၆၆) စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုအခွင့်အရေးများအပေါ်အခြေခံတဲ့အပြည်ပြည်ဆိုင်ရာနိုင်ငံရေးနဲ့အထွေထွေလူမှုအခွင့်အရေးများဆိုင်ရာ သဘောတူညီချက်တွေပေါ် အခြေခံပါတယ်။ အထူးကိုယ်စားလှယ်ရဲ့လုပ်ပိုင်ခွင့်က အောက်ပါတို့ကို ဖော်ဆောင်ရန် ဖြစ်ပါတယ်

* အာဖရိကနဲ့အခြားဖွံ့ဖြိုးဆဲနိုင်ငံတွေမှာလူ့အခွင့်အရေးကိုအပြည့်အဝအသုံးချပြီး(အခွင့်ကောင်းယူပြီး)အထူးသဖြင့် လူတိုင်းရဲ့ကျန်းမာရေးနဲ့ အသက်ရှင်နေထိုင်မှုဆိုင်ရာ လူ့အခွင့်အရေးတွေကိုထိခိုက်တဲ့ အဆိပ်သင့်ပစ္စည်းတွေ၊ အန္တရာယ်ရှိတဲ့ ပစ္စည်းတွေနဲ့ စွန့်ပစ်ပစ္စည်းတွေ တရားမဝင်စွန့်ပစ်မှုရဲ့ အကျိုး သက်ရောက်မှုတွေကို စုံစမ်းလေ့လာဆန်းစစ်ဖို့

* အာဖရိကနဲ့ အခြားဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အဆိပ်သင့်ပစ္စည်းတွေ၊ အန္တရာယ်ရှိတဲ့ပစ္စည်းတွေနဲ့ စွန့်ပစ်ပစ္စည်းတွေ တရားမဝင်စွန့်ပစ်မှုတွေကို၊ သတင်းအချက်အလက်စုဆောင်း၊ ဆက်သွယ်တိုင်ကြားချက်တွေ လက်ခံရယူ စုံစမ်းစစ်ဆေး၊ စောင့်ကြည့်အကဲခတ်၊ ဆန်းစစ်သုံးသပ်ဖို့

* အာဖရိကနဲ့ အခြားဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အဆိပ်သင့်ပစ္စည်းတွေ၊အန္တရာယ်ရှိတဲ့ပစ္စည်းတွေနဲ့ စွန့်ပစ်ပစ္စည်းတွေ တရားမဝင်ကုန်ကူးမှု၊ လွှဲပြောင်းပေးပို့မှုနဲ့ စွန့်ပစ်တာကို ထိန်းချုပ်ဖို့၊ လျှော့ချဖို့နဲ့ ဖယ်ရှားရှင်းလင်းဖို့ တိကျလုံလောက်တဲ့ အရေးယူဆောင်ရွက်မှုတွေအတွက် တင်ပြတောင်းခံတာတွေနဲ့ တိုက်တွန်းအကြံပြု တာတွေ လုပ်ဆောင်ဖို့

* အာဖရိကနဲ့ အခြားဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အဆိပ်သင့်ပစ္စည်းတွေ၊ အန္တရာယ်ရှိတဲ့ပစ္စည်းတွေနဲ့ စွန့်ပစ်ပစ္စည်းတွေ စွန့်ပစ်မှုကိုကျူးလွန်နေတဲ့ နိုင်ငံတွေ၊ နိုင်ငံတကာကော်ပိုရေးရှင်းကြီးတွေရဲ့စာရင်းနဲ့ ဒီရက်စက်ယုတ်မာတဲ့ လုပ်ရပ်ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ (စွန့်ပစ်ပစ္စည်းအဆိပ်သင့်ပြီးသေတဲ့) သေဆုံးသူ၊ ခန္ဓာကိုယ်ချွတ်ယွင်းသူ၊ ထိခိုက်ဒဏ်ရာရသူစာရင်းတွေကို ကော်မရှင်ကိုတင်ပြပေးရမှာဖြစ်ပါတယ်

၂၀၀၁ ခုနှစ်မှာ၊ အောက်ပါအချက်တွေကို သူ့အစီရင်ခံစာထဲမှာထည့်သွင်းဖို့ ယခင်တိုက်တွန်းထားချက် အတိုင်း ကော်မရှင်က အထူးကိုယ်စားလှယ်ကို ထပ်မံတိုက်တွန်းထားပါတယ်

* အဆိပ်သင့်ပစ္စည်းတွေ တရားမဝင်စွန့်ပစ်မှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ သေဆုံးသူ၊ ခန္ဓာကိုယ်ချို့ယွင်းသူ၊ ထိခိုက်ဒဏ်ရာရသူတွေနဲ့ပတ်သက်တဲ့ ကျယ်ပြန့်ထိရောက်တဲ့ သတင်းအချက်အလက်

* ကျူးလွန်သူတွေ ကင်းလွတ်နေတဲ့ပြဿနာ

* ကျူးလွန်ခံတရားခံတွေအတွက် ပြန်လည်ထူထောင်ရေးနဲ့ အထောက်အကူပေးရေး

* နိုင်ငံဆိုင်ရာထုတ်ကုန်တွေနဲ့ စွန့်ပစ်ပစ္စည်းတွေပြဿနာ

* စွန့်ပစ်ပစ္စည်းပြန်လည်အသုံးပြုရေး ဟန်ပြစီမံကိန်းပြဿနာတွေ၊ (အဆိပ်သင့်) ညစ်ညမ်းတဲ့ စက်မှုပစ္စည်း လွှဲပြောင်းမှုတွေ၊ စက်မှုလုပ်ငန်းလုပ်ဆောင်မှုတွေ၊ ဖွံ့ဖြိုးပြီးနိုင်ငံတွေဆီကနေ ဖွံ့ဖြိုးဆဲနိုင်ငံတွေဆီကို ရောက်တဲ့ နည်းပညာတွေ၊ အန္တရာယ်များတဲ့ ကုန်ပစ္စည်းတွေထုတ်လုပ်မှုနဲ့ စွန့်ပစ်အညစ်အကြေးတွေ၊ အဆိပ်သင့်ပစ္စည်း စွန့်ပစ်မှုတွေ၊ တရားမဝင်လုပ်ဆောင်မှုတွေအပေါ် မရေရာမပြတ်သားတဲ့ နိုင်ငံတကာ လုပ်ဆောင်ချက်တွေနဲ့ နိုင်ငံတကာစည်းမျဉ်းဆိုင်ရာ လုပ်ငန်းယန္တရားတွေရဲ့ထိရောက်မှုနဲ့ပတ်သက်တဲ့ကွာဟမှုတွေအတွက်ကျယ်ပြန့် ထိရောက်တဲ့ သတင်းအချက်အလက်တွေ

## အမှုတခုချင်းစီကို လေ့လာဆန်းစစ်ခြင်း

တသီးပုဂ္ဂလတွေနဲ့ပတ်သက်တဲ့ သတင်းဆက်သွယ်ချက် လုပ်ထုံးလုပ်နည်းကတော့ အခြားလုပ်ငန်း ယန္တရားတွေက သုံးတဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့ဆင်တူပါတယ်။ ဒီစာတမ်းနိဒါန်း (စာ–၆) မှာထည့်သွင်းပံ့ပိုးထားတဲ့ အတိုင်း အနိမ့်ဆုံး လိုအပ်တဲ့အချက်အလက်တွေနဲ့တော့ ကိုက်ညီရမှာဖြစ်ပါတယ်။

## အထွေထွေ

အသက်အန္တရာယ်ထိခိုက်စေတဲ့ အဆိပ်သင့်အညစ်အကြေးတွေနဲ့ အခြားထုတ်ကုန်တွေ လွှဲပြောင်းသယ်ဆောင်မှုကို ဆန့်ကျင်တဲ့ ထိရောက်တဲ့အရေးယူဆောင်ရွက်မှုကိုအာမခံမဲ့ လုပ်ငန်းစဉ်တွေ၊ အခြေခံစည်းမျဉ်းတွေနဲ့ စံနှုန်းတွေကို ထိရောက်အောင်လုပ်ဖို့ ပြီးခဲ့တဲ့အစီရင်ခံစာတွေထဲမှာ အထူးကိုယ်စားလှယ်က တိုက်တွန်းဆွေးနွေးထားပါတယ်။ အထူးကိုယ်စားလှယ်က တရားမဝင်ကုန်ကူးမှု၊ နိုင်ငံတကာကော်ပိုရေးရှင်းကြီးတွေနဲ့ သူတို့ရဲ့ လူ့အခွင့်အရေးအပေါ် အခွင့်ကောင်းယူတဲ့လုပ်ငန်းစဉ်တွေ၊ထူးခြားချက်တွေပေါ်လေ့လာဆန်းစစ်ချက်တွေကိုလဲတင်ပြဆွေးနွေးထားပါတယ်။ ဗင်နီဇွဲလားအစိုးရက တင်ပြတိုင်တန်းတဲ့ ဒေသခံလူမျိုးစုတခုကလူတွေ သေဆုံးမှုတွေ၊ ရေဆိုးပြန်လည်သန့်စင်ရေး စက်ရုံတခုကိုရေပေးနေတဲ့ ရေကန်တခုထဲကိုစွန့်ပစ်တဲ့ အဆိပ်သင့် စက်ဆီကြောင့် pneumoconiosis and silicosis စတဲ့ရောဂါတွေရပြီး အစာအိမ်နဲ့ အသည်းမကောင်းတဲ့ ပြဿနာတွေခံစားရလို့ အိမ်ယာစီမံကိန်းတခုမှာ နေထိုင်သူတွေရဲ့ တိုင်ချက်တွေအပါအဝင် သူ့ဆီတင်တဲ့အမှုတွေကို အထူးကိုယ်စားလှယ်ရဲ့ နောက်ဆုံးအစီရင်ခံစာမှာ မှတ်တမ်းပြုထားပါတယ်။

ပညာသင်ကြားခွင့် ဆိုင်ရာအထူးကိုယ်စားလှယ်

SPECIAL RAPPORTEUR ON THE RIGHT TO EDUCATION

*ကော်မရှင်ဆုံးဖြတ်ချက် ၁၉၉၈၊ ၃၃ အရဆုံးဖြတ်ချမှတ်သည်*

## လုပ်ပိုင်ခွင့်လွှဲအပ်ခြင်းနှင့် အလုပ်လုပ်ပုံ နည်းလမ်း

အထူးကိုယ်စားလှယ်ရဲ့လုပ်ပိုင်ခွင့်က (၁၉၄၈) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ (၁၉၆၆) စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုအခွင့်အရေးများအပေါ်အခြေခံတဲ့အပြည်ပြည်ဆိုင်ရာနိုင်ငံရေးနဲ့အထွေထွေလူမှုအခွင့်အရေးများဆိုင်ရာ သဘောတူညီချက်တွေပေါ် အခြေခံပါတယ်။ အထူးကိုယ်စားလှယ်ရဲ့ လုပ်ဆောင်ချက်တွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်

* အခြေခံပညာရေးကိုသင်ကြားနိုင်ခွင့်နဲ့ ဒီအခွင့်အရေးတွေကို အကောင်အထည်ဖော်ရာမှာ ကြုံရတဲ့ အခက်အခဲတွေ အပါအဝင် ကမ္ဘာအနှံ့အတိုင်းအတာနဲ့ ပညာရေးဆိုင်ရာအခွင့်အရေးတွေအပေါ် ခေတ်နဲ့အညီ သဘောပေါက်နားလည်မှုအတိုင်းအတာကို သတင်းပို့ဖို့

* မရှိသေးတဲ့အရေးပေါ်ဆောင်ရွက်မှုအစီအစဉ်တွေချမှတ်ရာမှာနဲ့အကောင်အထည်ဖော်ရာမှာအစိုးရတွေကို ထောက်ပံ့ကူညီမှုကိုမြှင့်တင်ဖို့၊ လိုအပ်နေတဲ့ အားလုံးအတွက်အခမဲ့အခြေခံပညာရေး စည်းမျဉ်းတွေကို သင့်တော်တဲ့အချိန်ကာလအတောအတွင်းမှာ အကောင်အထည်ဖော်ရေးကိုသေချာစေဖို့

* ပညာရေးမှာ လိင်ခွဲခြားဆက်ဆံမှု ဖယ်ရှားတိုက်ဖျက်ရေးနဲ့ လိင်အရ ခွဲခြားစဉ်းစားဆုံးဖြတ်မှုတွေကို အထူးအရေးပေးအာရုံစိုက်ဖို့

* အမျိုးသမီးများရဲ့အခြေအနေနဲ့ပတ်သက်ပြီး ကော်မရှင်ကို အစီရင်ခံစာတွေတင်နိုင်ဖို့နဲ့ အခြားသင့်တော်တဲ့ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတွေနဲ့ ပုံမှန်ဆက်သွယ်ဆွေးနွေးမှုတွေ ထူထောင်ထားဖို့

* အခြေခံပညာရေး သင်ကြားနိုင်မဲ့နယ်ပယ်မှာ အကြံပေးဝန်ဆောင်မှုတွေနဲ့ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်နိုင်ဖို့အတွက် ဖြစ်နိုင်တဲ့ပုံစံတွေနဲ့ ငွေကြေးအထောက်အပံ့ရင်းမြစ်တွေကို အမျိုးအစားခွဲခြားသတ်မှတ်ဖို့

## အမှုတခုချင်းစီကို လေ့လာဆန်းစစ်ခြင်း

လမ်းညွှန်ရှင်းလင်းရာ၊ လူ့အခွင့်အရေးလိုအပ်ချက်အတွက် ပညာရေးနည်းလမ်းတွေနဲ့ ပါဝင်တာတွေမှာ (တခါတလေ သူတို့ရဲ့အခွင့်အရေးတွေကိုရင်နီးပြီး၊ ရာဇဝတ် ကြောင်းအရ စွဲဆိုခံရနိုင်တဲ့အထိစွန့်စားပြီး) လိုက်လျောညီထွေရှိမှုနဲ့ အရေးပါတဲ့ ဆရာတွေရဲ့အခန်းကဏ္ဍကို ကော်မရှင်ကိုနောက်ဆုံးတင်ထားတဲ့ အစီရင်ခံစာထဲမှာ အထူးကိုယ်စားလှယ်က မှတ်ချက်ပြုထားပါတယ်။ သူတို့ရဲ့လွတ်လပ်စွာထင်မြင်ယူဆခွင့်နဲ့ ဖော်ထုတ်ခွင့်တွေကို ကျင့်သုံးရာမှာ တက္ကသိုလ်ပါမောက္ခတွေနဲ့ ကျောင်းသားတွေ တရားခံဖြစ်နိုင် (ထိခိုက်နစ်နာနိုင်) ပြီး ဒီလိုမကြာခဏ ဖြစ်တာကလဲ သူတို့ရဲ့ လူ့အခွင့်အရေးနဲ့ဆိုင်တဲ့ ပညာရေးကြောင့်ဖြစ်ပါတယ်။ နောက်ဆက်တွဲအဖြစ် ဒီလိုတိုင်ကြားချက်တွေလက်ခံရရှိရင်

ပူးတွဲတုံ့ပြန်နိုင်အောင် အထူးကိုယ်စားလှယ်က လွတ်လပ်စွာ ထင်မြင်ယူဆ၊ ဖော်ထုတ်ပိုင်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်၊ လူ့အခွင့်အရေးကာကွယ်သူများဆိုင်ရာ အထူးကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းပြီး တိုင်ပင်အကြံဉာဏ်ပေးမှုတွေ ရရှိနိုင်အောင် စီစဉ်ထားပါတယ်။

## **အထွေထွေ**

ကော်မရှင်ကိုတင်တဲ့ အထူးကိုယ်စားလှယ်ရဲ့ အစီရင်ခံစာက ကျယ်ပြန့်တဲ့နယ်ပယ်လေးခုနဲ့ ပတ်သက်ဆောင်ရွက်ပါတယ်။ ပထမတခုကတော့ အသေးစိတ်ကျပြီးကျယ်ပြန့်တဲ့စီးပွားရေး (မေခရိုစီးပွားရေး) (ပညာရေးအတွက် အကြွေးကင်းလွတ်ခွင့်နဲ့ အထောက်အပံ့ပေးရေးကိစ္စတွေ အထူးကိုယ်စားလှယ်နဲ့ ကမ္ဘာ့ဘဏ်တိုင်ပင်ဆွေးနွေးချက် အသေးစိတ်တချို့အပါအဝင်) နဲ့ ဥပဒေစည်းမျဉ်းအောက်မှာပါဝင်နေတဲ့ ပညာရေး မဟာဗျူဟာတွေ။ ဒုတိယတခုက ခွဲခြားဆက်ဆံမှု တိုက်ဖျက်ရေးအတွက် အခွင့်အရေးအခြေခံညွှန်ပြချက်တွေနဲ့ ဆိုင်းဘုတ်တွေတည်ထောင်ဖို့ အပါအဝင် ပညာရေးဆိုင်ရာ အခွင့်အရေးတွေ သေချာနားလည်သဘောပေါက်လား စောင့်ကြပ်ကြည့်ရှုဖို့။ တတိယတခုက ပညာရေးနယ်ပယ်က လူ့အခွင့်အရေးတွေ ကာကွယ်စောင့်ရှောက်ဖို့နဲ့ နောက်ဆုံးအချက်ကတော့ ကိုယ့်ကိုကိုယ်အားကိုးတဲ့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းမျိုးတွေလုပ်ဖို့ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးနဲ့ အကြမ်းဖက်မှု တားဆီးရေးအတွက် အခက်အခဲတွေကို ဆွေးနွေးအဖြေရှာဖို့အပါအဝင် ပညာရေးကတဆင့် လူ့အခွင့်အရေး မြှင့်တင်ဖို့တွေ ဖြစ်ပါတယ်။

## ရွှေ့ပြောင်းအခြေချနေထိုင်သူများရဲ့လူ့အခွင့်အရေးများဆိုင်ရာ အထူးကိုယ်စားလှယ်
SPECIAL RAPPORTEUR ON THE HUMAN RIGHTS OF MIGRANTS
*ကော်မရှင်ဆုံးဖြတ်ချက် ၁၉၉၉၊ ၄၄ အရ ဆုံးဖြတ်ချမှတ်သည်*

### လုပ်ပိုင်ခွင့်လွှဲအပ်ခြင်းနှင့်အလုပ်လုပ်ပုံနည်းလမ်း

အထူးကိုယ်စားလှယ်ရဲ့လုပ်ပိုင်ခွင့်က (၁၉၄၈) အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းနဲ့ (၁၉၆၆) စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုအခွင့်အရေးတွေပေါ်အခြေခံတဲ့ အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးနှင့် အထွေထွေလူမှုအခွင့်အရေးများဆိုင်ရာ သဘောတူညီချက်တွေပေါ်အခြေခံပါတယ်။ အထူးကိုယ်စားလှယ်ရဲ့ အဓိကလုပ်ငန်းတွေကတော့

* ရွှေ့ပြောင်းနေထိုင်သူတွေရဲ့ လူ့အခွင့်အရေးတွေကို ချိုးဖောက်မှုတွေနဲ့ပတ်သက်ပြီး ရွှေ့ပြောင်းနေထိုင်သူတွေကိုယ်တိုင်ဆီက၊ သူတို့ရဲ့မိသားစုတွေဆီက စတဲ့ သင့်တော်လျောက်ပတ်တဲ့ ရင်းမြစ်အားလုံးဆီကနေ သတင်းအချက်အလက်တွေတောင်းခံ ရယူဖို့

* ဘယ်မှာပဲဖြစ်ဖြစ် ရွှေ့ပြောင်းနေထိုင်သူတွေရဲ့ လူ့အခွင့်အရေးတွေကို ချိုးဖောက်မှုတွေကို ကာကွယ်ဖို့ ကုသဖို့အတွက် သင့်တော်လျောက်ပတ်တဲ့ တိုက်တွန်းအကြံပေးချက်တွေ လုပ်ဆောင်ဖို့

* ဒီကိစ္စနဲ့ပတ်သက်တဲ့ နိုင်ငံတကာစံနှုန်းစံထားတွေကို ထိထိရောက်ရောက်ကျင့်သုံးမှုကို မြှင့်တင်ဖို့

* ရွှေ့ပြောင်းအခြေချနေထိုင်သူတွေရဲ့ လူ့အခွင့်အရေးတွေ ချိုးဖောက်တာတွေကို ဖယ်ရှားရှင်းလင်းဖို့ နိုင်ငံတကာ၊ တိုင်းပြည်တခုချင်းနဲ့ဒေသဆိုင်ရာအနေအထားတွေအရလက်တွေ့ကျင့်သုံးနိုင်တဲ့အရေးယူဆောင်ရွက်ချက်တွေကို တိုက်တွန်းအကြံပြုဖို့

* ရွှေ့ပြောင်းအခြေချသူ အမျိုးသမီးတွေကို အကြမ်းဖက်ခြင်းနဲ့ ခွဲခြားဆက်ဆံခြင်းတွေ ဖြစ်ပွားတာတွေကို အထူးသတိပြုအာရုံစိုက်ဖို့နဲ့ သတင်းအချက်အလက်တွေကို တောင်းခံလေ့လာဆန်းစစ်သုံးသပ်တဲ့အခါ လိင်ကွဲပြားမှုဆိုင်ရာအမြင်တခုကို ဖော်ထုတ်ဆောင်ရွက်ဖို့

### အမှုတခုချင်းစီကို လေ့လာဆန်းစစ်ခြင်း

ပုံမှန်အားဖြင့်ကော်မရှင်ရဲ့အခြားလုပ်ပိုင်ခွင့်ရထားသူတွေဆီကိုအထူးကိုယ်စားလှယ်ကအယူခံလွှာတွေကိုလွှဲပြောင်းပေးအပ်နိုင်ပါတယ်။ ရွှေ့ပြောင်းနေထိုင်သူတွေကိုထိခိုက်စေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို (လိုအပ်တဲ့အခါ) စုံစမ်းစစ်ဆေးဖို့၊ ကာကွယ်တားဆီးဖို့ ဦးတည်ပြီး အထူးကိုယ်စားလှယ်က အရေးပေါ်အယူခံတွေကို လွှဲပြောင်းပေးအပ်နိုင်ပါတယ်။ ဥပမာအနေနဲ့ ဒီအယူခံလွှာတွေမှာ တဦးတယောက်က ဒုက္ခသည်အဖြစ် စောင့်ရှောက်မှုရရှိဖို့ တောင်းခံ တာနဲ့ အကယ်၍နေရင်းဒေသ၊ နိုင်ငံကိုပြန်ပို့ခံရတဲ့အခါ လူ့အခွင့်အရေး ချိုးဖောက်ခံရမဲ့အန္တရာယ်တွေနဲ့ ပတ်သက်တဲ့အမှုတွေ ထည့်သွင်းဖော်ပြထားပါတယ်။

ဆက်သွယ်တိုင်တန်းချက်တွေမှာ အောက်ပါအချက်တွေထည့်သွင်းဖော်ပြပေးရမှာဖြစ်ပါတယ်

* ဖြစ်တဲ့ပြဿနာမှာ တဦးတယောက် (သို့) အုပ်စုတခုပါဝင်ပတ်သက်လား၊ ပါဝင်ပတ်သက်တာက အုပ်စုတခုဆိုရင် အမျိုးသားဘယ်နှစ်ယောက်၊ အမျိုးသမီးဘယ်နှစ်ယောက်နဲ့ ကလေး (အသက် ၁၈ နှစ်အောက်) ဘယ်နှစ်ယောက် ပါဝင်ပတ်သက်လဲဆိုတဲ့အရေအတွက်

* ပြဿနာဖြစ်ပွားတဲ့ တိုင်းပြည်

* ကျူးလွန်ခံရသူတွေ ဘာလူမျိုးလဲ

* နာမည်အပြည့်အစုံ၊ လူမှုရေးအဆင့်အတန်း၊ အသက်မွေးဝမ်းကျောင်းနဲ့ ဘာလုပ်ရှားမှုတွေလုပ်လဲ၊ ပြဿနာဖြစ်ပွားတဲ့တိုင်းပြည်မှာ သူတို့ရဲ့အနေအထားအဆင့်အတန်း (အထောက်အထားမှတ်တမ်းမဲ့၊ ဖြတ်သန်းသွားလာသူ၊ ခရီးသွား (တိုးရစ်စ်)၊ ကျောင်းသား၊ အလုပ်လုပ်ခွင့်ရသူ၊ နေထိုင်သူ၊ ဒုက္ခသည်၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူ၊ ယာယီအကာအကွယ်ပေးမှု ရထားသူ စတဲ့အချက်တွေ အပါအဝင်) သက်ဆိုင်သူတွေရဲ့ကိုယ်ရေးအထောက်အထား အချက်အလက်တွေ

* တင်ပြတိုင်တန်းချက်ပါ အကျူးလွန်ခံကာယကံရှင် ဒါမှမဟုတ် အာဏာပိုင်တွေကို ဘယ်အကြိမ်ပေး တာဝန်ခံကဆက်သွယ်ထားလဲဆိုတာနဲ့ ဖြစ်တဲ့အမှုရဲ့ နောက်ဆက်တွဲအခြေအနေတွေကို ရှင်းလင်းဖော်ပြချက်တွေအပါအဝင်တင်ပြတိုင်တန်းတဲ့အမှုအခင်းဖြစ်တဲ့ အချိန်၊ နေရာ နဲ့ ဒေသ

* တင်ပြတိုင်တန်းတဲ့အမှုမှာ တာဝန်ရှိတယ်လို့ယူဆရတဲ့ အာဏာပိုင်ဝန်ထမ်းတွေ

* ကျူးလွန်ခံကာယကံရှင်၊ သူ့မိသားစု ဒါမှမဟုတ် သူ့ကိုယ်စားတင်ပြတိုင်တန်းသူမည်သူမဆို ဆောင်ရွက်ထားတဲ့ အဆင့်တွေ

* ဒီလိုတင်ပြတိုင်တန်းထားချက်တွေကို စုံစမ်းစစ်ဆေးဖို့အာဏာပိုင်တွေကဆောင်ရွက်ထားတဲ့ အဆင့်တွေ

* တိုင်တန်းချက်တင်သွင်းသူရဲ့ ကိုယ်ရေးအထောက်အထားတွေ

## အထွေထွေ

ကော်မရှင်ကိုတင်တဲ့ အထူးကိုယ်စားလှယ်ရဲ့ အစီရင်ခံစာက ရွှေ့ပြောင်းအခြေချသူတွေကို အကာအကွယ် ပေးရေးနဲ့ ပတ်သက်ပြီး အရေးပါတဲ့တိုးတက်မှုနှစ်ခုကို မှတ်တမ်းတင်ထားပါတယ်၊ အဲဒါတွေကတော့ လူမျိုးရေးဝါဒ၊ လူမျိုးရေးအရ ခွဲခြားဆက်ဆံမှု၊ တိုင်းတပါးသားမုန်းတီးမှုတွေနဲ့ နောက်ဆက်တွဲ လူမျိုးရေးတင်းမာမှုတွေကို ဆန့်ကျင်တိုက်ဖျက်ရေး ကမ္ဘာ့ညီလာခံနဲ့ ရလဒ်အဖြစ် ဒါဘန် လှုပ်ရှားမှုလမ်းစဉ် ကြေညာချက်နဲ့ ရွှေ့ပြောင်းအခြေချ အလုပ်သမားတွေနဲ့ သူတို့ရဲ့မိသားစုတွေကို ကာကွယ်ပေးရေးအပြည်ပြည်ဆိုင်ရာ သဘောတူညီချက် ၁၉ ကြိမ်မြောက် အတည်ပြုချက်တွေ ပဲဖြစ်ပါတယ် (ဒီစာချုပ် အသက်ဝင်ဖို့ အတည်ပြုမှု ၂၀ လိုအပ်ပါတယ်)။ အစီရင်ခံစာထဲမှာ အထူးဂရုပြုဖော်ပြထားတဲ့ အခြားစာချုပ်တွေကတော့ နိုင်ငံတကာဆိုင်ရာအုပ်စုဖွဲ့ရာဇဝတ်မှုများ (မာဖီးယား၊ ယာကူဇာ စသဖြင့်) ကို တိုက်ဖျက်ရေး ကုလသမဂ္ဂညီလာခံ၊ အထူးသဖြင့်မိန်းကလေးတွေနဲ့ ကလေးတွေကိုပစ်မှတ်ထားတဲ့ လူကုန်ကူးမှုတွေကို

ဖိနှိပ်၊ ပြစ်ဒဏ်ပေး ကာကွယ်တားဆီးရေးစာချုပ်၊ ကုန်းလမ်း၊ ရေလမ်းနဲ့ လေကြောင်းလမ်းများအရ ရွှေ့ပြောင်း အလုပ်သမားတွေ ခိုးသွင်းမှုတွေကိုတိုက်ဖျက်ရေး စာချုပ်တွေပဲဖြစ်ပါတယ်။ တကယ်လို့ ဒီစာချုပ်တွေကို လက်မှတ် မထိုးရသေးရင် လက်မှတ်ထိုးအတည်ပြုဖို့ အထူးကိုယ်စားလှယ်က အစိုးရတွေကို တိုက်တွန်းထားပါတယ်။

အကြမ်းဖက်သမားတိုက်ဖျက်ရေး ဆောင်ရွက်နေတဲ့အဆင့်တွေအရ အထူးကိုယ်စားလှယ်က လူ့အခွင့်အရေးကိစ္စ တွေမှာ နိုင်ငံတကာအနေအထားအရ၊ အထူးသဖြင့် အပိုဒ်ခွဲ ၁၃ အရ လူမှုရေးနဲ့ နိုင်ငံရေးအခွင့်အရေးတွေအပေါ် နိုင်ငံတကာသဘောတူညီချက် တိုင်းပြည်တွေရဲ့ပါဝင်ဆောင်ရွက်မှု၊ အရေးပါမှုကို ဂုဏ်ပြုရင်းအလေးထား အာရုံစိုက် ပါတယ်။ စက်တင်ဘာ ၁၁ ရက်တိုက်ခိုက်မှုတွေရဲ့ရလဒ်တွေက လူကုန်ကူးခြင်းနဲ့ ရွှေ့ပြောင်းအလုပ်သမား ခိုးသွင်းခြင်း၊ နေရာရွှေ့ပြောင်းအခြေချမှုနဲ့ နိုင်ငံရေးခိုလှုံခွင့်တောင်းခံမှုကြားဆက်စပ်နေမှု၊ ရွှေ့ပြောင်းအခြေချ အမျိုးသမီးတွေရဲ့ အခြေအနေနဲ့ အုပ်ထိန်းသူမရှိတဲ့ကလေးတွေရဲ့ အခြေအနေတွေနဲ့အတူ အထူးကိုယ်စားလှယ်ရဲ့ အဓိကဦးစားပေး ကိစ္စတွေထဲမှာ ပါလာပါတယ်။

## ပြည့်စုံလုံလောက်တဲ့ နေထိုင်မှုအဆင့်အတန်းဆိုင်ရာ အခွင့်အရေးရဲ့ အချက်တချက်ဖြစ်တဲ့ ပြည့်စုံလုံလောက်တဲ့ နေရာထိုင်ခင်းရရှိခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်

SPECIAL RAPPORTEUR ON THE RIGHT TO ADEQUATE HOUSING AS A COMPONENT OF THE RIGHT TO AN ADEQUATE STANDARD OF LIVING

*ကော်မရှင်ဆုံးဖြတ်ချက် ၂၀၀၀၊ ၉ အရဆုံးဖြတ်ချမှတ်သည်*

### လုပ်ပိုင်ခွင့်နှင့်အလုပ်လုပ်ပုံနည်းလမ်း

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ်ခွဲ ၂၅ (၁)၊ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှု ဆိုင်ရာအခွင့်အရေးများအပေါ် နိုင်ငံတကာသဘောတူညီချက်၊ အပိုဒ်ခွဲ ၁၁ (၁)၊ အမျိုးသမီးများအပေါ် မည်သည့်ပုံစံမျိုးအရမဆို ခွဲခြားဆက်ဆံမှုများ ဖယ်ရှားရှင်းလင်းရေးညီလာခံ၊ အပိုဒ်ခွဲ ၁၄ (၂) (ဇ)၊ ကလေးအခွင့်အရေးဆိုင်ရာ ညီလာခံ၊ အပိုဒ်ခွဲ ၂၇ (၃)၊ မည်သည့်ပုံစံအရမဆို လူမျိုးရေးခွဲခြားဆက်ဆံမှုများကို ဖယ်ရှားရှင်းလင်းရေးညီလာခံ၊ အပိုဒ်ခွဲ ၅ (င) အပါအဝင် နိုင်ငံတကာ နေထိုင်မှုစံနှုန်းတွေထဲမှာ သတ်မှတ်ထားတဲ့အတိုင်း ပြည့်စုံလုံလောက်တဲ့ နေထိုင်မှုအဆင့်အတန်းရရှိခွင့်တွေထဲမှာ အကျုံးဝင်တဲ့ ပြည့်စုံလုံလောက်တဲ့ အိမ်ယာရရှိပိုင်ခွင့် ဆိုင်ရာအချက်တွေနဲ့ ဆက်စပ်ပတ်သက်တဲ့ လုပ်ပိုင်ခွင့်ကို အဓိကအာရုံစိုက်ထားပါတယ်။

အထူးကိုယ်စားလှယ်ကို အောက်ပါအချက်တွေလုပ်ဆောင်ဖို့အတွက် မေတ္တာရပ်ခံထားပါတယ်

* အထူးကိုယ်စားလှယ်ရဲ့ လုပ်ပိုင်ခွင့်နဲ့ သင့်တော်ဆက်စပ်တဲ့ ကမ္ဘာအနှံ့ (ရပိုင်ခွင့်၊ လွတ်လပ်ခွင့်စသည်) အခွင့်အရေးကို နားလည်သဘောပေါက်မှုအခြေအနေတွေ ဥပဒေတွေနဲ့ မူဝါဒတွေအပါအဝင် ဒီအခွင့်အရေးတွေနဲ့သက်ဆိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို သတင်းပို့အစီရင်ခံဖို့

* အချင်းချင်းပူးပေါင်းဆောင်ရွက်မှုနဲ့ ဒီအခွင့်အရေးတွေကိုလုံခြုံစိတ်ချရစေဖို့ အစိုးရတွေရဲ့ကြိုးပမ်းချက်တွေကို အားပေးကူညီမှုတွေကို မြှင့်တင်ပေးဖို့

* လိင်အရ ခွဲခြားမှုအတွက် အတွေးအမြင်ကောင်းတခုကို စတင်ဖော်ဆောင်ဖို့

* ပုံမှန်တွေ့ဆုံဆွေးနွေးမှုတခု ထူထောင်ဖို့နဲ့ အစိုးရတွေ၊ (သင့်တော်တဲ့ အဖွဲ့အစည်းတွေအပါအဝင်) ကုလသမဂ္ဂ၊ အိမ်ယာအခွင့်အရေး နယ်ပယ်အတွင်းမှာရှိတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အဲန်ဂျီအိုတွေ၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းတွေနဲ့ ဖြစ်နိုင်ခြေရှိတဲ့ ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်တွေကို ဆွေးနွေးဖို့နဲ့ သင့်တော်လျောက်ပတ်တဲ့ အခွင့်အရေးတွေနဲ့ ပတ်သက်ပြီး နားလည်သဘောပေါက်မှုပေါ်မှာ တိုက်တွန်းအကြံပေးချက်တွေပြုလုပ်ဖို့

* သင့်တော်လျောက်ပတ်တဲ့ အကြံပေးဝန်ဆောင်မှုနဲ့ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဖြစ်နိုင်ခြေရှိတဲ့ ဘဏ္ဍာရေး အထောက်အပံ့ပုံစံတွေနဲ့ ရင်းမြစ်တွေကို အမျိုးအစားခွဲခြားသတ်မှတ်ဖို့နဲ့

* သင့်တော်လျောက်ပတ်တဲ့ ကုလသမဂ္ဂလုပ်ငန်းတွေ၊ လက်တွေ့နယ်မြေကိုသွားရောက်မှုတွေ၊ နိုင်ငံဆိုင်ရာ ရုံးတွေနဲ့ သက်ဆိုင်တဲ့ ကိစ္စရပ်တွေ ထည့်သွင်းလုပ်ဆောင်ရေးကို လွယ်ကူစေဖို့

## အမှုတခုချင်းစီကို လေ့လာဆန်းစစ်ခြင်း

အထူးကိုယ်စားလှယ်က အရေးပေါ်အရေးယူမှု ယန္တရားစနစ်တခုနဲ့ ပြည့်စုံလုံလောက်တဲ့ အိမ်ယာရရှိပိုင်ခွင့် ဆိုင်ရာ အခွင့်အရေးကို စောင့်ကြပ်ကြီးကြပ်ဖို့ မေးခွန်းလွှာပုံစံတခုကို ဖော်ဆောင်နေပါတယ်။ လုပ်ဆောင်ပုံ လုပ်ဆောင်နည်း စနစ်ကို ကွဲပြားအောင်သတ်မှတ်ပြီးတဲ့အထိ အမှုတွေတင်ပြတိုင်တန်းတဲ့အခါ လိုအပ်ချက်တွေနဲ့ ကိုက်ညီနိုင်အောင် အနိမ့်ဆုံးလိုအပ်ချက်တွေကို နိဒါန်း (စာမျက်နှာ ၆) မှာ ပံ့ပိုးပေးထားပါတယ်။

## အထွေထွေ

ကော်မရှင်ကိုတင်တဲ့ အစီရင်ခံစာထဲမှာ အထူးကိုယ်စားလှယ်က ဦးစားပေးကိစ္စတွေနဲ့ အခက်အခဲတွေ ပြည့်စုံ လုံလောက်တဲ့ အိမ်ယာရရှိပိုင်ခွင့်တွေပေါ် နားလည်သဘောပေါက်မှု အခက်အခဲတွေကို အောက်ပါအတိုင်း ခွဲခြား သတ်မှတ်ထားပါတယ်။

* အိမ်ယာနဲ့ မြေဆိုင်ရာ အခွင့်အရေးတွေအပေါ် စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ သက်ရောက်မှု

* စိတ်ချရတဲ့ သောက်ရေနဲ့ စနစ်ကျတဲ့အညစ်အကြေး စွန့်ပစ်မှုတွေရနိုင်မှု

* ဆင်းရဲမွဲတေမှု

* လိင်အရခွဲခြားဆက်ဆံခြင်း

* ကလေးသူငယ်များအရေး

* အတင်းအကျပ်နှင်ထုတ်ခြင်း

* ဒေသခံတွေနဲ့ လူမျိုးစုတွေရဲ့အိမ်ယာနဲ့ မြေဆိုင်ရာအခွင့်အရေးတွေ

* ဒေသတွင်းဆိုင်ရာ လက်တွေ့အသုံးချနိုင်မှုနဲ့ တရားမျှတနိုင်မှုများ

အထူးကိုယ်စားလှယ်က ဒီကိစ္စတွေကို အတွင်းကျကျ၊ ဆုံးခန်းတိုင်အောင်လေ့လာဖို့ရည်စူးထားပြီး အဲဂျီအိုတွေနဲ့ အရပ်ဖက်အဖွဲ့အစည်းတွေအပါအဝင် ဆောင်ရွက်သူအများအပြားနဲ့ လက်တွဲဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပါတယ်။

### အစားအသောက် ရရှိပိုင်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်
SPECIAL RAPPORTEUR ON THE RIGHT TO FOOD
*ကော်မရှင်ဆုံးဖြတ်ချက် ၂၀၀၀၊ ၁၀ အရဆုံးဖြတ်ချမှတ်သည်*

## လုပ်ပိုင်ခွင့်နှင့်အလုပ်လုပ်ပုံနည်းလမ်း

အထူးကိုယ်စားလှယ်ရဲ့ လုပ်ပိုင်ခွင့်က (၁၉၄၈) ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းနဲ့ (၁၉၆၆) စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးတွေအပေါ် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်တွေက ကာကွယ်ပေးထားတဲ့ အခွင့်အရေးတွေအပေါ် အခြေခံပါတယ်။

အထူးကိုယ်စားလှယ်ရဲ့ လုပ်ပိုင်ခွင့်က အောက်ပါအတိုင်းဖြစ်ပါတယ်

* ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေးအတွက် အရေးပေါ်လိုအပ်ချက်တွေအပါအဝင် အစားအစာရရှိပိုင်ခွင့်ကို နားလည်သဘောပေါက်မှုတွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ရှာဖွေ၊ လက်ခံ၊ တုံ့ပြန်ဖို့

* အစိုးရတွေ၊ အစိုးရတွေကြားအဖွဲ့အစည်းတွေ၊ အဲန်ဂျီအိုတွေနဲ့ ပူးပေါင်းဆောင်ရွက်ရေးတခု ထူထောင်ဖို့၊ ကုလသမဂ္ဂစနစ်တလျှောက်လုံး ဒီအခွင့်အရေးတွေနဲ့ပတ်သက်ပြီး လုပ်ဆောင်ပြီးထားတဲ့ အလုပ်တွေကို နားလည်သဘောပေါက်တဲ့အပေါ် တိုက်တွန်းအကြံပေးချက်တွေ ပြုလုပ်ဖို့။ ၁၉၉၉ မေမှာ ချမှတ်တဲ့ (ပြည့်စုံလုံလောက်တဲ့ အစားအစာ ရရှိပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးက လူတစ်ယောက်ရဲ့ ခွဲခြားမရနိုင်တဲ့ မွေးရာပါ ဂုဏ်သိက္ခာဖြစ်တဲ့အပြင် အခြားအခွင့်အရေးများဖြည့်စွမ်းပေးရေးမှာ အရေးအပါဆုံးဖြစ်တယ်လို့ ကော်မတီက အတည်ပြုတဲ့) စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ ကော်မတီ အထွေထွေမှတ်ချက် အမှတ် ၁၂ ပါဝင်ပါတယ်။

* ပြည့်စုံလုံလောက်တဲ့ အစားအစာရရှိပိုင်ခွင့်နဲ့ပတ်သက်တဲ့ ကမ္ဘာအနှံ့ ပေါ်ပေါက်လာနေတဲ့ ကိစ္စတွေကို ခွဲခြားသတ်မှတ်ဖို့

* သောက်သုံးရေနဲ့ပတ်သက်တဲ့ ကိစ္စရပ်တွေကို အာရုံစိုက်ဖို့

* အထူးကိုယ်စားလှယ်ရဲ့ အလုပ်ထဲမှာ ပတ်သက်တဲ့ လိင်ပိုင်းဆိုင်ရာကိစ္စရပ်တွေကို အဓိကထားအာရုံစိုက်ဖို့

## အစားအစာရရှိပိုင်ခွင့်ဆိုင်ရာ အဓိပ္ပါယ်သတ်မှတ်ချက်

အထူးကိုယ်စားလှယ်က အစားအစာဆိုင်ရာအခွင့်အရေးကို အမြဲတမ်း၊ ပုံမှန်နဲ့ တိုက်ရိုက်အရ (သို့) ငွေကြေးနဲ့ဝယ်တဲ့ နည်းလမ်းအရသော်၄င်း လွတ်လပ်စွာရနိုင်မှု၊ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာတွေအရ လူတွေရဲ့ ပိုင်ဆိုင်စားသုံးမှု၊ ရုပ်ပိုင်းနဲ့ စိတ်ပိုင်းဆိုင်ရာ သေချာမှု၊ တဦးချင်းအရနဲ့ အစုအဖွဲ့လိုက်အရ၊ အရေအတွက်နဲ့ အရည်အသွေးအရ ပြည့်စုံလုံလောက်တဲ့ အစားအစာ ဖြစ်မှုပေါ်မှာမူတည်ပြီး ကြောက်ရွံ့ထိတ်လန့်မှုကကင်းလွတ်ပြီး ဂုဏ်သိက္ခာရှိတဲ့ဘဝကို ဖြည့်စွမ်းပေးမှုအဖြစ် အဓိပ္ပါယ်သတ်မှတ်ပါတယ်။ အထူးကိုယ်စားလှယ်က ဒီအခွင့်အရေးကို

နားလည်နိုင်ဖို့အတွက် ရှိနေတဲ့အခက်အခဲ ခုနစ်ခုကို အမျိုးအစားခွဲသတ်မှတ်ထားပါတယ်။

* ကမ္ဘာ့ကုန်သွယ်ရေး ဖွံ့ဖြိုးမှုနဲ့ ဆက်နွယ်နေတဲ့ပြဿနာတွေ၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ စိုက်ပျိုးရေးမူဝါဒတွေ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းကြီးရဲ့တားမြစ်ပိတ်ပင်မှုတွေနဲ့ အဲဒါကြောင့်ကမ္ဘာ့တောင်ပိုင်းနိုင်ငံတွေမှာဖြစ်တဲ့ ကာလရှည်ကြာအာဟာရမပြည့်ဝမှုတွေနဲ့ ငတ်မွတ်ခေါင်းပါးမှုတွေ

* ပြင်ပကြွေးမြီကိစ္စနဲ့အဲဒါရဲ့ (အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့ကြီးရဲ့ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ညှိနှိုင်းအံဝင်စေရေး မူဝါဒတွေနဲ့ အဲဒါကြောင့်ဖြစ်တဲ့ ကြွေးရှင်နိုင်ငံတွေမှာ အဟာရချို့တဲ့မှုတွေနဲ့ မကြာခဏဖြစ်တဲ့ အဟာရစံနှုန်းမပြည့်မီမှုတွေ အပါအဝင်) အစားအစာလုံလောက်မှုအပေါ် အကျိုးသက်ရောက်မှုတွေ

* မျိုးဗီဇပြောင်းထားတဲ့အပင်တွေ၊ ကမ္ဘာ့မြောက်ခြမ်းက စိုက်ပျိုးစီးပွားရေးရဲ့ နိုင်ငံတကာတရားဝင်မူပိုင်ခွင့် အရပိုင်ဆိုင်မှုတွေ၊ အစားအစာရနိုင်မှုကိုနှောက်ယှက်တားဆီးမှုတွေအပါအဝင် ဇီဝနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုတွေ

* စစ်ပွဲတွေနဲ့ ဒါတွေရဲ့ အစားအစာ လုံခြုံစိတ်ချရမှုကို ပျက်စီးထိခိုက်စေတဲ့ ရလဒ်တွေ

* လာဘ်ပေးလာဘ်ယူမှုတွေ

* မြေပိုင်ဆိုင်မှုနည်းလမ်းနဲ့ အသိအမှတ်ပြုမှု

* အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်းနဲ့ အဲဒါရဲ့ အကျိုးသက်ရောက်မှုအဖြစ် အစားအစာအခွင့်အရေးကို နားလည်မှုဆိုင်ရာရလဒ် တွေဖြစ်ပါတယ်။

## အမှုများကိုကိုင်တွယ်ဖြေရှင်းခြင်းနဲ့ အရေးပေါ်အသနားခံစာများ

အထူးကိုယ်စားလှယ်က အစားအစာဆိုင်ရာအခွင့်အရေးများ ချိုးဖောက်မှုတွေနဲ့ပတ်သက်ပြီး အဲန်ဂျီအိုများထံမှ သတင်းအချက်အလက်ရယူပါတယ်။ ဒီအမှုတွေနဲ့ပတ်သက်တဲ့ သတင်းအချက်အလက် အသေးစိတ်တွေကို ကော်မရှင်ကိုတင်တဲ့ အစီရင်ခံစာထဲမှာ အထူးကိုယ်စားလှယ်ကထည့်သွင်းဖော်ပြထားပါတယ်။ ဒီလုပ်ပိုင်ခွင့်က တော်တော်လေး သစ်နေတဲ့အတွက် လုပ်ထုံးလုပ်နည်းကို ဖော်ဆောင်နေဆဲပဲရှိပါသေးတယ်။ နိဒါန်း (စာမျက်နှာ ၆) မှာဖော်ပြထားတဲ့ အတိုင်း အနိမ့်ဆုံးအခြေခံအချက်အလက်တွေနဲ့ ပြည့်စုံရမှာဖြစ်ပါတယ်။

## အထွေထွေ

ကော်မရှင်ကိုနောက်ဆုံးတင်တဲ့အစီရင်ခံစာထဲမှာ အထူးကိုယ်စားလှယ်က တိုင်းပြည်အနေအထားအရ အထူးဥပဒေကတဆင့် အစားအစာအတွက် တရားမျှတမှု၊ အစားအစာဆိုင်ရာ သင့်တော်တဲ့အခွင့်အရေးတွေ ရနိုင်မှုကို ရှင်းလင်းဖော်ပြရင်း အစားအစာအတွက် တရားမျှတနိုင်မှု အခွင့်အရေးတွေကို ဆွေးနွေးထားပါတယ်။ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာတဲ့ ဥပဒေတွေအရ အစားအစာရရှိပိုင်ခွင့်နဲ့ အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာတဲ့ဥပဒေရဲ့ စည်းမျဉ်းဥပဒေတွေချိုးဖောက်ခံရတဲ့အမှုတွေကိုလဲ အထူးကိုယ်စားလှယ်က စဉ်းစားဆွေးနွေးပါတယ်။ အစီရင်ခံစာက နိုင်ငံတကာကုန်သွယ်ရေးကိုလေ့လာသုံးသပ်ပြီး စီးပွားရေးပိတ်ဆို့အရေးယူမှုတွေကြောင့် အစားအစာရရှိပိုင်ခွင့်တွေထိခိုက်မှုတွေကို စဉ်းစားသုံးသပ်ပါတယ်။

အထူးကိုယ်စားလှယ်က နိုင်ငံတွေက အဟာရမပြည့်ဝမှုနဲ့ ငတ်မွတ်ခေါင်းပါးမှုတွေကို အမြန်ဆုံးလျှော့ချဖို့ ခိုင်မာပြတ်သားတဲ့ အဆင့်တွေလုပ်ဆောင်ဖို့၊ အစားအစာရရှိပိုင်ခွင့်နဲ့ပတ်သက်ပြီး အမျိုးသားဥပဒေတွေပြဋ္ဌာန်းဖို့ ဖြည့်ဆည်းဖို့နဲ့ ဒီဥပဒေတွေရဲ့မျှတမှု (တည်ရှိသင့်တယ်ဆိုတာ) ကို အသိအမှတ်ပြုဖို့ တိုက်တွန်းအကြံပြု ထားပါတယ်။ လက်နက်ကိုင်ပဋိပက္ခအခြေအနေတွေအတွင်း အစားအစာရရှိပိုင်ခွင့်ကို လေးစားဖို့အတွက် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားတဲ့ ဥပဒေအရ တာဝန်ရှိနေမှုကို မလွဲမသွေ လိုက်နာဆောင်ရွက်ဖို့ အတွက် အစိုးရတွေကိုတိုက်တွန်းထားပါတယ်။ အထူးကိုယ်စားလှယ်က စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးတွေအတွက် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အတွက် စာချုပ်မူကြမ်းကို ချမှတ်အသုံးပြုဖို့ကိုလည်း တိုက်တွန်းထားပါတယ်။

## လူ့အခွင့်အရေးကာကွယ်သူများအတွက် အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်
SPECIAL REPRESENTATIVE OF THE SECRETARY-GENERAL ON HUMAN RIGHTS DEFENDERS

*ကော်မရှင်ဆုံးဖြတ်ချက် ၂၀၀၀၊ ၆၁ အရဆုံးဖြတ်ချမှတ်သည်*

## လုပ်ပိုင်ခွင့်နှင့်အလုပ်လုပ်ပုံနည်းလမ်း

အထူးကိုယ်စားလှယ်ရဲ့လုပ်ပိုင်ခွင့်က (၁၉၉၈) လူ့အခွင့်အရေးတွေနဲ့ အခြေခံလွတ်လပ်ခွင့်တွေကို ကာကွယ်ဖို့နဲ့ မြှင့်တင်ဖို့ဖွဲ့စည်းထားပြီး အပြည်ပြည်ဆိုင်ရာ အတိုင်းအတာအရ အသိအမှတ်ပြုထားတဲ့ (လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအဖြစ် သိကြတဲ့) တသီးပုဂ္ဂလများ၊ အဖွဲ့အစည်းများ၊ လူ့အဖွဲ့အစည်း အစိတ်အပိုင်းများရဲ့ အခွင့်အရေးနဲ့ တာဝန်ဝတ္တရားကြေညာချက်ပေါ်မှာ အခြေခံပါတယ်။ အထူးကိုယ်စားလှယ်ရဲ့ အဓိကလုပ်ဆောင်ချက်တွေက အောက်ပါအတိုင်းဖြစ်ပါတယ်။

* လူ့အခွင့်အရေးနဲ့ အခြေခံလွတ်လပ်ခွင့်တွေကို ကာကွယ်မြှင့်တင်ဖို့အတွက် တဦးချင်းအရဖြစ်စေ၊ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီးဖြစ်စေ လုပ်ဆောင်နေသူ မည်သူမဆိုရဲ့ အခြေအနေနဲ့ ပတ်သက်တဲ့ သတင်း အချက်အလက်ကို ရှာဖွေ၊ လက်ခံရယူ၊ လေ့လာသုံးသပ် တုံ့ပြန်ဖို့

* ကြေညာစာတမ်းကိုထိထိရောက်ရောက်အကောင်အထည်ဖော်ဖြည့်စွမ်းဖို့နဲ့မြှင့်တင်ဖို့အတွက် အစိုးရတွေနဲ့ အခြားစိတ်ဝင်စားသူများနဲ့ ပူးပေါင်းဆောင်ရွက်ရေးနဲ့ တွေ့ဆုံညှိနှိုင်းရေးလမ်းကြောင်းတွေ တည်ထောင်ဖို့

* လူ့အခွင့်အရေးကာကွယ်သူများကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ထိရောက်တဲ့မဟာဗျူဟာတွေ တိုက်တွန်းအကြံပေးဖို့နဲ့ အဲဒီတိုက်တွန်းအကြံပေးချက်တွေကို နောက်ကလိုက်အကောင်အထည်ဖော် ဆောင်ရွက်ဖို့တွေ ဖြစ်ပါတယ်။

## အမှုတခုချင်းစီကိုလေ့လာဆန်းစစ်ခြင်း

အထူးကိုယ်စားလှယ်ဆီကိုတင်သွင်းတဲ့ဆက်သွယ်တိုင်ကြားချက်တွေမှာ အောက်ပါအသေးစိတ်အချက်တွေပါဝင်ရမှာ ဖြစ်ပါတယ်

* ကျူးလွန်ခံကာယကံရှင်နဲ့ပတ်သက်တဲ့ သတင်းအချက်အလက် – နာမည်၊ အသက်၊ လိင်၊ အလုပ်အကိုင်၊ နေထိုင်ရာဒေသ၊ (ရှိမယ်ဆိုရင်) ကျူးလွန်ခံ ကာယကံရှင်ပတ်သက်နေတဲ့ လူ့အခွင့်အရေးကိစ္စတွေ လုပ်ကိုင်တဲ့ အဖွဲ့အစည်း၊ အသင်း၊ အုပ်စု၊ ဒီအဖွဲ့အစည်း၊ အသင်း၊ အုပ်စုတွေကို ဦးဆောင်နေသူတွေရဲ့ နာမည်တွေ၊ တဦးချင်းလုပ်ဆောင်တဲ့ လူ့အခွင့်အရေးအလုပ်တွေရဲ့ သဘောသဘာဝတွေ

* လူ့အခွင့်အရေးချိုးဖောက်မှုက အဖွဲ့အစည်းတခုကို ဦးတည်တာဆိုရင် – အဖွဲ့အစည်းရဲ့နာမည်၊ ဒီအဖွဲ့အစည်းကလုပ်ကိုင်တဲ့ လူ့အခွင့်အရေးအလုပ်တွေရဲ့ သဘောသဘာဝ၊ ဒီအလုပ်ရဲ့ သက်ရောက်တဲ့ အတိုင်းအတာ (ဒေသတွင်း၊ တိုင်းပြည်တွင်း၊ အပြည်ပြည်ဆိုင်ရာစသဖြင့်)၊ အခြားလူ့အခွင့်အရေးအဖွဲ့တွေနဲ့ ပါဝင်

ပတ်သက်မှု၊ (ရှိမယ်ဆိုရင်) အဖွဲ့အစည်းကို ဦးဆောင်နေသူရဲ့နာမည်

* ချိုးဖောက်မှုနဲ့ပတ်သက်တဲ့သတင်းအချက်အလက် – နေ့စွဲ၊ နေရာ၊ ဖြစ်ပွားတဲ့ပြဿနာအတွက် ရှင်းလင်းဖော်ပြချက်၊ ခံစားရတဲ့၊ ခြိမ်းခြောက်ခံရတဲ့ ချိုးဖောက်မှုရဲ့သဘောသဘာဝ။ သတင်းအချက်အလက်က တိုင်တန်းတဲ့ ချိုးဖောက်မှုနဲ့ ဆောင်ရွက်ခဲ့တဲ့လူ့အခွင့်အရေးလုပ်ငန်းတွေကြား ဆက်စပ်ပတ်သက်မှုကို ဖော်ပြရမှာဖြစ်ပါတယ်။

* ချိုးဖောက်မှုမှာ လူ့အခွင့်အရေးကာကွယ်သူတွေကို တဦးချင်းအရ ဒါမှမဟုတ် အဖွဲ့လိုက် ဖမ်းဆီးတာတွေ၊ ထောင်သွင်းအကျဉ်းချတာတွေပါနေရင် – ပါဝင်ပတ်သက်တဲ့ အာဏာပိုင်တွေရဲ့ အထောက်အထား အချက်အလက်တွေ၊ ဖမ်းဆီးတဲ့ နေရာနဲ့ ရက်စွဲ၊ ချိုးဖောက်တဲ့အမှုနဲ့ပတ်သက်တဲ့ ဖမ်းဆီးမှုရဲ့ နောက်ဆက်တွဲအခြေအနေတွေ၊ စွဲချက်တွေရဲ့သဘောသဘာဝ၊ (ရှိမယ်ဆိုရင်) သုံးထားတဲ့တရားဝင်ပြဋ္ဌာန်းဥပဒေတွေ၊ တဦးချင်းနဲ့ အဖွဲ့လိုက်ရင်ဆိုင်နေရတဲ့ ဖြစ်နိုင်ခြေရှိတဲ့ ပြစ်ဒဏ်တွေ၊ ထိန်းသိမ်းထားတဲ့နေရာ၊ (သိမယ်ဆိုရင်) ထိန်းသိမ်းထားတဲ့ အချိန်ကာလ၊ မိသားစုဝင်တွေ ဒါမှမဟုတ် ဥပဒေကြောင်းအရ အကူအညီ (ရှေ့နေ) နဲ့ တွေ့ဆုံနိုင်မှု၊ အုပ်ချုပ်ရေးအရနဲ့ တရားစီရင်ရေးအရ ဖြေရှင်းကုသမှု ရှာဖွေရရှိနိုင်ဖို့ဆောင်ရွက်ခဲ့တဲ့ အဆင့်တွေ၊ ရရှိထားတဲ့ ဖြေရှင်းကုသမှုရဲ့သဘောသဘာဝ၊ လုပ်ဆောင်ထားတဲ့ တရားဝင်ဖွဲ့စည်း ဆောင်ရွက်ချက်တွေနဲ့ ဒီလုပ်ဆောင်ချက်တွေရဲ့ ရလဒ်တွေကို ထည့်သွင်းဖော်ပြပေးရမှာဖြစ်ပါတယ်။

* လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှု ဒါမှမဟုတ် ဆက်စပ်ပတ်သက်တဲ့ အလုပ်တွေလုပ်ဆောင်လို့ ဒါမှမဟုတ် ဒီလုပ်ဆောင်ချက်တွေရဲ့ နောက်ဆက်တွဲတွေကြောင့် လူ့အခွင့်အရေး ကာကွယ်သူကို တရားရုံးတွေမှာ စွဲချက်တင်ထားတယ်ဆိုရင် – တရားစီရင်မှုရဲ့ နေ့စွဲနဲ့တည်နေရာ၊ အမှုကိုကြားနာတဲ့ တရားရုံးအမည်နဲ့ လိပ်စာ၊ သင့်တော်သက်ဆိုင်တဲ့ အယူခံတင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ၊ တဦးချင်း ဒါမှမဟုတ် အုပ်စုလိုက်ရင်ဆိုင်နေရတဲ့ ပြစ်ဒဏ်တွေ

* ကျူးလွန်သူများ – (သိနိုင်မယ်ဆိုရင်) နာမည်၊ လုံခြုံရေးတပ်ဖွဲ့ အဖွဲ့ဝင်လား၊ ရာထူးအဆင့်၊ လုပ်ဆောင်ချက်တွေ၊ သူတို့ပါဝင်တဲ့အဖွဲ့ခွဲ နဲ့ တာဝန်၊ အရပ်ဖက် ကာကွယ်ရေးအဖွဲ့က အဖွဲ့ဝင်ဆိုရင်၊ ပြည်သူ့စစ်လား၊ အခြားအဖွဲ့တွေကလား၊ လက်နက်ကိုင်အဖွဲ့ တခုခုကလားဆိုတာနဲ့ ဒီအဖွဲ့တွေနဲ့ အစိုးရဘယ်လိုဆက်စပ်ပတ်သက်တယ်ဆိုတဲ့ အသေးစိတ်အချက်အလက်တွေ

*တိုင်ကြားချက်ကိုတင်သွင်းပြီးပြီလားဆိုတာနဲ့ပတ်သက်တဲ့သင့်တော်လျောက်ပတ်တဲ့သတင်းအချက်အလက်တွေအပါအဝင် တိုင်းပြည်တွင်းအဆင့်အရ ဖြေရှင်းကုသမှုရှာဖွေဖို့ ရည်ရွယ်တဲ့ ကျူးလွန်ခံ ကာယကံရှင်၊ ဒါမှမဟုတ် အဖွဲ့အစည်းတွေကိုယ်စား ဆောင်ရွက်ထားတဲ့ အဆင့်တွေ

* သက်ဆိုင်တဲ့ အာဏာပိုင်တွေ ဆောင်ရွက်ထားတဲ့ အဆင့်တွေ – စုံစမ်းစစ်ဆေးမှုကို စတင်ဆောင်ရွက်ထားလား၊ လုပ်ထားတယ်ဆိုရင်ဘယ်အာဏာပိုင်ကလုပ်တာလဲ၊ တိုင်ကြားချက်တင်ပြတိုင်တန်းချိန်မှာလုပ်ထားပြီးသား စုံစမ်းစစ်ဆေးမှုတွေရဲ့ တိုးတက်မှုအခြေအနေ၊ စုံစမ်းစစ်ဆေးမှုကို စွဲချက်တွေမှာနဲ့ အခြားအရေးယူမှုတွေမှာ အသုံးပြုထားလား၊ အသုံးပြုထားတယ်ဆိုရင် အခြိမ်းခြောက်ခံနေရတဲ့သူကို ကာကွယ်ပေးဖို့ ဆောင်ရွက်ချက်ရလဒ်တွေက ဘာလို့ကျေနပ်စရာ ရလဒ်မဖြစ်တာလဲဆိုတဲ့အချက်တွေ ပါဝင်ပါတယ်။

* ချိုးဖောက်မှုက ဖြစ်ပွားတဲ့ပြဿနာတခုနဲ့ တိုက်ရိုက်ဆက်စပ်မနေပေမယ့် မူဝါဒတွေ၊ အခြေအနေတွေ၊

လက်တွေ့ကျင့်သုံးမှုတွေ ဒါမှမဟုတ် ဥပဒေတွေက လူ့အခွင့်အရေး မြှင့်တင်မှု၊ ကာကွယ်စောင့်ရှောက်မှု (သို့) သဘောပေါက်နားလည်မှုတွေကို ထိခိုက်စေတယ်ဆိုရင် ဒီလိုအခြေအနေတွေ၊ မူဝါဒတွေ၊ လက်တွေ့ကျင့်သုံးမှုတွေ ဒါမှမဟုတ် ဥပဒေတွေ၊ ခွဲခြားနိမ့်ချဆက်ဆံရခြင်းနဲ့ ရလဒ်အဖြစ်ခံစားရတဲ့ ဆိုးကျိုးရဲ့ သဘောသဘာဝတွေ၊ မူဝါဒတွေ လက်တွေ့ကျင့်သုံးမှုတွေပေါ် အခြေခံပြီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတွေကို ဟန့်တားဖို့၊ အခက်အခဲဖြစ်စေဖို့ အသုံးပြုတဲ့နည်းလမ်းတွေ၊ ဒီအခြေအနေကို အဖြေရှာကုစားဖို့ အတွက်လုပ်ထားတဲ့ ဖြစ်နိုင်ခြေရှိတဲ့ အရေးယူ ဆောင်ရွက်ချက်တွေ၊ ဒီအခြေအနေတွေ၊ မူဝါဒတွေ၊ လက်တွေ့ကျင့်သုံးမှုတွေကို ပြောင်းလဲပစ်ဖို့ တဦးချင်းအရ ဒါမှမဟုတ် အုပ်စုလိုက်အရ ဆောင်ရွက်ထားတာတွေ၊ ဒါမှမဟုတ် ကြေညာချက်နဲ့ ဝိရောဓိဖြစ်နေတဲ့ ဥပဒေတွေကို ပြောင်းလဲပစ်ဖို့ အစရှိတာတွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ထည့်သွင်းဖော်ပြရမှာ ဖြစ်ပါတယ်။

## အရေးပေါ် အယူခံဆိုင်ရာ လုပ်ထုံးလုပ်နည်း

ကာကွယ်ဟန့်တားနိုင်လောက်တဲ့ ထူးခြားတဲ့အမှုတွေအတွက် အထူးကိုယ်စားလှယ်က အရေးပေါ် အယူခံဆိုင်ရာ လုပ်ထုံးလုပ်နည်းပုံစံတခုကို တည်ထောင်ထားပါတယ်။ အထူးကိုယ်စားလှယ်လက်ခံရရှိတဲ့ ယုံကြည်နိုင်လောက်တဲ့ သတင်းအချက်အလက် (လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်တဲ့ အဖွဲ့အစည်းနဲ့ ပတ်သက်တဲ့အခြေအနေ ဒါမှမဟုတ် အမှုကိုဖော်ပြထားတဲ့ အဲဒီသတင်း အချက်အလက်) အပေါ် မူတည်ပြီး အရေးပေါ်အယူခံချက်တခုကို စတင်လုပ်ဆောင်ပါတယ်။ အတည်ပြုချက်ရထားတဲ့ သတင်းအချက်အလက်ကို တိုင်ကြားချက်ပါ ကျူးလွန်ခံကာယကံရှင်တွေနဲ့ သူတို့ရဲ့ ဆွေမျိုးသားချင်းတွေဆီကမဟုတ်ပဲ သတင်းရင်းမြစ်တွေဆီကနေ ရှာဖွေရယူပြီး အရေးပေါ်အယူခံကို အစိုးရဆီကိုပို့ပါတယ်။

## အမှုများကိုကိုင်တွယ်ဖြေရှင်းခြင်းနဲ့ အစိုးရတုံ့ပြန်ချက်များ

အရေးပေါ်နဲ့ သာမန်ဆက်သွယ်အကြောင်းကြားချက် နှစ်မျိုးစလုံးရရှိတဲ့ အစိုးရတွေကို အပြည့်စုံဆုံး သတင်းအချက်အလက်တွေ အထူးကိုယ်စားလှယ်ဆီကို တင်ပြထောက်ပံ့ပေးဖို့၊ သင့်တော်တဲ့ စုံစမ်းစစ်ဆေးမှုတွေ ဆောင်ရွက်ပြီးတဲ့အခါ ပြန်လည်အကြောင်းပြန်ဖို့ အထူးကိုယ်စားလှယ်က တိုက်တွန်းထားပါတယ်။ အကြောင်းပြန်ချက်က အားရကျေနပ်စရာမရှိဘူးဆိုရင် အထူးကိုယ်စားလှယ်က အစိုးရရဲ့တုံ့ပြန်ချက်တွေကို (ကာယကံရှင်တွေနဲ့ သတင်းရင်းမြစ်တွေဆီ) လွှဲပြောင်းပေးပို့ပြီး ကျူးလွန်ခံကာယကံရှင်ဆီကရော အခြားသတင်းရင်းမြစ်တွေဆီကပါ သတင်းအချက်အလက်ရှာဖွေရယူပြီး ကျေနပ်ဖွယ်ရာတုံ့ပြန် အကြောင်းကြားချက်ရတဲ့အထိ အမှုကို ဆက်လက်လုပ်ဆောင်ပါတယ်။

## အထွေထွေ

ကော်မရှင်ကိုတင်တဲ့ ၂၀၀၂ ခုနှစ်အတွက် အစီရင်ခံစာမှာ လူ့အခွင့်အရေး ကာကွယ်သူတွေကို ထိခိုက်စေတဲ့၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်မှုကို အဟန့်အတားဖြစ်စေတဲ့ လက်တွေ့ဆောင်ရွက်ချက်တွေ၊ မူဝါဒတွေနဲ့ ဥပဒေတွေကို ပြန်လည်သုံးသပ်ဖို့ အစိုးရတွေကိုအားပေးတဲ့နည်းလမ်းတွေကို အထူးကိုယ်စားလှယ်က အမျိုးအစားခွဲ ရှင်းလင်းဖော်ပြထားပါတယ်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတွေရဲ့ အခွင့်အရေးတွေကို အကြမ်းဖက်ချိုးဖောက်မှုတွေက ဖြစ်ထွန်းဆဲဒီမိုကရေစီနိုင်ငံတွေ၊ ဒီမိုကရေစီဆိုင်ရာအဖွဲ့အစည်းတွေ၊ ထုံးတမ်းစဉ်လာတွေ၊ လက်တွေ့ကျင့်သုံးမှုတွေ သက်တမ်းရှည်ကြာ ထူထောင်ထားပြီးသား နိုင်ငံတွေအပါအဝင် ကမ္ဘာအနှံ့အပြားက နိုင်ငံတွေမှာ ဖြစ်ပွားတယ်ဆိုတာ မှတ်ချက်ပြုထားပါတယ်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတွေကို တိုက်ခိုက်တဲ့

စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုတွေရဲ့ သက်ရောက်မှုတွေနဲ့အတူ အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးနဲ့ အမျိုးသား လုံခြုံရေးဥပဒေတွေ ပြဌာန်းအကောင်အထည်ဖော်တာတွေရဲ့ ရလဒ်အဖြစ် အခြားအဖွဲ့အစည်းတွေနဲ့အတူ လူ့အခွင့် အရေးကာကွယ် စောင့်ရှောက်သူတွေ ပစ်မှတ်အထားခံရတာတွေကို အထူးကိုယ်စားလှယ်က အထူးအာရုံစိုက် ဆွေးနွေးပါတယ်။ ဒ့ါအပြင် အမျိုးသမီးလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတွေရဲ့ အခက်အခဲတွေ အထူးသဖြင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုမှာ အမျိုးသမီးများအဖြစ်ပါဝင်နေမှုရဲ့ ထူးခြားချက်တွေကို အထူးကိုယ်စား လှယ်က အလေးထား တင်ပြထားပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အထူးလုပ်ငန်း ယန္တရားနှစ်ခု ဆောင်ရွက်တဲ့အဖွဲ့ အစည်းနှစ်ခုကို ဦးစားပေးအဖြစ်သတ်မှတ်ချင်ကြောင်း အထူးကိုယ်စားလှယ်က ဖော်ပြပါတယ်၊ ပထမတခုက အမျိုးသမီး လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနဲ့ ဒုတိယတခုက ဒေသခံ လူမျိုးစုတွေရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သူတွေ ဖြစ်ပါတယ်။ အစီရင်ခံစာထဲမှာ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတွေကို အကူအညီပေးထောက်ပံ့ဖို့ အထူးကိုယ်စားလှယ်အတွက် အပိုဆောင်း သတင်းအချက်အလက်ရင်းမြစ်အဖြစ် ဆောင်ရွက်နိုင်ဖို့အတွက် ဒေသဆိုင်ရာ၊ တိုင်းပြည်ဆိုင်ရာနဲ့ အပြည်ပြည်ဆိုင်ရာ အနေအထားတွေအရ ပုံစံတွေ တည်ထောင်ဖို့ တိုက်တွန်းအကြံပေးချက်တွေလဲ ပါဝင်ပါတယ်။

## ဒေသခံလူမျိုးစုတွေရဲ့ အခြေခံလွတ်လပ်ခွင့်တွေနဲ့ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်
## SPECIAL RAPPORTEUR ON THE SITUATION OF HUMAN RIGHTS AND FUNDAMENTAL FREEDOMS OF INDIGENOUS PEOPLE

*ကော်မရှင်ဆုံးဖြတ်ချက် ၂၀၀၁၊ ၅၇ အရဆုံးဖြတ်ချမှတ်သည်*

ကုလသမဂ္ဂက ဒေသခံလူမျိုးစုတွေနဲ့ ပတ်သက်တဲ့ကိစ္စတွေမှာ ၁၉၇၀မှာ (အဲဒီအချိန်က) လူနည်းစုတွေကို ကာကွယ်ရေးနဲ့ လူနည်းစုတွေအပေါ် ခွဲခြားဆက်ဆံခြင်းကို တားဆီးဖို့ကော်မတီခွဲကိုဖွဲ့စည်းပြီး အဲဒီကော်မတီခွဲက လူနည်းစုတွေကို ခွဲခြားဆက်ဆံခြင်းကို လေ့လာအဖြေရှာရေးကို ဆက်လုပ်ဖို့အတွက် အထူးကိုယ်စားလှယ်ခန့်အပ်ဖို့ တိုက်တွန်းထောက်ခံတဲ့ အချိန်ကစပြီး ပါဝင်ပတ်သက် ဆောင်ရွက်ခဲ့ပါတယ်။ ဒေသခံလူမျိုးစုတွေအတွက် အလုပ်အဖွဲ့ (WGIP) ကို ဒေသခံလူမျိုးစုတွေရဲ့ လူ့အခွင့်အရေးကိုကာကွယ်စောင့်ရှောက်ဖို့၊ မြှင့်တင်ပေးဖို့လုပ်တဲ့ တိုးတက်မှုတွေကို ပြန်လည်ဆန်းစစ်ဖို့ရည်ရွယ်ပြီး ကော်မတီခွဲရဲ့ အထောက်အကူပြုအဖွဲ့ခွဲအဖြစ် ၁၉၈၂ မှာ စတင်ဖွဲ့စည်း ထူထောင်ခဲ့ပါတယ်။ (WGIP) က "ကုလသမဂ္ဂ ဒေသခံလူမျိုးစုများရဲ့ အခွင့်အရေးများဆိုင်ရာ ကြေညာချက်မူကြမ်း" ကိုပြင်ဆင်ထားပြီး အဲဒါကို ကော်မရှင်ရဲ့ လက်အောက်ခံအလုပ်အဖွဲ့တခုအဖြစ် သတ်မှတ်ပါတယ်။ လတ်တလောမှာတော့ အပြည်ပြည်ဆိုင်ရာအလုပ်သမားညီလာခံ အမှတ် ၁၆၉ ကသာ ဒေသခံလူမျိုးစုဆိုင်ရာအခွင့်အရေးတွေကို ဆောင်ရွက်နေတဲ့ တခုတည်းသော တရားဝင် လုပ်ငန်းဆောင်ရွက်ချက် ဖြစ်နေပါတယ်။

## လုပ်ပိုင်ခွင့်နှင့် အလုပ်လုပ်ပုံနည်းစနစ်

အထူးကိုယ်စားလှယ်ရဲ့ လုပ်ပိုင်ခွင့်တွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်

* ဒေသခံလူမျိုးစုတွေရဲ့ အခြေခံလွတ်လပ်ခွင့်တွေ၊ လူ့အခွင့်အရေးတွေ ချိုးဖောက်ခံရတာနဲ့ပတ်သက်ပြီး အစိုးရတွေ၊ ဒေသခံလူမျိုးစုတွေကိုယ်တိုင်၊ သူတို့ရဲ့အသိုင်းအဝိုင်းတွေ အဖွဲ့အစည်းတွေအပါအဝင် သင့်တော်လျောက်ပတ်တဲ့ သတင်းရင်းမြစ်အားလုံးဆီကနေ သတင်းအချက်အလက်၊ ဆက်သွယ်တိုင်ကြားချက်တွေ စုဆောင်းဖို့၊ တောင်းခံဖို့၊ လက်ခံရယူဖို့နဲ့ အလဲအလှယ်ပြုဖို့

* ဒေသခံလူမျိုးစုတွေရဲ့ အခြေခံအခွင့်အရေးတွေနဲ့ လူ့အခွင့်အရေးတွေချိုးဖောက်ခံရတာကို အဖြေရှာ ကုသဖို့နဲ့ ကာကွယ်ပေးဖို့အတွက် သင့်တော်လျောက်ပတ်တဲ့ အရေးယူဆောင်ရွက်မှုတွေ၊ လုပ်ဆောင် ချက်တွေအတွက် တိုက်တွန်းအကြံပြုချက်တွေနဲ့ တင်ပြတောင်းခံချက်တွေဖော်ပြဖို့

## အမှုတခုချင်းစီကို လေ့လာဆန်းစစ်ခြင်း

အထူးကိုယ်စားလှယ်က အမှုတွေကိုင်တွယ်ဖို့အတွက် နည်းလမ်းတခုကို ဖော်ဆောင်နေပါတယ်၊ ဒါပေမယ့် အခြားလုပ်ငန်းစနစ်တွေက ထူထောင်ထားပြီးသား လုပ်ထုံးလုပ်နည်းတွေကိုလဲ လိုက်နာလုပ်ဆောင်မယ်လို့ ဖော်ပြထားပါတယ်။ ဆက်သွယ်တိုင်တန်းချက်တွေက နိဒါန်း (စာမျက်နှာ ၆) မှာဖော်ပြထားတဲ့ အနိမ့်ဆုံးလိုအပ်ချက်တွေနဲ့ ပြည့်မီရမယ်လို့ ဖော်ပြထားပါတယ်။

## အထွေထွေ

ကော်မရှင်ကို အထူးကိုယ်စားလှယ်က တင်သွင်းတဲ့ ပထမဦးဆုံး အစီရင်ခံစာကို အပိုင်းလေးပိုင်း ခွဲခြားထားပါတယ်။

* ဒေသခံလူမျိုးစုတွေရဲ့ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး ကုလသမဂ္ဂစနစ်အောက်မှာ လုပ်ဆောင်တဲ့ လုပ်ငန်းတွေအပေါ် အကျဉ်းချုပ် သုံးသပ်ချက်

* လက်ရှိဖြစ်ပွားနေတဲ့ ဒေသခံလူမျိုးစုတွေရဲ့ ပြဿနာတွေနဲ့ အဓိကကိစ္စတွေ

* ဒေသခံလူမျိုးစုတွေရဲ့ အခြေအနေပတ်သက်တဲ့ ဆက်သွယ်တိုင်ကြားချက်တွေရဲ့ အကျဉ်းချုပ်သုံးသပ်ချက်

* အထူးကိုယ်စားလှယ်ဆက်လုပ်မဲ့ ရှေ့လုပ်ငန်းစဉ်မူကြမ်းတို့ ဖြစ်ပါတယ်

